မြတ်ဗုဒ္ဓ၏အဆုံးအမတရား

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်းပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်း ရှိသောသူသည် သွားလေရာရာအရပ်ရပ်၌ အပူဇော်ခံရ၏။

ဓမ္မပဒ



# မြဝတီ

နေ့စဉ်

သတင်းထူး သတင်းဦး နေ့စဉ်ဖြန့်ချိမြဝတီ


ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၆၃)

၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်
၂၀၂၅ ခုနှစ်၊ ဇွန် ၂၀ ရက်၊ သောကြာနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို**
**တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ**
**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၄၀/ ၂၀၂၅)**

၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၉ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၉ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ** ဟုခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၄ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၄။ ကော်မရှင်သည် ပုဒ်မ ၁၀ ပုဒ်မခွဲ(ဂ)အရ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကို ဖွဲ့စည်းရာတွင် အများယုံကြည်လေးစားခြင်းခံရသူပုဂ္ဂိုလ်များဖြင့်ဖြစ်စေ၊ နိုင်ငံ့ဝန်ထမ်းများဖြင့်ဖြစ်စေ အနည်းဆုံး ၃ ဦးဖြင့် ဖွဲ့စည်းရမည်။ ယင်းပုဂ္ဂိုလ်များအနက် သင့်လျော်သူတစ်ဦးကို ဥက္ကဋ္ဌအဖြစ်တာဝန်ပေးအပ်ရမည်။ သက်ဆိုင်ရာ ရွေးကောက်ပွဲအရာရှိကို အတွင်းရေးမှူးအဖြစ် တာဝန်ပေးအပ်ရမည်။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ)မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**



## ဆင်ပေါင်ဝဲမြို့နယ် စည်ပင်လှကျေးရွာ၌ ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေ ရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီး

စာ - ၉ သို့

# စလင်းမြို့နယ်အတွင်း မိုးစပါး ၄၇၇၁၅ ဧက လျာထားစိုက်ပျိုးမည်

စလင်း ဇွန် ၁၉

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ်အတွင်း မိုးစပါးစိုက်ပျိုးရာသီတွင် မိုးစပါး ၄၇၇၁၅ ဧက လျာထားစိုက်ပျိုးမည်ဖြစ်ပြီး ဒေသခံတောင်သူများ စပါးထုတ်လုပ်မှုတိုးတက်စေရေး တောင်သူလယ်သမားများ အရည်အသွေးကောင်းမွန်သော မျိုးစပါးများကို စိုက်ပျိုးလုပ်ဆောင်ခြင်းဖြင့် လူနေမှုအဆင့်အတန်း မြင့်မားလာစေရန် စိုက်ပျိုးရေးဦးစီးဌာနနှင့် သက်ဆိုင်ရာဌာနများပူးပေါင်း၍ စီမံဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စာမျက်နှာ ၉ ကော်လံ ၁ ◆



## ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းရပ်များအပေါ် ရာသီဥတုဖောက်ပြန်ပြောင်းလဲခြင်း၏သက်ရောက်မှုများနှင့် ရာသီဥတုနှင့်လိုက်လျော ညီထွေရှိသော ရေသတ္တဝါမွေးမြူနည်းစနစ်များ

စာ - ၇ သို့

## ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုရမည့် Grade-12 ကျောင်းသား၊ ကျောင်းသူများ ဓာတုဗေဒဘာသာရပ်နှင့် ပထဝီဝင်ဘာသာရပ်တို့ကို ဆက်လက်ဖြေဆို

စာ - ၁၁ သို့




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဇွန် ၂၀ ရက်)

# ဂေဟစနစ်ဝန်ဆောင်မှုများနှင့်ညီညွတ်မျှတရေး

သစ်ပင်သစ်တောများသည် ကမ္ဘာမြေပေါ်တွင်ရှိသည့်သက်ရှိများ ရှင်သန်ရပ်တည်ရေးအတွက် အလွန်အရေးပါလှသည်။ သစ်ပင်သစ်တောများသည် လူသားများအပါအဝင် သက်ရှိများအသက်ရှင်သန်ရေးအတွက် အဓိကလိုအပ်သည့် အောက်ဆီဂျင်ကို ထုတ်လွှတ်ပေးသည်။ ထို့ပြင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များကို လေထုအတွင်းမှစုပ်ယူဖယ်ရှားပေးသည်။ သစ်ပင်သစ်တောများသည် ရာသီဥတုမျှတရေး၊ သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေး၊ ရေနှင့်မြေဆီလွှာထိန်းသိမ်းရေး စသည့်ဂေဟစနစ်ဝန်ဆောင်မှုများနှင့် ညီညွတ်မျှတရေးကို စဉ်ဆက်မပြတ်ပံ့ပိုးပေးလျက်ရှိသည်။

နိုင်ငံတော်အနေဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားများကို ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် နှစ်စဉ် ဦးစီးဦးဆောင်လုပ်ပြီး ကျင်းပဆောင်ရွက်နေသကဲ့သို့ တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌လည်း ဒေသအလိုက်၊ ဌာနအလိုက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်များပြုလုပ်လျက်ရှိသည်။ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်သာယာလှပရေး၊ သစ်တောသယံဇာတများရေရှည်တည်တံ့စေရေး၊ ဂေဟစနစ်ကောင်းမွန်မျှတစေရေး၊ တောတောင်ရေမြေကိုထိန်းသိမ်းပြီး သဘာဝဘေးအန္တရာယ်များမှ တားဆီးကာကွယ်နိုင်ရေး၊ ရာသီဥတုမျှတကောင်းမွန်စေရေးနှင့် သစ်ပင်စိုက်ပျိုးထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူများ နိုးကြားတက်ကြွစွာ ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်များကို နိုင်ငံတစ်ဝန်း နှစ်စဉ်ကျင်းပကြခြင်းဖြစ်သည်။ ပထမအကြိမ်မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် သစ်မျိုး ၁၆ မျိုး၊ သစ်ပင်ပေါင်း ၃၀၀၀ ကို စိုက်ပျိုးခဲ့ကြသည်။

သစ်ပင်သစ်တောများသည် ကျေးလက်နေပြည်သူများအတွက် သစ်၊ ထင်း၊ ဝါး၊ ကြိမ်၊ အစားအစာ၊ ဆေးဝါးစသည့် သစ်တောထွက်ပစ္စည်းအမျိုးမျိုးနှင့် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိသည်။ သစ်ပင်သစ်တောများကို စိုက်ပျိုးထိန်းသိမ်းခြင်းဖြင့် ရေ၊ မြေ၊ ရာသီဥတု ကောင်းမွန်မျှတသာယာပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုနှင့် ဝန်ဆောင်မှုကဏ္ဍအသီးသီးအတွက် ကုန်ကြမ်းပစ္စည်းများ၊ သွင်းအားစုများနှင့် ပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှုများကိုလည်း ပံ့ပိုးပေးလျက်ရှိသည်။

နိုင်ငံတော်အနေဖြင့် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့လာသည့်အခါ ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စနစ်တကျ ထိထိရောက်ရောက်ဆောင်ရွက်ပေးခဲ့သကဲ့သို့ သဘာဝဘေးအန္တရာယ်များတားဆီးကာကွယ်ရေးနှင့် နိုင်ငံတစ်ဝန်းစိမ်းလန်းစိုပြည်သာယာဝပြောရေးတို့ကို အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။ သစ်တောသယံဇာတများကာကွယ်ထိန်းသိမ်းခြင်း၊ စီမံအုပ်ချုပ်ခြင်း၊ ပြန်လည်တည်ထောင်ခြင်းနှင့် တိုးချဲ့စိုက်ပျိုးခြင်းလုပ်ငန်းများကို နိုင်ငံတော်၏ဦးစားပေးအစီအစဉ်တစ်ရပ်အနေဖြင့် ရေရှည်စီမံချက်များ ဖော်ထုတ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် လမ်းဘေး ဝဲ/ယာ စိမ်းလန်းစိုပြည်ရေးစိုက်ခင်းများတည်ထောင်ခြင်း၊ မြစ်ချောင်းများဘေးဝဲ/ယာတစ်လျှောက် သစ်ပင်များစိုက်ပျိုးထိန်းသိမ်းခြင်း၊ လမ်းမကြီးအသီးသီးနှင့် ရထားလမ်းဘေး ဝဲ/ယာ သစ်ပင်စိုက်ပျိုးခြင်း၊ ဒီရေတောများထိန်းသိမ်းစိုက်ပျိုးခြင်း၊ အပူပိုင်းဒေသ ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေးအတွက် တစ်ရွာ ၂ ဧက စိုက်ခင်း၊ ဘက်စုံသုံးစိုက်ခင်း၊ ကျေးရွာထင်းစိုက်ခင်းများတည်ထောင်ခြင်း၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်များစိုက်ပျိုးခြင်း၊ ရာဂီမုန်တိုင်းကြောင့် ရေကြီးရေလျှံဖြစ်ခဲ့သည့်နေရာဒေသများတွင် သစ်ပင်များစိုက်ပျိုးခြင်းများကို အကောင်အထည်ဖော်လျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇွန်လ ၁၅ ရက်ကကျင်းပသည့် ၂၀၂၅ ခုနှစ်၊ ပထမအကြိမ်မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ် **"နိုင်ငံတော်အနေဖြင့် အစိမ်းရောင်စီးပွားရေးဖွံ့ဖြိုးမှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ပေးလျက်ရှိကြောင်း၊ နိုင်ငံ၏သဘာဝအရင်းအနှီးသစ်ပင်သစ်တောတွေ ပိုမိုတိုးပွားလာပြီး ပတ်ဝန်းကျင်ရေးရာကာကွယ်စောင့်ရှောက်မှုနှင့် လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာအကျိုးအမြတ်များကို ရရှိစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံအဝန်းသစ်တောဖုံးလွှမ်းမှုတိုးတက်လာပြီး စိမ်းလန်းစိုပြည်သာယာလှပစေရေး၊ ရာသီဥတုမျှတကောင်းမွန်စေရေးနှင့် သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေးအတွက် သစ်တောစိုက်ပျိုးထိန်းသိမ်းခြင်းလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရန်"**ပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် ရေ၊ မြေ၊ တောတောင်၊ သဘာဝသယံဇာတများနှင့် ဇီဝမျိုးစုံမျိုးကွဲများ ကြွယ်ဝသည့်နိုင်ငံဖြစ်သည်။ ထို့ပြင် အာဆီယံနှင့်ဒေသတွင်းနိုင်ငံများအနက် သစ်တောဖုံးလွှမ်းမှုကောင်းမွန်ပြီး သစ်တောဖုံးလွှမ်းမှုဧရိယာ ဒုတိယအများဆုံးပိုင်ဆိုင်ထားသည်။ ၂၀၂၅ ခုနှစ် ပဏာမအစီရင်ခံစာအရ ၄၂ ဒသမ ၁၅ ရာခိုင်နှုန်းရှိသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံ့တာဝန်ယူပြီးနောက်ပိုင်း သစ်ပင်စိုက်ပျိုးမှု၊ သစ်တောများပြုပြင်ထိန်းသိမ်းမှုကို အလေးထားကြပ်မတ်ဆောင်ရွက်ခဲ့သည့်အတွက် နှစ်ကာလအလိုက် သစ်တောပြုန်းတီးမှု သိသိသာသာလျော့နည်းကျဆင်းခဲ့သည်။ ထို့ကြောင့် နိုင်ငံတော်၊ တပ်မတော်နှင့် ပြည်သူများအနေဖြင့် ရာသီဥတုမျှတပြီး သစ်တောဂေဟစနစ်ဆိုင်ရာဝန်ဆောင်မှုများ ပိုမိုရရှိစေရေးအတွက် နိုင်ငံ့ဧရိယာ၏ ၅၀ ရာခိုင်နှုန်းအထိ သစ်တောများဖုံးလွှမ်းအောင်ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးအတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးမိုး ကို အစမ်းခန့်ကာလ(၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

( ခ ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

( ဂ ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့်အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့်လျော်သူများ။

( ခ ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

( ဂ ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်)အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။
မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန်ခွင့်ပြုနိုင်သည်။

( င ) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။

( စ ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်းလုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည်အစားခန့်အရပ်သားဝန်ထမ်းများ။

( ဇ ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## ၁၉-၆-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၉၀၀,၀၀၀)ကျပ်ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# တိုင်းရင်းသားရေးရာ အသိပညာပေးဟောပြောခြင်းနှင့် ရပ်ရွာအခြေပြု အသက်မွေးဝမ်းကျောင်းပညာ လိုအပ်ချက်များအား ဆန်းစစ်စီမံခြင်းအခမ်းအနားကျင်းပ

ဝါးခယ်မ ဇွန် ၁၉

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အောင်ဇေယျ အစည်းအဝေးခန်းမ၌ တိုင်းရင်းသားရေးရာ အသိပညာ ပေးဟောပြောခြင်းနှင့် ရပ်ရွာအခြေပြု အသက်မွေး ဝမ်းကျောင်းပညာလိုအပ်ချက်များအား ဆန်းစစ်စီမံ ခြင်းအခမ်းအနားကို ဇွန်လ ၁၉ ရက်တွင် ကျင်းပသည်။



ရှေးဦးစွာ အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသ ကြီး အစိုးရအဖွဲ့ဝင် တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းခယ်က တိုင်းရင်းသားစာပေ၊ ယဉ်ကျေးမှု၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆိုင်ရာများ ဖွံ့ဖြိုး တိုးတက်ရေးအတွက် စည်းစည်းလုံးလုံး တိုင်တိုင် ပင်ပင် ညီညီညွတ်ညွတ်ဖြင့် အားလုံးကြိုးပမ်းဆောင် ရွက်ကြရမည်ဖြစ်ကြောင်း အဖွင့်အမှာစကားပြော ကြားပြီး မြောင်းမြခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး ဦးရဲထွန်းအောင်က ခရိုင်အတွင်း ဆောင်ရွက်နေမှု လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး တိုင်းရင်းသားအခွင့် အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန်းက တိုင်းရင်းသားရေးရာဥပဒေ၊ နည်းဥပဒေများ၊ တိုင်းရင်းသားစာပေသင်ကြားပေးမှု ဆိုင်ရာများ၊ တိုင်းရင်းသားရေးရာဝန်ကြီးဌာန၏ ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများနှင့် ပြည်သူ များ၏လိုအပ်ချက်များကို ထိရောက်စွာဖြည့်ဆည်း ဆောင်ရွက်နိုင်ရေးအတွက် ယခုကဲ့သို့ စစ်တမ်းများ ကောက်ယူခြင်းဖြစ်ကြောင်း အသိပညာပေးပြော ကြားသည်။

ယင်းနောက် မြောင်းမြခရိုင် လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မေဝင်းကျော်က လူမှုဝန်ဆောင်မှု ဆိုင်ရာကိစ္စရပ်များနှင့် တိုင်းရင်းသားရေးရာဝန်ကြီး ဌာန၏ ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများကို လည်းကောင်း၊ ဝါးခယ်မမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးက စိုက်ပျိုးရေးဆိုင်ရာများကိုလည်းကောင်း၊ ဝါးခယ်မမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူးက မွေးမြူရေးဆိုင်ရာများကိုလည်းကောင်း အသီးသီးရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ မောင်းဒီး၊ ကျုံစိန်၊ ကကလ၊ ကံကွင်း၊ ကြက်ခတ်ကုန်း၊ အူကျွန်း၊ ကျွန်းကုန်း စသည့်ကျေးရွာ ၂၂ ရွာမှ ကရင်တိုင်းရင်းသားများ၊ ပြည်သူများ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသင်းအဖွဲ့များထံမှ ရပ်ရွာအခြေပြု အသက်မွေးဝမ်း ကျောင်းပညာ လိုအပ်ချက်စစ်တမ်းများ ကောက်ယူ ခဲ့ကြောင်း သိရသည်။

**လွမ်းသီဟ(ပြန်/ဆက်)**

# ငွေတောင်ကမ်းခြေသို့ မေလအတွင်း ခရီးသွားဧည့်သည် ၁၇၅၆၆ ဦး လာရောက်လည်ပတ်ခဲ့



ငပုတော ဇွန် ၁၉

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ရှိ ငွေတောင်ကမ်းခြေသို့ ပြီးခဲ့သည့် မေလ ၁ ရက်မှ ၃၁ ရက်အထိ တစ်လ အတွင်း ခရီးသွားဧည့်သည် ၁၇၅၆၆ ဦး လာရောက်လည်ပတ်ခဲ့ကြောင်း ငပုတောမြို့နယ် ခရီးသွားလုပ်ငန်းအသင်းတာဝန်ခံ ဒေါ်နီနီမာ၏ ပြောဆိုချက်အရ သိရသည်။

"ငွေတောင်ကမ်းခြေက မြတ်မော်တင်စွန်းစေတီအနီးမှာ တည်ရှိတာ ပါ။ စေတီကိုလာရောက်ဖူးမြော်ကြရင်း တစ်ဆက်တည်း လာရောက် အပန်းဖြေတဲ့ ဧည့်သည်တွေများလာတာပါ။ စနေနဲ့တနင်္ဂနွေပိတ်ရက် တွေမှာ ခရီးသွားအများအပြားဝင်ရောက်မှုရှိပါတယ်။ ပွင့်လင်းရာသီ ရောက်ရင် ခရီးသွားတွေ ပိုမိုလာရောက်ဖို့ မျှော်မှန်းထားပါတယ်။ မေလတစ်လအတွင်း ရန်ကုန်တိုင်းဒေသကြီးအပါအဝင် နယ်စုံက ပြည်တွင်းခရီးသွားတွေ လာရောက်လည်ပတ်မှုများခဲ့ပါတယ်။ လက်ရှိ မှာလည်း လာရောက်လည်ပတ်တဲ့ခရီးသွားဧည့်သည်တွေရှိနေပါတယ်" ဟု ဒေါ်နီနီမာကပြောသည်။

ငွေတောင်ကမ်းခြေသို့ မေလအတွင်း လာရောက်လည်ပတ် အပန်းဖြေသည့်ခရီးသွားဧည့်သည်များသည် ရန်ကုန်တိုင်းဒေသကြီးမှ အများဆုံးဖြစ်ကြောင်း၊ အဆိုပါကမ်းခြေသို့ လာရောက်လည်ပတ် အပန်းဖြေသည့် ခရီးသွားဧည့်သည်များ ခရီးစဉ်အဆင်ပြေစေရန်၊ သန့်ရှင်းမှုရရှိစေရန်နှင့် စနစ်တကျအနားယူနိုင်ရန်အတွက် လုံခြုံရေး၊ စည်းကမ်းထိန်းသိမ်းရေး စသည့်လုပ်ငန်းများကို ခရီးသွားလုပ်ငန်း လုပ်ကိုင်သူများ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံများ ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သုတကျော်**

# ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် သဖန်းဆိပ် လျှပ်စစ်မြစ်ရေတင်စီမံကိန်းမှ သီးနှံဧက ၂၄၀၀ ကို စိုက်ပျိုးရေပေးဝေရန်လျာထား

မကွေး ဇွန် ၁၉

ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် မကွေးတိုင်းဒေသကြီး မကွေးခရိုင်ရှိ သဖန်းဆိပ် လျှပ်စစ်မြစ်ရေတင်စီမံကိန်းမှ သီးနှံ ဧက ၂၄၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်ရန် လျာထားဆောင်ရွက် လျက်ရှိကြောင်း မကွေးခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

မကွေးခရိုင် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီး ဌာနအနေဖြင့် သဖန်းဆိပ် လျှပ်စစ်မြစ်ရေတင်စီမံကိန်းဖြင့် နှစ်စဉ် ဒေသအတွင်းရှိတောင်သူများ စိုက်ပျိုးရေအဆင်ပြေစွာ ရရှိနိုင်စေရန် ဆောင်ရွက်ပေးလျက်ရှိသည်။


"သဖန်းဆိပ် လျှပ်စစ်မြစ်ရေတင်စီမံကိန်းကနေ ပြီးခဲ့တဲ့နှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ သီးနှံဧက ၁၈၆၆ ဧကကို စိုက်ပျိုးရေ ပေးဝေနိုင်ခဲ့ပြီး ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာတော့ သီးနှံဧက ၂၄၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်အောင် လျာထားဆောင်ရွက် နေပါတယ်။ အဓိကအားဖြင့် မိုးစပါး ၅၆၂ ဧက၊ နှမ်း ၁၁၅၆ ဧက နဲ့ မြေပဲ ၆၈၂ ဧကကို စိုက်ပျိုးရေပေးဝေဖို့ စီစဉ်ထားပါတယ်" ဟု မကွေးခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီး ဌာန ဦးစီးအရာရှိ ဦးသန်းဇော်ဦးကပြောသည်။

ထိုသို့ သဖန်းဆိပ် လျှပ်စစ်မြစ်ရေတင်စီမံကိန်းမှ စိုက်ပျိုးရေ ပေးဝေခြင်းအပြင် ကျွဲ၊ နွားသောက်သုံးရေနှင့် ဒေသခံပြည်သူများ အတွက် သုံးရေများကိုလည်း ဖြန့်ဝေပေးနိုင်ပြီး ဒေသအတွင်း လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန် သက်ဆိုင်ရာ ဌာနများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

သဖန်းဆိပ် လျှပ်စစ်မြစ်ရေတင်စီမံကိန်းကို ၂၀၀၁ ခုနှစ် မတ် လက စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၀၃-၂၀၀၄ ဘဏ္ဍာနှစ် မိုးရာသီ မှစ၍ စိုက်ပျိုးရေပေးဝေနိုင်ခဲ့ကာ ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်တွင် စီမံကိန်းလုပ်ငန်းအားလုံး ဆောင်ရွက်ပြီးစီးပြီးနောက် စိုက်ပျိုး ရေများကို ဆက်လက်ပေးဝေခဲ့ကြောင်း၊ ထိုစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအားဖြင့် ဒေသအတွင်း စိုက်ပျိုးသီးနှံများ အထွက်နှုန်းပိုမိုတိုးတက်စေခြင်း၊ ဒေသခံ တောင်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေ ခြင်းနှင့် ဒေသစိမ်းလန်းစိုပြည်ရေးအတွက် အထောက်အကူ ဖြစ်စေခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်ကြောင်း သိရ သည်။

**ဆောင်းဦး**

မြဝတီ ကာတွန်း



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**"လေယာဉ်ပျံများ ပြန်သွားကြသည်နှင့်တစ်ပြိုင်နက် (၁၀ စင်းလောက်ရှိမည်ထင်သည်။) ကျွန်ုပ်သည် ထုံးစံအတိုင်း ကသာမြို့ထဲသို့ တစ်ယောက်တည်း လှည့်လည်ကြည့်ရှုရာ ရုံး၊ ဆေးရုံ၊ ဈေး၊ ထောင်ကြီး စသော အဆောက်အအုံကြီးများအနီး၌ လူတော်တော်များများ အတုံးအရုံးလဲသေကြခြင်းများကို တွေ့ရ၏။ အဆောက်အအုံကြီးများအနီး သေကြခြင်းကိုမြင်ရ၍ လူကိုချိန်ရွယ်ခြင်းမဟုတ်၊ အဆောက်အအုံကို ချိန်ခြင်းဖြစ်သည်ဟု ကျွန်ုပ်တွေးမိသည်. . ."**

**ယမန်နေ့မှအဆက်**

### ကြေကွဲဖွယ်သော အခြင်းအရာ

ကသာမြို့သူမြို့သားများသည် သင်္ဘောပေါ်မှ ပစ္စည်းများကို ရကြ၍ ပျော်ရွှင်လျက်ရှိကြစဉ် (တချို့မှာ သင်္ဘောမှ ပန်ကာကိုပင် ခဲယဉ်းစွာ ဖြုတ်ယူကြသည်) သင်္ဘောပေါ်မှဆင်းလာကြသည့် ဂေါ်ရင်ဂျီခရီးသည်များ၏သနားဖွယ်အဖြစ်အပျက်ကိုလည်း ကျွန်ုပ်တွေ့မြင်ရ၏။ ၁၀၀ ခန့်မျှရှိသော ဂေါ်ရင်ဂျီကုလားများသည် (ကူလီများဖြစ်ကြဟန်တူသည်။) ပစ္စည်းများကို ထမ်းသူကထမ်း၊ ရွက်သူကရွက်၊ ကလေးငယ်များကို ချီသူကချီ၊ ပွေ့သူကပွေ့၊ လက်ဆွဲသူကဆွဲလျက် ကမ်းပေါ်သို့တက်လာကြပြီးလျှင် အနောက်စူးစူးသို့ စီတန်းကာ သွားကြလေ၏။ ၎င်းတို့သည် ကသာမြို့မှ တမူးခမ်းပသို့ရောက်အောင်သွား၍ ယင်းမှ အိန္ဒိယပြည်သို့ဝင်ကြမည်ဆို၏။

ကျွန်ုပ်စုံစမ်းသိရှိရသည်မှာ မြန်မာပြည်သို့ ဂျပန်ဝင်လာသောအခါ ဂေါ်ရင်ဂျီကုလားများသည် ကူလီအဖြစ်နှင့် အသုံးဝင်ကြသည်ဖြစ်သောကြောင့် ထိုကဲ့သို့ အသုံးမချနိုင်စေရန် အင်္ဂလိပ်အရာရှိများက ၎င်းတို့အား ခြောက်လှန့်၍လွှတ်ပြီး ကသာထိအောင် သင်္ဘောများနှင့် လိုက်ပို့ခြင်းဖြစ်သည်ဆို၏။ ခြောက်လှန့်ပုံကား ဂျပန်ဝင်လာလျှင် ၎င်းတို့ကို အားလုံးသတ်ပစ်လိမ့်မည်ဟု ပြောသည်ဆို၏။ ထို့ကြောင့် လုပ်မှကိုင်မှ စားကြရရှာသော ဂေါ်ရင်ဂျီကူလီများသည် ဘာပစ္စည်းမျှယူပြေးစရာမရှိဘဲ အသက်ဘေးအတွက် ပြေးလာရှာကြသည်နှင့် ဤရှည်လျားခက်ခဲသော တမူးခရီးကို ရိက္ခာမပါဘဲ သွားဖို့ကြံစည်ရှာကြခြင်းဖြစ်လေသည်။ ဤနေရာ၌ အထူးကြေကွဲဖွယ်ကောင်းသော အခြင်းအရာတစ်ခုကို တင်ပြလို၏။ ခရီးသည်များအနက်တွင် အသက် ၅၀ ကျော်ခန့်ရှိ၍ ကျန်းမာပုံမရသော ကုလားမကြီးတစ်ယောက်သည် တိုလီမိုလီပစ္စည်းများထည့်ထားသည့် သွပ်ပုံးတစ်ပုံးကို ဘယ်လက်၊ ညာလက်ပြောင်းကာဆွဲလျက် နှစ်ဖက်စလုံးညောင်းသောအခါတွင် မြေပေါ်၌ချ၍နား၏။ ဘယ်ရောညာပါ တစ်လှည့်စီပြောင်းဆွဲခါမှ ပေ ၂၀၀ ခန့်လောက်သာရောက်နိုင်သဖြင့် ချ၍နားရပြန်၏။

လက်နှစ်ဖက်ညောင်းအောင်ဆွဲခါမှ ပေ ၂၀၀ မျှသာ ရောက်နိုင်၍ တစ်ထောက်ချပြီး နားရသော ဤမိန်းမကြီးသည် တမူးခရီးကို မည်သည့်နည်းနှင့် ရောက်အောင်သွားနိုင်ရှာပါလိမ့်မည်နည်း။ နောက်ပိုင်း၌ ကျွန်ုပ်ကြားသိရသောသတင်းအရမှာ ၎င်းတို့သည် အိန္ဒိယသို့ မရောက်ဘဲ လမ်းခရီးတွင် အစာပြတ်၊ ရေငတ်၊ ရောဂါကပ်ပြီး ရာခိုင်နှုန်း ၉၀ မက သေကုန်ရှာကြသည်ဟု ဆိုလေသည်။ ဆိုးယုတ်လှသော နယ်ချဲ့သမားများပေတကား။ ဂျပန်က ဂေါ်ရင်ဂျီကို သတ်ပစ်လိမ့်မည်မဟုတ်ကြောင်း သိလျက်နှင့် ခြောက်လှန့်ကာ သေလမ်းသို့ပို့ရက်သည့် နယ်ချဲ့သမားတို့၏ လောဘဇောပေတကား။ ကျွန်ုပ်သည် ဂေါ်ရင်ဂျီခရီးသည်များဘက်သို့ နောက်ဆုံးမျှော်ကြည့်လိုက်သောအခါ ကုန်းမြင့်ဘက်သို့ တရွေ့ရွေ့တက်နေကြသော ဂေါ်ရင်ဂျီတန်းကြီးကို မြင်ရ၍ ၎င်းတို့အနက် ပေ ၂၀၀ လောက် ရွေ့တိုင်းရွေ့တိုင်း သွပ်ပုံးကို တစ်ခါတစ်ခါချ၍ နားရှာရသော ဂေါ်ရင်ဂျီမကြီးအား အထူးကရုဏာဖြစ်ကာ ရင်လေးမိပါတော့သည်။

### ပထမနှင့် နောက်ဆုံး ကျင်းအောင်းခြင်း

ကျွန်ုပ်တို့ ဇရစ်ချောင်၌ရှိစဉ် ဂျပန်လေယာဉ်ပျံများသည် ကသာမြို့ကို နှစ်ကြိမ်တိုင် ဗုံးကြဲချ၏။ ကိုသိန်းဖေသည် သူ၏ ခြံကြီးအတွင်း တညင်းပင်ကြီးအောက်တွင် ကာကွယ်ရေးကျင်းတူးထားရာ လေယာဉ်ပျံများ လာသံကြားကတည်းက လူ ၂၀ ကျော်ခန့်ရှိသော အိမ်သားများသည် ကျင်းထဲသို့ဆင်း၍ ပုန်းကြ၏။ ကျွန်ုပ်၏တွက်ကိန်းကား ဗုံးကြဲသည်ဆိုလျှင် ကသာမြို့ကိုသာ ကြဲမည်။ ဇရစ်ချောင်ကဲ့သို့သော ရွာလေးကို ကြဲလိမ့်မည်မဟုတ်ဟုယူဆ၏။ ထို့ကြောင့် ကျွန်ုပ်သည် လူအများနှင့်အတူ ကျင်းထဲသို့ မဆင်းဘဲ ကျင်းဝ၌ထိုင်ကာ လေယာဉ်ပျံများကိုမော့ကြည့်ပြီး ၎င်းတို့၏အသွားအလာကို ကျင်းထဲမှလူများအား သတင်းပေး၏။ ဤတွင် တချို့သောမိန်းမများက လေယာဉ်ပျံကို ကျွန်ုပ်ကမြင်နိုင်လျှင် လေယာဉ်ပျံကလည်း ကျွန်ုပ်ကိုမြင်ပြီး ဗုံးချပါလိမ့်မည်ဟု အော်ဟစ်ကြ၏။ ကျွန်ုပ်က သစ်ပင်အောက်၌ရှိသော လူတစ်ယောက်ကို လေယာဉ်ပျံပေါ်မှ မမြင်နိုင်ပါ။ အကယ်၍ မြင်စေဦးတော့ လူတစ်ယောက်တလေအား ဗုံးချသတ်မည်မဟုတ်ပါဟု ပြောပြသော်လည်း မရဘဲ ကျွန်ုပ်အား ကျင်းထဲသို့ဆင်းခဲ့ရန် ဝိုင်း၍အော်ကြ၏။ နောက်ဆုံး၌ ကျွန်ုပ်သည် သူတို့အလိုသို့လိုက်၍ ကျင်းထဲသို့ ဆင်းလိုက်ရလေရာ စစ်ကြီးတစ်ခေတ်လုံးတွင် ဤတစ်ကြိမ်သည် ပထမဆုံးအကြိမ်နှင့် နောက်ဆုံးအကြိမ် ကျင်းအောင်းခဲ့ရဖူးခြင်းဖြစ်ပါသည်။

### အ, သူ သေသည် ဆိုခြင်း

လေယာဉ်ပျံများ ပြန်သွားကြသည်နှင့်တစ်ပြိုင်နက် (၁၀ စင်းလောက်ရှိမည်ထင်သည်။) ကျွန်ုပ်သည် ထုံးစံအတိုင်း ကသာမြို့ထဲသို့ တစ်ယောက်တည်း လှည့်လည်ကြည့်ရှုရာ ရုံး၊ ဆေးရုံ၊ ဈေး၊ ထောင်ကြီး စသောအဆောက်အအုံကြီးများအနီး၌ လူတော်တော်များများ အတုံးအရုံးလဲသေကြခြင်းများကို တွေ့ရ၏။ အဆောက်အအုံကြီးများအနီး သေကြခြင်းကို မြင်ရ၍ လူကိုချိန်ရွယ်ခြင်းမဟုတ်၊ အဆောက်အအုံကို ချိန်ခြင်းဖြစ်သည်ဟု ကျွန်ုပ်တွေးမိသည်။ အဆောက်အအုံထဲ၌ လူရှိရမည်မဟုတ်လောဟု ပြောနိုင်သော်လည်း အဓိကရည်ရွယ်ချက်မှာ အဆောက်အအုံဖြစ်ရမည်ဟု စဉ်းစားမိသည်။ ထူးဆန်းခြင်းတစ်ခုမှာ ကသာမြို့သည် ကုလားပေါများလှသောမြို့တစ်မြို့ မဟုတ်သော်လည်း အလောင်းများမှာ ရာခိုင်နှုန်းတစ်ဝက်ကျော်မျှ ကုလားများဖြစ်သည်ကိုတွေ့ရ၏။ ဤတွင် ကိုသိန်းဖေပြောသည့်အတိုင်း 'အ,တဲ့လူတွေ သေတာပါဗျ' ဟူသောစကားသည် ဟုတ်တန်ရာသည်ဟု ထင်မိ၏။ ကုလားဆိုသည်မှာလည်း ကူလီအလုပ်ကြမ်းသမားများသာဖြစ်ကြလေသည်။ ကျွန်ုပ်အဖို့မှာ ထောင်ချီ၍သေရသည့် အလောင်းများကို ရန်ကုန်၌ မြင်ခဲ့ရဖူးပြီဖြစ်၍ ရာလောက်မျှရှိသော ကသာမြို့မှ အလောင်းများအတွက် စိတ်ထိခိုက်အောင် မရှိလှချေ။

### ကြည့်ကောင်း၍ ကြည့်ခြင်း

ရက်အနည်းငယ်ကြာပြန်လတ်သော် ဂျပန်လေယာဉ်ပျံများသည် ဒုတိယအကြိမ် ရောက်လာပြန်၏။ အိမ်သားများလည်း ဗုံးကျင်းထဲသို့ ဆင်း၍ ပုန်းကြပြန်လေပြီ။ ကျွန်ုပ်က ဇရစ်ချောင်ရွာလောက်ကို ဗုံးချမည်မဟုတ်ကြောင်း ပြောသော်လည်း မည်သူမျှ လက်မခံချေ။ တခြားလူများထက် ကိုသိန်းဖေကို ကျွန်ုပ် ပို၍အံ့ဩမိ၏။ ကိုသိန်းဖေနှင့် ကျွန်ုပ် ပေါင်းသင်းဆက်ဆံဖူးခဲ့သမျှတွင် လူနှင့်လူချင်းဖြစ်စေ၊ တိရစ္ဆာန်အရိုင်းသို့မဟုတ် အယဉ်နှင့်ဖြစ်စေ ရင်ဆိုင်ကြရာတွင် ကိုသိန်းဖေသည် ကျွန်ုပ်ထက် ဘယ်အခါမှ သတ္တိမလျော့၊ ပိုသောအကြိမ်များပင် ကြုံခဲ့ရဖူး၏။ (သူ၏သတ္တိအကြောင်းကို တစ်နေရာတွင် ဖော်ပြပါဦးမည်။) လေယာဉ်ပျံနှင့်ပတ်သက်၍မူကား ကျွန်ုပ်ထက် ထိတ်ထိတ်ပျာပျာဖြစ်ခြင်းကို တွေ့ရ၏။ ဤသို့ဖြစ်ရခြင်းမှာ သူ့ထက် ကျွန်ုပ်က ဤကိစ္စမျိုး၌ အတွေ့အကြုံများသောကြောင့် ဖြစ်တန်ရာသည်။

လေယာဉ်ပျံများလာ၍ ကသာမြို့ပေါ်သို့ ဗုံးများကြဲချသဖြင့် ကိုသိန်းဖေသည် တခြားလူများနှင့်အတူ ကျင်းထဲသို့ ဆင်းပြေးကြစဉ် ကျွန်ုပ်သည် ဗုံးကျင်းဆီသို့ လိုက်သွားပါက အတင်းအဓမ္မ အဆင်းခိုင်းကြသည်နှင့် ဘာမျှမကြည့်ရ၊ မမြင်ရမည်ကိုစိုးသောကြောင့် သူတို့ဆီသို့ မသွားဘဲ ငှက်ပျောတောထဲသို့ တစ်ယောက်တည်း ဝင်သွား၏။ ငှက်ပျောပင်များ ခပ်ကျဲကျဲရှိသောနေရာသို့ ရောက်သောအခါ ကသာဘက်သို့ ဦးခေါင်းလှည့်လျက် မြေကြီးပေါ်၌ အလျားမှောက်ကာ ကောင်းကင်သို့ မော်ကြည့်လိုက်၏။ ဤတွင် ရှစ်စင်းခန့်ရှိသည်ထင်ရသည့် လေယာဉ်ပျံများသည် ကသာမြို့ပေါ်သို့ အန့်အပြားပျံဝဲကာ ဗုံးများကြဲချခြင်းကို တွေ့ရ၏။

လေယာဉ်ပျံတစ်စင်း တစ်စင်းမှ ဗုံးတစ်လုံးစီဖြုတ်ချခြင်းကိုပင် မြင်ရ၏။ (ဗုံးကျင်းထဲမှလူများ မမြင်ရဖူးချေ။ စစ်ပြီးခါမှ ရုပ်ရှင်ထဲတွင် မြင်ဖူးကြသည်။) လေယာဉ်ပျံများသည် အုပ်စုလိုက် လှည့်ပတ်ပျံကာ ဗုံးကြဲလျက်ရှိရာမှ လေယာဉ်ပျံတစ်စင်းသည် အုပ်စုနှင့်ခွဲပြီး မြောက်ဘက် (ဇရစ်ချောင်ဘက်)သို့ ဦးတိုက်ပျံလာ၏။ ပျံရုံသာမကသေး၊ ဗုံးများ ကြဲချလာခြင်းကိုလည်း တစ်လုံးစီ ကျွန်ုပ်မြင်ရ၏။ ဗုံးတစ်လုံးဖြုတ်ချလိုက်ခြင်း၊ ရှိုခနဲမြည်ကာ ကျလာခြင်း၊ မြေသို့ရောက်၍ ဝုန်းခနဲပေါက်ကွဲခြင်းစသည်တို့ကို တစ်လုံးစီ တစ်လုံးစီ မြင်ရကြားရ၏။ ဗုံးကွဲသံများသည် ဝုန်းခနဲ ဝုန်းခနဲ မြည်လျက်ရှိစဉ် လေယာဉ်ပျံများသည်လည်း ကျွန်ုပ်ဘက်သို့ ဖြောင့်ဖြောင့်ကြီးပျံလာ၍ ဦးခေါင်းပေါ်သို့ တည့်တည့်ကြီး မရောက်တရောက်တွင် မြေကြီးပေါ်မှ ဗုံးတစ်လုံးပေါက်ကွဲသံကြားရလေရာ နောက်တစ်လုံးဖြုတ်ချလျှင် ငါ့ခေါင်းပေါ်ပဲကွဆိုကာ မြေကြီးနှင့်မျက်နှာကပ်လိုက်မိပါသေးသည်။ သို့ရာတွင် လေယာဉ်ပျံသည် နောက်ထပ်၍ မချတော့ဘဲ လှည့်ပြန်သွားလေတော့၏။ နောက်ဆုံးဖြုတ်ချသည့် ဗုံးသည် ကသာမြို့အစွန်၌ရှိသော ဗိုလ်အိမ်ကြီးတစ်လုံးပေါ်သို့ ကျလေရာ နောက်ထပ်မချခြင်းကိုထောက်သော် ဇရစ်ချောင်ရွာထဲသို့ ဗုံးမချဟူသော ကျွန်ုပ်၏တွက်ကိန်းမှာ မှန်သည်ဟုဆိုရပေမည်။ နောင်တွင်လည်း တစ်ခါမျှ မချချေ။

**ဆက်လက်ဖော်ပြပါမည်။**

---

# ချောက်မြို့နယ် အခြေခံပညာမူလတန်းလွန်ကျောင်း(ရွာဟောင်း)၌ လူငယ်ရေးရာအသိပညာပေးဟောပြော

ချောက် ဇွန် ၁၉

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ချောက်မြို့နယ်၌ အခြေခံပညာဦးစီးဌာနနှင့် ဌာနဆိုင်ရာများပူးပေါင်း၍ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ဇွန်လ ၁၈ ရက်က အခြေခံပညာမူလတန်းလွန်ကျောင်း(ရွာဟောင်း)၌ ကျင်းပသည်။

ရေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သိမ့်ဝါက လူငယ်နှင့်မူးယစ်အန္တရာယ် ခေါင်းစဉ်ဖြင့် မူးယစ်ဆေးဝါးအမျိုးမျိုး၊ မူးယစ်ဆေးဝါးအန္တရာယ် စိတ်ပိုင်းဆိုင်ရာ ဆိုးကျိုးများ၊ မူးယစ်ဆေးဝါးသုံးစွဲရခြင်း အကြောင်းရင်းများနှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ရုပ်ပိုင်းဆိုင်ရာ ဆိုးကျိုးများကိုလည်းကောင်း၊ မြို့နယ်စားသုံးသူရေးရာ ဦးစီးဌာန တာဝန်ခံ ဒေါ်မြတ်မြတ်မိုးက စားသုံးရန်မသင့်သော အစားအစာများနှင့် ကုန်အညွှန်းအမှတ်အသားပြည့်စုံစွာ ဖော်ပြပါရှိသည့်အစားအသောက်များကိုသာ ရွေးချယ်ဝယ်ယူစားသောက်ရေး အကြောင်းကိုလည်းကောင်း၊ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစောမြဖောင်းက သဘာဝဘေးအန္တရာယ်ဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း အသီးသီးဟောပြောကြသည်။

ထို့နောက် တာဝန်ရှိသူများက ကလေးအလုပ်သမားပပျောက်ရေး လက်ကမ်းစာစောင်များနှင့် စားသုံးသူအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ကျော်မိုး(ပြန်/ဆက်)



# ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာ ကြီးကြပ်ကွပ်ကဲရေးဗဟိုကော်မတီအစည်းအဝေး အမှတ်စဉ်(၁/၂၀၂၅) ကျင်းပ

နေပြည်တော် ဇွန် ၁၉

ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာ ကြီးကြပ်ကွပ်ကဲရေးဗဟိုကော်မတီအစည်းအဝေးအမှတ်စဉ်(၁/၂၀၂၅)ကို ယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။

အစည်းအဝေးသို့ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုကြီးကြပ်ကွပ်ကဲရေးဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဗဟိုကော်မတီအဖွဲ့ဝင်များ၊ နယ်ဘက်လက်နက်ကိုင်ဆောင်မှုဆိုင်ရာ ကြီးကြပ်မှုကော်မတီမှ အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပြီး ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုကြီးကြပ်ကွပ်ကဲရေးကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။




အစည်းအဝေးတွင် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှု ကြီးကြပ်ကွပ်ကဲရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာဥပဒေကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် (၄/၂၀၂၅) ဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့ကြောင်း၊ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုကြီးကြပ်ကွပ်ကဲရေးဗဟိုကော်မတီက ပုဂ္ဂလိကလုံခြုံရေး ဝန်ဆောင်မှုဆိုင်ရာဥပဒေပုဒ်မ ၅၅ ပုဒ်မခွဲ(ခ)အရ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှု လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့် လျှောက်ထားခြင်းဆိုင်ရာညွှန်ကြားချက်ကို ၁၈-၆-၂၀၂၅ ရက်တွင် ဗဟိုကော်မတီ၏ အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၂၅)ဖြင့် အတည်ပြုထုတ်ပြန်ပြီးဖြစ်ကြောင်း။

ပုဂ္ဂလိကလုံခြုံရေး ဝန်ဆောင်မှုဆိုင်ရာ ဥပဒေတွင် အခန်း(၁)မှ (၁၃)ထိ ပါဝင်ပြီး ဥပဒေပုဒ်မ ၁ မှ ပုဒ်မ ၅၅ ထိ ပြဋ္ဌာန်းထားကြောင်း၊ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှု လုပ်ငန်းလုပ်ကိုင်လိုသည့်ကုမ္ပဏီနှင့်လုပ်ငန်းရှင်များအနေဖြင့် လိုင်စင်လျှောက်ထားခြင်း၊ ခွင့်ပြုမိန့်လျှောက်ထားခြင်း၊ လိုင်စင်ရရှိသူ၏ တာဝန်နှင့်အခွင့်အရေးများ၊ ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်း၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ တားမြစ်ချက်များ၊ ပြစ်ဒဏ်များ ပြည့်စုံစွာသိရှိလိုက်နာဆောင်ရွက်ရန် ဖော်ပြထားသည့်အပြင် ဗဟိုကော်မတီမှ ၂၀၂၅ ခုနှစ်ဇွန်လ ၁၈ ရက်တွင်အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၂၅) ဖြင့် ထုတ်ပြန်ထားသော လိုင်စင်နှင့် ခွင့်ပြုမိန့်လျှောက်ထားခြင်းဆိုင်ရာ ညွှန်ကြားချက်လျှောက်လွှာပုံစံများနှင့် လိုက်နာဆောင်ရွက်ရမည့် ညွှန်ကြားချက် ၁ မှ ၅၉ ထိ ပြည့်စုံစွာဖော်ပြထားကြောင်း။

ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်လိုသည့်ကုမ္ပဏီများသည်ပုဂ္ဂလိကလုံခြုံရေး ဝန်ဆောင်မှုလိုင်စင်ကို ညွှန်ကြားချက်နှင့်အညီ သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုကြီးကြပ်ကွပ်ကဲရေးကော်မတီသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်ဖြစ်ကြောင်း၊ ကိုယ်ပိုင်လုပ်ငန်းနှင့် လုပ်ငန်းခွဲများတွင် လုံခြုံရေးဝန်ထမ်း ၁၀ ဦး အထက်ခန့်ထားလိုသည့် လုပ်ငန်းရှင်များသည် ခွင့်ပြုမိန့်ကို သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုကြီးကြပ်ကွပ်ကဲရေးကော်မတီသို့ လျှောက်ထားရမည်ဖြစ်ကြောင်း။

ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုကြီးကြပ်ကွပ်ကဲရေးကော်မတီမှလျှောက်လွှာများကို သတ်မှတ်ချက်များနှင့် ညီညွတ်မှု ရှိ၊ မရှိ စိစစ်၍ ညီညွတ်မှုရှိသည့် လျှောက်လွှာများကို သဘောထားမှတ်ချက်နှင့်အတူ ဗဟိုကော်မတီသို့ တင်ပြရမည်ဖြစ်ပြီး ဗဟိုကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ ကြီးကြပ်ကွပ်ကဲရေးကော်မတီများက လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ကို လျှောက်ထားသူထံ ထုတ်ပေးရမည်ဖြစ်ကြောင်း။

ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှု လုပ်ငန်းများကို ဆောင်ရွက်မည့်ကုမ္ပဏီများအား နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အများပြည်သူတို့၏ အေးချမ်းသာယာရေးကို အထောက်အကူ ပြုစေရန်နှင့် လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်စေပြီး နိုင်ငံတကာအဆင့်မီ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုများဖြစ်လာစေရန်အတွက် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုကြီးကြပ်ကွပ်ကဲရေးအဖွဲ့များက ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကြပ်မတ်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပုဂ္ဂလိကလုံခြုံရေးဆိုင်ရာ ကြီးကြပ်ကွပ်ကဲရေးဗဟိုကော်မတီအဖွဲ့ဝင်များ၊ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုကြီးကြပ်ကွပ်ကဲရေး ကော်မတီအဖွဲ့ဝင်များက ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် တင်ပြဆွေးနွေးခဲ့ကြပြီး ဗဟိုကော်မတီဥက္ကဋ္ဌက ဖြည့်စွက်ရှင်းလင်းမှာကြား၍ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

မြဝတီ

# စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စတုတ္ထနေ့ ဓာတုဗေဒဘာသာရပ်နှင့် ပထဝီဝင်ဘာသာရပ်ဖြေဆိုနေမှုကိုပြည်ထောင်စုဝန်ကြီးဒေါက်တာညွန့်ဖေလှည့်လည်ကြည့်ရှုအားပေး



နေပြည်တော် ဇွန် ၁၉

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ စစ်ကိုင်းတိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး၊ အခြေခံပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ်၊ စာစစ်ဦးစီးဌာနညွှန်ကြားရေးမှူးချုပ်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီးရှိ စစ်ကိုင်းပညာရေးတက္ကသိုလ် စာစစ်ဌာနသို့သွားရောက်၍ တက္ကသိုလ်ဝင်စာမေးပွဲ စတုတ္ထနေ့ဓာတုဗေဒဘာသာရပ်နှင့်ပထဝီဝင်ဘာသာရပ်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စစ်ကိုင်းပညာရေးတက္ကသိုလ်၊ စစ်ကိုင်းပညာရေးဒီဂရီကောလိပ်နှင့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းများသို့ သွားရောက်၍ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနေမှုများ၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ခဲ့သည့် ကျောင်းဆောင်၊ စာသင်ဆောင်များကိုအဆင့်အလိုက် ဆက်လက်ဆောင်ရွက်ထားမှု အခြေအနေများ၊ ကျောင်းဆောင်သစ် တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အမှတ်(၁၂)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနသို့သွားရောက်၍ ကျောင်းသား၊ ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲ အေးချမ်းစွာဖြေဆိုနေမှုများကို ကြည့်ရှုအားပေးကာ ကျောင်းအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ချမ်းအေးသာစံမြို့နယ် UNITY ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းသို့သွားရောက်ကြည့်ရှုစစ်ဆေး၍ ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းတည်ထောင်သူများ၊ ကျောင်းအုပ်များနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ ပညာရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးစားဆောင်ရွက်ကြရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံခြားဘာသာတက္ကသိုလ်နှင့် မန္တလာတက္ကသိုလ်သို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား မိမိတို့တက္ကသိုလ်၏ ဥပစာရပ်ကောင်းမွန်အောင် ဆောင်ရွက်ရန်၊ စီမံဆိုင်ရာ၊ သင်ကြားသင်ယူမှုဆိုင်ရာ အရည်အသွေးများတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ရန်တို့ကို မှာကြားကာ လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယနေ့ကျင်းပသည့် စာမေးပွဲတွင် စစ်ကိုင်းဒေသကြီးရှိ ၉ ခရိုင်၊ ၁၃ မြို့နယ်တွင် စာစစ်ဌာနစုစုပေါင်း ၂၅ ခု၌ စာမေးပွဲဖြေဆိုရန် စုစုပေါင်း ၈၂၀၅ ဦး စာရင်းပေးသွင်းကြပြီး ဓာတုဗေဒနှင့် ပထဝီဝင်ဘာသာရပ်ကို ၈၀၄၀ ဦးဝင်ရောက်ဖြေဆိုကြရာ ရာခိုင်နှုန်းအားဖြင့် ၉၇ ဒသမ ၉၉ ရာခိုင်နှုန်းရှိပြီး မန္တလေးတိုင်းဒေသကြီးရှိ ၁၀ ခရိုင်၊ ၂၅ မြို့နယ်တွင် စာစစ်ဌာနစုစုပေါင်း ၁၀၁ ခု၌ စာမေးပွဲဖြေဆိုရန် စုစုပေါင်း ၃၄၂၄၁ ဦး စာရင်းပေးသွင်းကြပြီး ဓာတုဗေဒနှင့်ပထဝီဝင်ဘာသာရပ်ကို ၃၃၇၆၁ ဦး ဝင်ရောက်ဖြေဆိုကြရာ ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၆၀ ရာခိုင်နှုန်းရှိသည်။

တက္ကသိုလ်ဝင်တန်းစာမေးပွဲ စတုတ္ထနေ့ ဓာတုဗေဒနှင့် ပထဝီဝင်ဘာသာရပ်ကို နေပြည်တော်ကောင်စီနယ်မြေ၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးရှိ စာစစ်ဌာန စုစုပေါင်း ၁၉၅ ခုတို့၌ စာမေးပွဲဖြေဆိုရန် စုစုပေါင်း ၆၃၆၇၃ ဦး စာရင်းပေးသွင်းကြပြီး ၆၂၇၈၉ ဦး ဝင်ရောက်ဖြေဆိုကြရာ ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၆၁ ရာခိုင်နှုန်းဖြစ်ကြောင်း သတင်းရရှိသည်။

မြဝတီ

## အမှိုက်အမျိုးအစားအလိုက် စနစ်တကျခွဲခြားစွန့်ပစ်ခြင်းဆိုင်ရာ အသိပညာပေးသရုပ်ပြ

**ရေနံချောင်း ဇွန် ၁၉**

မကွေးတိုင်းဒေသကြီး ရေနံချောင်းတက္ကသိုလ်၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးအတွက် အမှိုက်အမျိုးအစားအလိုက် စနစ်တကျခွဲခြားစွန့်ပစ်ခြင်းဆိုင်ရာ သရုပ်ပြပွဲကို ဇွန်လ ၁၈ ရက်က ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စည်ပင်သာယာရေးကော်မတီဝန်ထမ်းများက အသိပညာပေးဟောပြောကာ အမှိုက်ခြောက်များကို အဝါရောင်အမှိုက်ပုံးတွင်လည်းကောင်း၊ အမှိုက်စိုများကို အစိမ်းရောင်အမှိုက်ပုံးတွင်လည်းကောင်း၊ ဘေးအန္တရာယ်ရှိအမှိုက်များကို အနီရောင်အမှိုက်ပုံးတွင်လည်းကောင်း၊ ပလတ်စတစ်အမှိုက်များကို အပြာရောင်အမှိုက်ပုံးတွင်လည်းကောင်း စနစ်တကျခွဲခြားစွန့်ပစ်ခြင်းကို သရုပ်ပြပြီး ကျောင်းသား၊ ကျောင်းသူများက လက်တွေ့လိုက်ပါဆောင်ရွက်နေမှုကို မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ကြည့်ရှုအားပေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှိုက်အမျိုးအစားလိုက် စနစ်တကျခွဲခြားစွန့်ပစ်ခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး ပါမောက္ခချုပ် ဒေါက်တာအေးအေးသန့်က ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်စိုးက သဲကန္တာရတိုက်ဖျက်ရေးဆောင်ရွက်မှုများနှင့် ပတ်သက်၍လည်းကောင်း၊ ရေနံချောင်းတက္ကသိုလ် အင်္ဂလိပ်စာဌာန တွဲဖက်ပါမောက္ခ(ဌာနမှူး)ဒေါ်အေးသန္တာဝင်းက ကျောင်းသား၊ ကျောင်းသူများ၏ ပလတ်စတစ်အမှိုက်အန္တရာယ်ဆိုင်ရာအသိပညာနှင့် အပြုအမူများအားလေ့လာခြင်းနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းပြောကြားပြီး ပထဝီဝင်ဌာန ပါမောက္ခ(ဌာနမှူး)ဒေါက်တာချိုချိုလွင်က အသုံးချဘာသာရပ်ဖြစ်သော ပတ်ဝန်းကျင်ဆိုင်ရာလေ့လာမှုဘာသာရပ်နှင့် ဘူမိဗေဒဌာန ပါမောက္ခ(ဌာနမှူး)ဒေါက်တာညွှန့်ဝင်းက ရေနံဘူမိဗေဒဘာသာရပ် အသစ်တို့ကို မိတ်ဆက်ရှင်းလင်းကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## တောင်ဥက္ကလာပမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ပုံပြောပြိုင်ပွဲ ကျင်းပ



**ရန်ကုန် ဇွန် ၁၉**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းခရိုင် တောင်ဥက္ကလာပမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ပုံပြောပြိုင်ပွဲကို ဇွန်လ ၁၈ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဆွေနှင်းက ဟောပြောပွဲနှင့် ပြိုင်ပွဲများကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားပြီး ပြိုင်ပွဲဒိုင်ချုပ် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်အေးအေးသန့်က ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ပုံပြောပြိုင်ပွဲကိုကျင်းပရာ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အခြေခံပညာအလယ်တန်းအဆင့်၊ အခြေခံပညာမူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများက ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ပုံပြောပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုများရရှိခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်တို့က ဆုများအသီးသီးချီးမြှင့်ပေးအပ်သည်။

ထို့နောက် ပြိုင်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များနှင့် အသိပညာပေးနံရံကပ်စာစောင်များကို ကြည့်ရှုလေ့လာကြောင်း သိရသည်။

ခင်ဆွေနှင်း(ပြန်/ဆက်)

## မင်းဘူးမြို့နယ် ဇီးဖြူကုန်းကျေးရွာ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဆင်း

**မင်းဘူး ဇွန် ၁၉**


သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေအမျိုးသမီးများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်နှင့် တစ်ဖက်တစ်လမ်းမှ မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်ဖွင့်လှစ်ခဲ့သည့် အခြေခံစက်ချုပ်သင်တန်းဆင်းပွဲကို မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ဇီးဖြူကုန်းကျေးရွာ၌ ဇွန်လ ၁၈ ရက်က ကျင်းပသည်။

ရှေးဦးစွာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်ဝင်းက သင်တန်းဆင်းအမှာစကားပြောကြားရာတွင် သင်တန်းတက်ရောက်ခဲ့ကြသော သင်တန်းသူများအနေဖြင့် သင်တန်းမှ သင်ကြားပို့ချပေးသည့် အခြေခံစက်ချုပ်သင်ခန်းစာဘာသာရပ်များကို လက်တွေ့နယ်ပယ်တွင်အသုံးချ၍ မိသားစုဝင်ငွေတိုးရေးလုပ်ငန်းများ ဆောင်ရွက်ကြစေလိုကြောင်းနှင့် အဆင့်မြင့်စက်ချုပ်ပညာရပ်များကိုပါ ဆက်လက်လေ့လာသင်ကြားစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက သင်တန်းတွင် ထူးချွန်ဆုရရှိသည့် သင်တန်းသူများကို သင်တန်းထူးချွန်ဆုနှင့် သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ပေးအပ်ကြသည်။

အဆိုပါ အခြေခံစက်ချုပ်သင်တန်းသို့ ဇီးဖြူကုန်းကျေးရွာအုပ်စုအတွင်းအနီးဝန်းကျင်ကျေးရွာများမှ သင်တန်းသူ ၂၀ ဦးတက်ရောက်ပြီး သင်တန်းတွင် အခြေခံစက်ချုပ်၊ လက်ချုပ်ဘာသာရပ်များ၊ အမျိုးသားဝတ်တီရှပ်လက်တို၊ လက်ရှည်၊ အမျိုးသမီးဝတ်ရင်ဖုံးအင်္ကျီ၊ ရင်စေ့အင်္ကျီနှင့် ဘောင်းဘီတို့၊ ဘောင်းဘီရှည် စသည့်သင်ခန်းစာဘာသာရပ်များကို ကျွမ်းကျင်သင်တန်းနည်းပြများက မေလ ၆ ရက်မှ ဇွန်လ ၁၈ ရက်အထိ သင်ကြားပေးခဲ့ကြောင်း သိရသည်။

ငြိမ်းသူ




## တောင်သာမြို့နယ် ကန်အေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ သတ္တမအကြိမ်ထုတ်ချေး

**တောင်သာ ဇွန် ၁၉**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်က မြစိမ်းရောင်ကျေးရွာစီမံကိန်း စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ကန်အေးကျေးရွာ၌ သတ္တမအကြိမ်မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ဇွန်လ ၁၉ ရက်တွင် ဆောင်ရွက်သည်။

ထိုသို့ ချေးငွေများထုတ်ချေးပေးရာတွင် တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမြတ်မျိုးထွန်းက ကျေးလက်နေပြည်သူများဆင်းရဲမှုလျော့ကျစေရန်၊ မိသားစုဝင်ငွေတိုးလုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် မြို့ပြနှင့်ကျေးလက်လူနေမှုအဆင့်အတန်းကွာဟမှုကို လျှော့ချနိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်းနှင့် ကျေးလက်ဥပဒေပါပြဋ္ဌာန်းချက်များ၊ ကျေးရွာစိတ်ဓာတ်အကြောင်းကိုပြောကြားပြီး ချေးငွေထုတ်ချေးခြင်းကို ကြီးကြပ်ဆောင်ရွက်ကြသည်။

ဆက်လက်၍ တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ပပဝင်းခိုင်က ကန်အေးကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေ ငွေကျပ် သိန်း ၃၈၀ လွှဲပြောင်းပေးအပ်သည်။


ထို့နောက် မြို့နယ်မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံက မြစိမ်းရောင်ကျေးရွာစီမံကိန်းကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ ကန်အေးကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ အသင်းသား ၆၃ ဦးအတွက် ငွေကျပ် ၂၁၄ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ အသင်းသား ၆၆ ဦးအတွက် ငွေကျပ် ၁၆၆ သိန်း စုစုပေါင်း အသင်းသား ၁၂၉ ဦးတို့အတွက် ငွေကျပ်သိန်း ၃၈၀ ကို တစ်ဦးချင်းလက်ဝယ်အရောက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ချစ်ဦးကို

# ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းရပ်များအပေါ် ရာသီဥတုဖောက်ပြန်ပြောင်းလဲခြင်း၏သက်ရောက်မှုများနှင့် ရာသီဥတုနှင့်လိုက်လျောညီထွေရှိသော ရေသတ္တဝါမွေးမြူနည်းစနစ်များ

သဘာဝဘေးအန္တရာယ်များဖြစ်သော မိုးအလွန်အကျွံရွာသွန်းခြင်း၊ ရေကြီးနစ်မြုပ်ခြင်း၊ မုန်တိုင်းများတိုက်ခတ်ခြင်း၊ ပူပြင်းခြောက်သွေ့ခြင်း စသည့်ရာသီဥတုပြောင်းလဲမှုများသည် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်း၌ဖြစ်ပေါ်လျက်ရှိသည်။ သဘာဝဘေးအန္တရာယ်များကြောင့် အများပြည်သူတို့၏နေထိုင်ရာ အိုးအိမ်အဆောက်အအုံ၊ စိုက်ပျိုးမွေးမြူထုတ်လုပ်သောသီးနှံများနှင့် မွေးမြူထားသောငါးများ ထိခိုက်ပျက်စီးဆုံးရှုံးကြရသည့်အပြင် ပြည်သူများ အသက်အိုးအိမ်ဆုံးရှုံးခြင်း၊ စိတ်ပိုင်း/ရုပ်ပိုင်းဆိုင်ရာထိခိုက်ခံစားကြရခြင်း၊ အများပြည်သူပိုင်လမ်း/တံတားများပျက်စီးခြင်း၊ လျှပ်စစ်မီးရရှိမှုပြတ်တောက်ခြင်း၊ လမ်းပန်းဆက်သွယ်ရေးပြတ်တောက်ခြင်း စသည့်အခြေခံအဆောက်အဦများ ထိခိုက်ပျက်စီးပြီး သဘာဝပတ်ဝန်းကျင်အခြေအနေများ ပျက်စီးခြင်းတို့ကြောင့် ငါးရိက္ခာများ စဉ်ဆက်မပြတ်တိုးတက်ထုတ်လုပ်ရေးကို ထိခိုက်လျက်ရှိသည်။

သို့ဖြစ်၍ ငါးရိက္ခာအပါအဝင် စားနပ်ရိက္ခာများဖြည့်တင်းနိုင်မှုလျော့နည်းပြတ်တောက်မှုများ အနည်းဆုံးဖြစ်စေရေးအတွက် ငါးမွေးမြူရေးလုပ်ငန်းများထိခိုက်မှုအနည်းဆုံးဖြစ်စေရန် ရာသီဥတုအခြေအနေအား အချိန်နှင့်တစ်ပြေးညီထုတ်ပြန်မှုများကို မျက်ခြည်မပြတ်လေ့လာခြင်း၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအား လိုက်နာဆောင်ရွက်စေရန် သတိပေးနှိုးဆော်ခြင်း၊ မလွှဲမရှောင်သာကြုံတွေ့လာပါက ဆုံးရှုံးမှုအနည်းဆုံးဖြစ်စေမည့်အစီအမံများဖြင့် ဖြေရှင်းဆောင်ရွက်ခြင်းနှင့် ထိခိုက်မှုများ အမြန်ဆုံးပြန်လည်ထူထောင်နိုင်ရေးအတွက် အရေးပေါ်ထောက်ပံ့ပေးနိုင်မည့်အစီအစဉ်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်သည်။




ရာသီဥတုပြောင်းလဲမှုနှင့် ရေငန်ငါးမွေးမြူရေးလုပ်ငန်း ဆက်စပ်သက်ရောက်မှု။

**ရာသီဥတုဖောက်ပြန်ပြောင်းလဲခြင်းမှ ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများအပေါ် သက်ရောက်မှုများ**

ရာသီဥတုဖောက်ပြန်ပြောင်းလဲခြင်းသည်ကမ္ဘာတစ်ဝန်းရှိ စီးပွားရေးလုပ်ငန်းများအပေါ် ကြီးမားသောသက်ရောက်မှုများရှိပြီး ငါး၊ ပုစွန်မွေးမြူထုတ်လုပ်ခြင်းလုပ်ငန်းသည်လည်း ထိုသက်ရောက်မှုများမှ လွတ်မြောက်နိုင်ခြင်းမရှိပါ။ ရာသီဥတုဖောက်ပြန်ပြောင်းလဲခြင်းသည်မိုးရွာသွန်းမှုပုံစံများကိုပြောင်းလဲစေပြီး ခြောက်သွေ့သောဒေသများတွင် ရေရှားပါးမှုကို ပိုမိုဆိုးရွားစေသည်။ ငါး၊ ပုစွန်မွေးမြူရေးအတွက် ရေသည် အဓိကအရင်းအမြစ်ဖြစ်သောကြောင့် ရေအရင်းအမြစ်များလျော့နည်းလာခြင်းသည် မွေးမြူရေးလုပ်ငန်းကို ကြီးမားစွာထိခိုက်စေနိုင်သည်။ ရေချိုရှားပါးမှုကြောင့် ငါး၊ ပုစွန်များကြီးထွားနှုန်းနှေးကွေးခြင်း၊ ရောဂါဖြစ်ပွားမှုများပြားခြင်းနှင့် သေဆုံးမှုနှုန်းမြင့်တက်ခြင်းတို့ ဖြစ်ပေါ်စေနိုင်သည်။ ကမ္ဘာကြီးပူနွေးလာမှုကြောင့် ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာခြင်းသည် ကမ်းရိုးတန်းဒေသများရှိ ငါး၊ ပုစွန်မွေးမြူရေးကန်များကို ရေငန်ဝင်ရောက်မှုများစေပြီး ငါး၊ ပုစွန်များ၏ သဘာဝပတ်ဝန်းကျင်ကိုပျက်စီးစေနိုင်သည်။ ရေငန်ဝင်ရောက်မှုကြောင့် ငါး၊ ပုစွန်များ၏ ကြီးထွားနှုန်းနှင့် ကျန်းမာရေးအပေါ် ဆိုးရွားသောသက်ရောက်မှုများ ရှိနိုင်သည်။

**ရာသီဥတုဖောက်ပြန်ပြောင်းလဲခြင်းသည် ငါး၊ ပုစွန်များတွင် ရောဂါဖြစ်ပွားမှုနှုန်းကို မြင့်တက်စေနိုင်သည်။ အထူးသဖြင့် ရာသီဥတုပူနွေးလာခြင်းနှင့် ရေအရည်အသွေးပြောင်းလဲခြင်းတို့ကြောင့် ဗက်တီးရီးယားနှင့်ဗိုင်းရပ်ရောဂါများ ပိုမိုဖြစ်ပွားလာနိုင်သည်။ ရောဂါဖြစ်ပွားမှုများသည် ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းအတွက် ကြီးမားသော စီးပွားရေးဆုံးရှုံးမှုများကို ဖြစ်စေနိုင်သည်။ ရာသီဥတုဖောက်ပြန်ပြောင်းလဲခြင်းသည် ငါး၊ ပုစွန်များ၏ သဘာဝပတ်ဝန်းကျင်ကို ပျက်စီးစေနိုင်သည်။** ဥပမာအားဖြင့် ပင်လယ်ရေအပူချိန်မြင့်တက်လာခြင်းသည် သန္တာကျောက်တန်းများကို ပျက်စီးစေပြီး ငါး၊ ပုစွန်များ၏ ကျက်စားရာနေရာများကို ဆုံးရှုံးစေနိုင်သည်။ ထို့ပြင် ရာသီဥတုပြောင်းလဲမှုကြောင့် ပင်လယ်ရေအောက်ရှိ ဂေဟစနစ်များပျက်စီးခြင်းသည် ငါးပုစွန်များ၏မျိုးပွားနှုန်းကို လျော့နည်းစေနိုင်သည်။ ရာသီဥတုဖောက်ပြန်ပြောင်းလဲခြင်းကြောင့် ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းသည် စီးပွားရေးဆုံးရှုံးမှုများ ကြုံတွေ့ရနိုင်သည်။ ရာသီဥတုပြောင်းလဲမှုကြောင့် ငါး၊ ပုစွန်ထုတ်လုပ်မှုနှုန်း လျော့နည်းလာခြင်း၊ ရောဂါဖြစ်ပွားမှုများပြားလာခြင်းနှင့် ကုန်ကျစရိတ်များ မြင့်တက်လာခြင်းတို့သည် မွေးမြူရေးလုပ်ငန်းရှင်များအတွက် ကြီးမားသောစိန်ခေါ်မှုများ ဖြစ်စေနိုင်သည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနသည် သဘာဝဘေးအန္တရာယ်ကာကွယ်စောင့်ရှောက်ရေးအစီအမံများ စနစ်တကျပြုလုပ်ထားနိုင်ရေး၊ သဘာဝဘေးအန္တရာယ်ကျရောက်ပြီးချိန်တွင် ငါးကဏ္ဍနှင့်ပတ်သက်၍ ထောက်ပံ့ကူညီရေးလုပ်ငန်းများ၊ ပြန်လည် ထူထောင်ရေးလုပ်ငန်းများကို ထိရောက်လျင်မြန်စွာဆောင်ရွက်နိုင်ရေးအတွက် စီမံဆောင်ရွက်ထားရှိရာ နှစ်စဉ်သဘာဝဘေးအန္တရာယ်ဖြစ်သော ရေကြီးနစ်မြုပ်ခြင်းနှင့် ပူပြင်းခြောက်သွေ့မှုလွန်ကဲခြင်းတို့ကြောင့် ငါးမွေးမြူကန်များနှင့်မွေးမြူထားသောငါးများ ပျက်စီးဆုံးရှုံးမှုမှကြိုတင်ကာကွယ်နိုင်ရန် သတိပေးနှိုးဆော်ချက်များကို နေ့စဉ်ထုတ်သတင်းစာများ၊ ရေဒီယို၊ ရုပ်မြင်သံကြားနှင့် သတင်းကွန်ရက်များတွင် ထုတ်ပြန်ကြေညာလျက်ရှိသည်။

လွန်ခဲ့သော ၂၀၁၁ ခုနှစ် လာနီညာဖြစ်သောကာလတွင်မြန်မာနိုင်ငံ၌ မိုးအလွန်အကျွံရွာသွန်းပြီး ရေကြီးနစ်မြုပ်ခြင်းများ ဖြစ်ပျက်ခဲ့ပြီးသီးနှံများနှင့်မြေယာများ ပျက်စီးခဲ့သည်။ အများစုမှာ ကမ်းရိုးတန်းဒေသများနှင့် ဧရာဝတီမြစ်ကြောင်းတစ်လျှောက်နှင့် မြစ်ဝကျွန်းပေါ်ဒေသများဖြစ်ကြောင်း၊ မွန်၊ ပဲခူး၊ ရခိုင်နှင့် ဧရာဝတီဒေသများတွင်ဇူလိုင်လမှအောက်တိုဘာလအတွင်း ဆန်စပါးများ တန်ချိန် ၁ ဒသမ ၇ သန်း ပျက်စီးခဲ့ကြောင်း World Bank ၏ အစီရင်ခံစာအရ သိရှိရသည်။ သို့ဖြစ်၍ လာနီညာဖြစ်သောနှစ်တွင် မိုးရွာသွန်းမှုများပြီး ရေကြီးနစ်မြုပ်ခြင်းများ ဖြစ်လေ့ရှိသဖြင့် ငါး/ပုစွန်မွေးကန်များ ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများမဖြစ်စေရန် ကြိုတင်ပြင်ဆင်ထားခြင်းနှင့် သီးနှံထွက်ကုန်များ ပျက်စီးလေ့ရှိသဖြင့် ငါးမွေးမြူရေးလုပ်ငန်းတွင် အသုံးပြုသော အစာကုန်ကြမ်းများဖြစ်သည့် ဖွဲနုအား ကြိုတင်စုဆောင်းထားခြင်းများ ဆောင်ရွက်ထားကြရမည်ဖြစ်သည်။

**ရာသီဥတုပြောင်းလဲမှုကြောင့် ငါးမွေးမြူရေးလုပ်ငန်းများအပေါ်သက်ရောက်နိုင်သည့် ကောင်းကျိုးနှင့်ဆိုးကျိုးများ**

ရာသီဥတုများပြောင်းလဲလာပြီးရေအပူချိန်မြင့်မားလာခြင်းကြောင့် ငါးများ၏ကိုယ်ခန္ဓာအတွင်း အောက်ဆီဂျင်သယ်ပို့မှုဆိုင်ရာကန့်သတ်ချက်များရှိလာသဖြင့် ငါးများ၏ဇီဝကမ္မဗေဒကိုဆိုးကျိုးထိခိုက်စေသည်။ ထိုကဲ့သို့ ငါးများ၏ ဇီဝကမ္မဗေဒဆိုင်ရာ ကန့်သတ်ချက်များသည် အထူးသဖြင့် ငါးမွေးမြူရေးလုပ်ငန်းများကို သိသာသော ကန့်သတ်ချက်များဖြစ်စေသည်။ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကြောင့် ငါးမွေးမြူရေးလုပ်ငန်းဆိုင်ရာ တိုက်ရိုက်ထိခိုက်သက်ရောက်မှုများမှာ ရေချိုရရှိနိုင်မှု ပြောင်းလဲခြင်း၊ အပူချိန်ပြောင်းလဲခြင်း၊ ပင်လယ်ပြင်အမြင့်ပြောင်းလဲခြင်း၊ ရေကြီးနစ်မြုပ်ခြင်းနှင့် မုန်တိုင်းတိုက်ခတ်ခြင်းကဲ့သို့ ပြင်းထန်သောရာသီဥတု ဘေးအန္တရာယ်များ ကြိမ်နှုန်းများများ ဖြစ်လာခြင်းတို့ဖြစ်သည်။ သွယ်ဝိုက်သောနည်းဖြင့်ထိခိုက်မှုများမှာ စီးပွားရေးဆိုင်ရာ ထိခိုက်မှုများဖြစ်သော ငါးစာနှင့်အစာကုန်ကြမ်းများရရှိနိုင်မှုနှင့် ဈေးနှုန်းကြီးမြင့်ခြင်းတို့ ဖြစ်စေသည်။ ဆိုးကျိုးထိခိုက်မှုများမှာ အပူချိန်မြင့်တက်လာမှုကြောင့်အောက်ဆီဂျင်လိုအပ်မှုများလာခြင်း၊ ရေချိုရရှိနိုင်မှုမသေချာခြင်း၊ ပြင်းထန်သော ရာသီဥတုဘေးအန္တရာယ်များဖြစ်ခြင်း၊ ပင်လယ်ပြင်မျက်နှာပြင်မြင့်တက်လာခြင်း၊ ငါးရောဂါနှင့်အဆိပ်အတောက်ဖြစ်မှုများ မကြာခဏဖြစ်ပွားခြင်း၊ ငါးဖမ်းလုပ်ငန်းမှရရှိသောငါးပေါင်းမုန့် (Fishmeal) များ ရရှိနိုင်မှု မသေချာခြင်းတို့ဖြစ်သည်။

ရာသီဥတုပြောင်းလဲမှုကြောင့်ငါးမွေးမြူရေးလုပ်ငန်းအပေါ် ကောင်းကျိုးသက်ရောက်မှုများမှာ နွေးသောရေပြင်တွင်ကြီးထွားနှုန်းနှင့် အစာ၏အကျိုးထိရောက်မှုများ ပိုမိုကောင်းမွန်ခြင်း၊ မွေးမြူနိုင်သည့်ကာလတိုးမြင့်လာခြင်း၊ ရေခဲပြင်များလျော့လာသဖြင့် ဝင်ရိုးစွန်းတန်းဒေသများ၌ ရေပြင်များ ကျယ်ပြန့်လာခြင်းတို့ဖြစ်သည်။ အစာကွင်းဆက်၏ ကနဦးသက်ရှိကောင်များဖြစ်သော အပင်နှင့်သတ္တမျှောလေးများ ထုတ်လုပ်နိုင်မှုတိုးလာသဖြင့် အစာစစ်ယူစားသုံးသော ကျောရိုးမဲ့ရေသတ္တဝါများအတွက်အစာများပိုမိုရရှိနိုင်သည်။

ထို့ပြင် ဒေသရင်းမဟုတ်သော ရေနေသတ္တဝါများ ဝင်ရောက်လာမှုကြောင့် ပြဿနာများဖြစ်လာနိုင်ပြီး အောက်ဆီဂျင်ရရှိနိုင်မှုများကျဆင်းလာခြင်းနှင့် ဘေးဖြစ်နိုင်သောရေညှိရေမှော်များ အလွန်အကျွံပေါ်များလာခြင်းတို့ဖြစ်နိုင်သည်။ သမားရိုးကျမွေးမြူနေသောဧရိယာများ၏ဒေသအခြေအနေများသည် များစွာသောဒေသရင်း ငါးမျိုးစိတ်များကိုမွေးမြူရန် မသင့်လျော်သောအခြေအနေများဖြစ်လာသည်။ အပူချိန်ပြောင်းလဲမှုဆိုင်ရာ ဖိအားများသည် မွေးမြူသောငါးများ၏ အောက်ဆီဂျင်လိုအပ်မှုများနှင့်အစားအစာလိုအပ်မှုများကဲ့သို့ဇီဝကမ္မဗေဒဆိုင်ရာ လုပ်ငန်းစဉ်များကို ထိခိုက်စေမည်ဖြစ်သည်။ ငါးမွေးမြူရေးလုပ်ငန်းများ၌ ရေအပူချိန်မြင့်တက်လာမှုကြောင့် အစာဖြည့်တင်းမှုများ ပိုမိုတိုးတက်လိုအပ်လာမည်ဖြစ်သည်။ ရေချိုရရှိနိုင်မှုအပြောင်းအလဲများကြောင့် ရေချိုငါးမွေးမြူရေးလုပ်ငန်းသည် စိုက်ပျိုးရေးလုပ်ငန်းများ၊ စက်မှုလုပ်ငန်းများ၊ မြစ်ကြောင်းသွားလာမှုလုပ်ငန်းများနှင့် ယှဉ်ပြိုင်မှုများဖြစ်လာနိုင်ပြီး မိုးရွာသွန်းမှုအစီအစဉ်များလည်း ပြောင်းလဲလာမည်ဖြစ်သည်။ မိုးရွာသွန်းမှုများပြားလာမှုကြောင့် ရေကြီးနစ်မြုပ်ခြင်းကဲ့သို့ ပြဿနာများလည်း ဖြစ်လာနိုင်သည်။ ပင်လယ်ပြင်မျက်နှာပြင် မြင့်တက်လာခြင်းကြောင့် ရေသတ္တဝါမွေးမြူရေးလုပ်ငန်းအတွက် သားပေါက်များဖြည့်တင်းပေးရာ နေရာများဖြစ်သည့် ကမ်းရိုးတန်းမြေပြင်ဒေသများ၊ ဒီရေတောနှင့် ပင်လယ်မြက်ခင်းပြင်ဒေသများသည် ရေကြီးဖုံးလွှမ်းခြင်း ဘေးအန္တရာယ်များ ဖြစ်လာနိုင်ခြေရှိသည်။

**စာမျက်နှာ ၈ သို့ ●**

● စာမျက်နှာ ၇ မှအဆက်

**ငါး၊ ပုစွန်မွေးမြူသူများမှ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကို လိုက်ပါပြောင်းလဲသည့် နည်းဗျူဟာများအသုံးချခြင်း**

ငါး၊ ပုစွန်သားဖောက်ရုံများသည် မုန်တိုင်းတိုက်ခတ်မှုကြိမ်နှုန်းနှင့်ပြင်းထန်မှုများတိုးလာခြင်းဘေးအန္တရာယ်အား ကြိုတင်ကာကွယ်ရန် ပိုမိုခိုင်မာတောင့်တင်းသောအမိုးများ ပြုလုပ်ထားခြင်း/ အမိုးများအပေါ်၌ သဲအိတ်များထားရှိခြင်း၊ မီးစက်များကို အမြင့်နေရာ၌ထားရှိခြင်း၊ အပူချိန်မတည်ငြိမ်မှုနှင့်မြင့်မားလာခြင်းအား ငါး၊ ပုစွန်ထည့်သွင်းမွေးမြူနှုန်းလျှော့ချခြင်းနည်းလမ်းဖြင့်ဖြေရှင်းခြင်း၊ မခန့်မှန်းနိုင်သောရာသီဥတုနှင့်မိုးလေဝသပုံစံများကို မိုးလေဝသနှင့်ရေအရည်အသွေးကို စောင့်ကြည့်လေ့လာခြင်း၊ ထည့်သွင်းမွေးမြူနှုန်းလျှော့ချခြင်း၊ ရောဂါကျရောက်မှုနှင့်သေဆုံးမှုတိုးလာပါက ထည့်သွင်းမွေးမြူနှုန်းလျှော့ချခြင်း၊ အစာကြောင့်ညစ်ညမ်းမှုများလျှော့ချနိုင်ရန် အစာကျွေးခြင်းကို ကောင်းစွာစီမံခြင်း၊ ခွင့်ပြုထားသော ပဋိဇီဝဆေးဝါးများအသုံးချခြင်းတို့ ဆောင်ရွက်ကြရမည်ဖြစ်သည်။ ပင်လယ်လှောင်အိမ်ဖြင့် ငါးမွေးမြူသူများသည် မိုးလေဝသအားစောင့်ကြည့်လေ့လာခြင်း၊ မျိုးငါးများကို ကုန်းပေါ်ရှိမြေကန်များသို့ ရွှေ့ပြောင်းထားခြင်း၊ လှောင်အိမ်များကို ပင်လယ်ပြင်သို့ ရွှေ့ပြောင်းထားခြင်း၊ လှောင်အိမ်၏ အနက်ကို ပိုနက်အောင်ပြုလုပ်ထားရှိခြင်း၊ ပိုမို၍ ခံနိုင်ရည်ရှိသော ငါးမျိုးစိတ်များ ပြောင်းလဲမွေးမြူခြင်း၊ မွေးမြူသည့်ရာသီပြောင်းလဲလုပ်ကိုင်ခြင်း၊ ရေချိုဖြင့် ပိုက်လှောင်အိမ်အား မကြာခဏဆေးကြောခြင်း၊ ငါးထည့်သွင်းမွေးမြူနှုန်းလျှော့ချခြင်း၊ စောစီးစွာ ငါးများပြန်လည်ကုန်ထုတ်ဖမ်းဆီးခြင်း၊ ပိုမိုခံနိုင်ရည်ရှိသော ငါးမျိုးစိတ်များအားမွေးမြူခြင်း သို့မဟုတ် ကြီးမြန်သော ငါးမျိုးများမွေးမြူခြင်း၊ ခွင့်ပြုထားသော ပဋိဇီဝဆေးဝါးများ အသုံးပြုခြင်းတို့ကို လုပ်ဆောင်ကြရမည်ဖြစ်သည်။

ရေငန်ပုစွန်မွေးမြူကန်များသည် မိုးလေဝသစောင့်ကြည့်လေ့လာခြင်း၊ သဲအိတ်၊ အမိုးများပြုလုပ်ထားခြင်း၊ မွေးမြူကန်များအားကန်များ ရေကျော်ဖုံးလွှမ်းထိခိုက်ပျက်စီးခြင်းဘေးမှ ကာကွယ်နိုင်ရန် ပိုက်များနှင့်သဲအိတ်များဖြင့် ကြိုတင်ကာရံထားခြင်း၊ စောစီးစွာ ကုန်ထုတ်ပြန်လည်ဖမ်းဆီးကုန်ဖော်ခြင်း၊ ဖုံးအုပ်ထားသောကန်များဖြင့် ပုစွန်သားပေါက်များမွေးမြူခြင်း၊ အဆောက်အအုံအတွင်းရှိကန်များသို့ပြောင်းရွှေ့မွေးမြူခြင်း၊ ရေအရည်အသွေးကို အနီးကပ်စောင့်ကြည့်လေ့လာခြင်း၊ မွေးမြူသည့်ရာသီပြောင်းလဲဆောင်ရွက်ခြင်း၊ ဘိုင်အိုဖလော့စနစ်ကိုအသုံးပြုမွေးမြူခြင်း၊ ရေအလွှာစုံအလိုက်နေထိုင်အသက်ရှင်သောရေနေသတ္တဝါများ ပေါင်းစည်းမွေးမြူသည့်စနစ်သို့ ပြောင်းလဲဆောင်ရွက်ခြင်း၊ သဘာဝနည်းဖြင့် ရောဂါကုသသောနည်းများနှင့် သဘာဝဆေးဝါးများ အသုံးချဆောင်ရွက်ခြင်း၊ အရည်အသွေးကောင်းမွန်သောမျိုးများအသုံးပြုခြင်းနှင့် ခွင့်ပြုထားသော ပဋိဇီဝဆေးဝါးများအသုံးချခြင်းတို့ကို လုပ်ဆောင်ကြရမည်ဖြစ်သည်။

ရာသီဥတုဖောက်ပြန်ပြောင်းလဲခြင်းကြောင့် ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းကိုကာကွယ်ရန် ရေအရင်းအမြစ်များကို ထိရောက်စွာစီမံခန့်ခွဲခြင်းဖြင့် ရေချိုရှားပါးမှုကို လျှော့ချနိုင်သည်။ ရာသီဥတုပြောင်းလဲမှုဒဏ်ကိုခံနိုင်ရည်ရှိသော ငါး၊ ပုစွန်မျိုးစိတ်များကို ရွေးချယ်မွေးမြူခြင်းဖြင့် လုပ်ငန်းကိုပိုမိုတည်ငြိမ်စေနိုင်သည်။ ရောဂါဖြစ်ပွားမှုကို လျှော့ချရန် ကျန်းမာရေးစောင့်ရှောက်မှုစနစ်များမြှင့်တင်ခြင်းနှင့် ရောဂါကာကွယ်ရေးနည်းလမ်းများကျင့်သုံးခြင်းနှင့် ငါး၊ ပုစွန်များ၏ သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းခြင်းဖြင့် ဂေဟစနစ်ကိုကာကွယ်နိုင်မည်ဖြစ်သည်။ ရာသီဥတုဖောက်ပြန်ပြောင်းလဲခြင်းသည် ငါး၊ ပုစွန်မွေးမြူထုတ်လုပ်ခြင်းလုပ်ငန်းအပေါ် ကြီးမားသောသက်ရောက်မှုများရှိပြီး ထိခိုက်မှုများကိုလျှော့ချရန်အတွက် ထိရောက်သောစီမံခန့်ခွဲမှုနည်းလမ်းများလိုအပ်သည်။

ရာသီဥတုပြောင်းလဲမှုကိုရင်ဆိုင်နိုင်ရန်အတွက် နည်းပညာနှင့်စီမံခန့်ခွဲမှုပိုင်းဆိုင်ရာ ကြိုတင်ပြင်ဆင်မှုများပြုလုပ်ရန်အရေးကြီးသည်။ ရာသီဥတုနှင့် လိုက်လျောညီထွေရှိသော မွေးမြူနည်းစနစ်များ၏ လိုအပ်ချက်တစ်ရပ်အနေဖြင့် ရာသီဥတုနှင့်လိုက်လျောညီထွေရှိသော ရေသတ္တဝါမွေးမြူနည်းစနစ်များ လိုက်နာကျင့်သုံးနိုင်ရန် သဘာဝပတ်ဝန်းကျင်နှင့် ဟန်ချက်ညီသော မွေးမြူနည်းစနစ်များ၊ စနစ်တကျရေသတ္တဝါမွေးမြူခြင်းဖြစ်သော ရေကန်များ၊ တာတမံများနှင့် မွေးမြူရေးကန်များစနစ်တကျဒီဇိုင်းဆွဲခြင်း၊ ရေအရည်အသွေးကိုစောင့်ကြည့်ခြင်း၊ ရေသတ္တဝါများ၏ ကျန်းမာရေးကိုစောင့်ကြည့်ခြင်း၊ အာဟာရပြည့်ဝသောအစားအစာများဖြည့်စွက်ခြင်းနှင့် အစားအစာဖြန့်ဖြူးမှုကို ထိရောက်စွာစီမံခန့်ခွဲခြင်း၊ ရာသီဥတုပြောင်းလဲမှုကို ခံနိုင်ရည်ရှိသော မျိုးစိတ်များကို ရွေးချယ်မွေးမြူခြင်း၊ ရာသီဥတုအခြေအနေအလိုက် မွေးမြူရေးနည်းလမ်းများပြောင်းလဲခြင်း၊ ရာသီဥတုပြောင်းလဲမှုကို ကာကွယ်ရန် နည်းပညာများအသုံးပြုခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းခြင်း၊ ရေသတ္တဝါများ၏ ကျန်းမာရေးနှင့် ကြီးထွားမှုကို မြှင့်တင်ခြင်း၊ ရေအရင်းအမြစ်များကို ရေရှည်တည်တံ့စေခြင်း၊ စီးပွားရေးအရပိုမိုထိရောက်မှုရှိခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ပြီး ရာသီဥတုပြောင်းလဲမှုကြောင့် ရေသတ္တဝါမွေးမြူရေးလုပ်ငန်းများအပေါ် သက်ရောက်မှုများကိုလျှော့ချနိုင်ပြီး ရေရှည်တည်တံ့သော မွေးမြူရေးလုပ်ငန်းများဖြစ်ပေါ်လာစေနိုင်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

**ဒေါက်တာအောင်နိုင်ဦး(ငါးဦးစီး)**

# မိုးစပါး စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေး

မုဒုံ ဇွန် ၁၉

မွန်ပြည်နယ် မုဒုံမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲက ၂၀၂၅-၂၀၂၆ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ မိုးစပါးနှင့်အခြားမိုးသီးနှံများ အဆင်ပြေစွာစိုက်ပျိုးနိုင်ရေးအတွက် စဉ်ဆက်မပြတ်ချေးငွေများကို ထုတ်ချေးပေးလျက်ရှိရာ ဇွန်လ ၁၉ ရက်အထိ မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေ စုစုပေါင်းငွေကျပ် ၅၃၁၃ သိန်းကို ထုတ်ချေးပြီးစီးသွားပြီဖြစ်သည်။

မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများကို စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးရာတွင် မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှမန်နေဂျာ ဦးယဉ်ဌေးက လိုက်နာရမည့်စည်းကမ်းချက်များကို အသိပေးရှင်းလင်းဆွေးနွေးပြောကြား၍ စိုက်ပျိုးစရိတ်ချေးငွေများကို ဒေသခံတောင်သူများလက်ဝယ်အရောက် စနစ်တကျထုတ်ချေးပေးသည်။

မုဒုံမြို့နယ်တွင် ယခုနှစ် မိုးစပါး စိုက်ပျိုးစရိတ်ချေးငွေများကို ရပ်ကွက်၊ ကျေးရွာ ၄၂ အုပ်စုရှိ တောင်သူ ၂၇၆၁ ဦး၏ လယ် ၂၁၁၂၈ ဧကအတွက် ချေးငွေစုစုပေါင်းငွေကျပ် ၃၁၆၉၂ သိန်းကို ထုတ်ချေးပေးရန်လျာထားပြီး ကျန်ရှိသည့်ကျေးရွာအုပ်စုများမှ ဒေသခံတောင်သူများကိုလည်း ချေးငွေအကျေပေးဆပ်မှုအပေါ်မူတည်၍ သတ်မှတ်ရက်များတွင် ဆက်လက်ထုတ်ချေးပေးမည်ဖြစ်ကြောင်း မုဒုံမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမန်နေဂျာထံမှ သိရသည်။ (၄၀၆)

# ဒေသတွင်း MSME လုပ်ငန်းများဖွံ့ဖြိုးရေး စက်မှုဇုန်ရှိအထည်လိပ်စက်ရုံများသို့ကွင်းဆင်းစစ်ဆေး

မိတ္ထီလာ ဇွန် ၁၉

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်အတွင်းရှိ အထည်လိပ်စက်ရုံများ၌ ဒေသတွင်း အသေးစား၊ အလတ်စား၊ အငယ်စားစက်မှုလက်မှုလုပ်ငန်းများ လည်ပတ်မှုအခြေအနေတို့ကိုသိရှိရန် တာဝန်ရှိသူများက ဇွန်လ ၁၈ ရက်တွင် ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် မိတ္ထီလာခရိုင်စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်း ဦးဆောင်သောအဖွဲ့သည် ဒေသတွင်း MSME လုပ်ငန်းများဖွံ့ဖြိုးရေးအတွက် မိတ္ထီလာမြို့စက်မှုဇုန်ရှိ ရက်ကန်းစက်၊ အထည်လိပ်၊ အထည်ချုပ်လုပ်ငန်းများသို့ သွားရောက်စစ်ဆေးကြသည်။

မိတ္ထီလာမြို့စက်မှုဇုန်ရှိ ရက်ကန်းစက်များအနေဖြင့် အထည်လိပ်(ပိတ်အုပ်)၊ ပုဆိုး၊ စောင်၊ ပတ်တီးလိတ်(ဆေးဝါးပစ္စည်း)တို့ကိုထုတ်လုပ်ရာတွင် လိုအပ်သောကုန်ကြမ်းများကို ဝမ်းတွင်းမြို့နယ်မှ အများဆုံးမှာယူပြီး မြစ်သားမြို့နှင့် ပုလိပ်မြို့တို့မှလည်းမှာယူကြောင်း၊ ပွဲထိုင်ပုဆိုးများအတွက် ချည်ချောများကို အမရပူရမှမှာယူကြောင်း၊ ရက်ကန်းနှင့်တွဲ၍ အထည်ချုပ်လုပ်ငန်းတွဲဖက်လုပ်ကိုင်သည့် စက်ရုံအချို့မှာချုပ်ပြီး အထည်များကို ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် အခြားမြို့ကြီးများသို့ တင်ပို့လျက်ရှိကြောင်းသိရသည်။ (၆၀၂)

**သဇင်(FM) အသံလွှင့်အစီအစဉ်**

၂၀-၆-၂၀၂၅(သောကြာနေ့)

၁။ ၀၈:၀၀ For Youth
၂။ ၁၀:၀၀ သတင်း/သီချင်း
၃။ ၁၃:၀၀ တိုင်းရင်းသားစကား ပြောကြရအောင်
၄။ ၁၇:၀၀ ထူးခြားထင်ရှား ကမ္ဘာတစ်လွှား
၅။ ၁၉:၀၀ စစ်သည်ကဏ္ဍ
၆။ ၂၁:၂၀ စာလာတယ်ဗျို့

# ပြည့်ဝမ်းစာ ကိုင်းကျွန်းလယ်ယာ

❖ ခါရာသီ ဝသန္တ
မိုးဦးကျ သည်ချိန်ခါ။
လယ်ယာခွင် ထွန်ယက်လို့ဖြင့်
ပျိုးကြဲပက်တာ။
ဒေသထွက် စားရိက္ခာ
မြို့တောရွာ အကုန်စား။
ပြည့်ဝမ်းစာ လယ်ယာလွှမ်းသမျှ
ဝမ်းဝစေသား။

❖ တိုင်းမြန်ပြည် မြစ်ချောင်းရိုးက
ငါးမျိုးပေါင်း စုံလင်စွာ။
ရေတံငါ ဖွေရှာပေးလျက်
ဈေးကွက်ဝေဆာ။
သားငါးလည်း မွေးမြူကာ
ရွေးယူစရာ စုံလင်စွ။
ကိုင်းသီးနှံ အများအပြားနှင့်
ငါးသားပုစွန် ကြက်ဝက်ဘဲ
ပဲမျိုးစုံလှ။

❖ စားသောက်ကုန် စုံလင်ချက်က
ဒေသထွက် စုံလှပြန်။
ပြည်တွင်းဝယ် လောက်င၍
မျှတပိုလျှံ။
ပြည်ပငွေများ ရရှိရန်
တင်ပို့မှန် ဝင်ငွေပွား။
လယ်ယာမြေ ဥယျာဉ်ထွက်
စဉ်ဆက်များပြား။ ။

**ကောင်းခြိမ့်ကျော်**

# မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၀-၆-၂၀၂၅(သောကြာနေ့)

၁။ ၀၆:၀၀ တရားတော်
ဓမ္မပူဇာတေး
၂။ ၀၈:၀၀ စိုက်ပျိုးသုတ
၃။ ၀၉:၀၀ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄။ ၁၁:၀၀ မြန်မာ့လက်သံ
၅။ ၁၂:၀၀ ရှေးမြန်မာမင်းများ၏ခေါင်းဆောင်မှု
၆။ ၁၃:၀၀ ဝေမျှဆွေးနွေးလူငယ့်အရေး
၇။ ၁၄:၀၀ ပန်းပေါင်းစုံစွာအနုပညာ
၈။ ၁၇:၀၀ သုတရသစုံလင် ဗဟုသုတပုံပြင်
၉။ ၁၈:၀၀ နုပျိုလှပကျန်းမာဖို့လမ်းလျှောက်ကြပါစို့
၁၀။ ၁၈:၃၀ ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ
၁၁။ ၁၉:၀၀ **ရုပ်မြင်သံကြားဇာတ်လမ်း**
**ငြိုးမာန်ဖွဲ့စိမ်းရက်လေသလား(ပထမပိုင်း)**
**သရုပ်ဆောင်-ကျော်ဟိန်း၊ မေသန်းနု**
**ဒါရိုက်တာ စင်ရော်မောင်မောင်**

# မြန်မာနိုင်ငံစာစစ်ဦးစီးဌာန
# ၂၀၂၅ ခုနှစ်၊ ဇွန်လတွင် ပြန်လည်ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲ
# တိုင်းဒေသကြီး/ ပြည်နယ်များတွင် နေ့စဉ်ဖြေဆိုမှုအခြေပြဇယား

ဘာသာရပ်– ဓာတုဗေဒ+ပထဝီဝင်

ရက်စွဲ။ ၁၉ – ၆ – ၂၀၂၅

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင် အရေအတွက် | မြို့နယ် အရေအတွက် | စာစစ်ဌာန အရေအတွက် | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆိုသည့် ရာခိုင်နှုန်း | ပျက်ကွက် ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၆ | ၁၂ | ၂၂ | ၃၃၃၇ | ၅၃၅၉ | ၈၆၉၆ | ၃၂၈၀ | ၅၃၀၂ | ၈၅၈၂ | ၅၇ | ၅၇ | ၁၁၄ | ၉၈.၆၉% | ၁.၃၁% | |
| ၂ | စစ်ကိုင်း | ၉ | ၁၃ | ၂၅ | ၁၁၃၈ | ၅၀၆၇ | ၈၂၀၅ | ၁၀၇၃ | ၄၉၆၇ | ၈၀၄၀ | ၆၅ | ၁၀၀ | ၁၆၅ | ၉၇.၉၉% | ၂.၀၁% | |
| ၃ | မန္တလေး | ၁၀ | ၂၅ | ၁၀၁ | ၁၄၆၅၈ | ၁၉၅၈၃ | ၃၄၂၄၁ | ၁၄၃၈၃ | ၁၉၃၇၈ | ၃၃၇၆၁ | ၂၇၅ | ၂၀၅ | ၄၈၀ | ၉၈.၆၀% | ၁.၄၀% | |
| ၄ | နေပြည်တော် | ၄ | ၈ | ၄၇ | ၅၄၆၈ | ၇၀၆၃ | ၁၂၅၃၁ | ၅၄၀၃ | ၇၀၀၃ | ၁၂၄၀၆ | ၆၅ | ၆၀ | ၁၂၅ | ၉၉.၀၀% | ၁.၀၀% | |
| | စုစုပေါင်း | ၂၉ | ၅၈ | ၁၉၅ | ၂၆၆၀၁ | ၃၇၀၇၂ | ၆၃၆၇၃ | ၂၆၁၃၉ | ၃၆၆၅၀ | ၆၂၇၈၉ | ၄၆၂ | ၄၂၂ | ၈၈၄ | ၉၈.၆၁% | ၁.၃၉% | |

## စိုက်ပျိုးစွမ်းအားမြှင့်တင်ရေး တောင်သူစည်းရုံးပညာပေး ကွင်းသရုပ်ပြပွဲကျင်းပ



**ဘားအံ ဇွန် ၁၉**

ကရင်ပြည်နယ်အတွင်း ယခုနှစ်မိုးရာသီတွင် မိုးစပါး ၄၂၇၁၅၁ ဧက စိုက်ပျိုးသွားမည်ဖြစ်ပြီး လျာထားဧကပြည့်မီကျော်လွန်ရေးနှင့် တစ်ဧကအထွက်နှုန်း ပန်းတိုင်ရည်မှန်းချက် ပြည့်မီကျော်လွန်ရေးအတွက် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဆက်စပ်ဌာနများပူးပေါင်း၍ တောင်သူစည်းရုံးပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်) ထယ်ထိုးမြေပြင်ခြင်းကွင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းတွင် ဘားအံမြို့နယ် ဝင်းကျန်ကျေးရွာ ကွင်းအမှတ် – ၁၂၁၅/က တောင်သူဦးမောင်လင်းအောင်၏ ပိုက်ဆန်လျှော်စိုက်ခင်းအတွင်း၌ ကျင်းပသည်။

အဆိုပါကွင်းသရုပ်ပြပွဲသို့ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝင်းကျန်ကျေးရွာ၊ ဖာလင်–၁ ကျေးရွာနှင့် ဖာလင်–၂ ကျေးရွာတို့မှတောင်သူများ တက်ရောက်ကြည့်ရှုအားပေးကြရာ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်)စိုက်ပျိုးထယ်ထိုးမြေပြင်ခြင်းအားဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန မြေအသုံးချရေးဌာနခွဲမှ ဓာတ်မြေဩဇာအသုံးပြုမှုကိုလျှော့ချ၍ ဈေးနှုန်းသက်သာပြီး ရေရှည်တွင်မြေဆီဩဇာကောင်းမွန်စေသောသဘာဝမြေဩဇာများကိုတောင်သူများ တွင်တွင်ကျယ်ကျယ် အစားထိုးအသုံးပြုလာစေရန် စူပါဘိုကာရှီမြေဆွေးပြုလုပ်သုံးစွဲနည်းကို လက်တွေ့ပြုလုပ်ပြသနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဝင်းကျန်ကျေးရွာ ကွင်းအမှတ် –၁၂၁၅/ခ တောင်သူ ဒေါ်ထွေးမြ၏ လယ်မြေငါးဧက၌ မျိုးစေ့ချကိရိယာဖြင့် မိုးစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို တက်ရောက်ကြည့်ရှုပြီး ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးက မျိုးစေ့ချကိရိယာဖြင့်စိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးများကိုလည်းကောင်း၊ ပြည်နယ်စီးပွားရေးရာဝန်ကြီးက မိုးစပါးစွမ်းအားပြည့်စိုက်ပျိုးထုတ်လုပ်နိုင်ရေး ဆိုင်ရာများကိုလည်းကောင်း ဆွေးနွေးပြောကြားကာ တောင်သူများ၏ မေးမြန်းဆွေးနွေးမှုများအပေါ် ပြန်လည်ရှင်းလင်းဖြေကြား၍ လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## အော်ဂဲနစ်ကော်ဖီကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးနိုင်ရေး အားပေးဆောင်ရွက်ရန်မှာကြား

**နေပြည်တော် ဇွန် ၁၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ် သည် ယနေ့တွင် နေပြည်တော်ရုံးအမှတ်(၁၅)၌ စမ်းသပ်စိုက်ပျိုးထားသည့် သက်တမ်း တစ်နှစ်ရှစ်လရှိ မြေနိမ့်ကော်ဖီမျိုး ငါးမျိုးနှင့် သက်တမ်း ၁၀ လရှိ မြေနိမ့်ကော်ဖီမျိုးငါးမျိုးတို့၏ အပင်သန်စွမ်းဖြစ်ထွန်းမှုနှင့် ပိုးမွှားရောဂါကင်းစင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် မြေပြန့်ဒေသ၌ အောင်မြင်စွာစိုက်ပျိုးဖြစ်ထွန်းသည့်ကော်ဖီမျိုးများအား မိသားစုအိမ်ခြံဝင်းဥယျာဉ်စိုက်ပျိုးရေးအနေဖြင့် အော်ဂဲနစ်ကော်ဖီကို တစ်နိုင်တစ်ပိုင်စိုက်ပျိုးနိုင်ရေး အားပေးဆောင်ရွက်ရန်နှင့် အော်ဂဲနစ်မြေပြန့်ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်လာရေးကို ထုတ်လုပ်မှုကွင်းဆက်ဖွံ့ဖြိုးရေးစီမံဆောင်ရွက်ရန် တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

မြေနိမ့်ကော်ဖီကို မိသားစုတစ်နိုင်တစ်ပိုင်စိုက်ပျိုးလိုသူများ၊ စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်လိုသူများအနေဖြင့် နည်းပညာနှင့်အကူအညီများလိုအပ်ပါက စိုက်ပျိုးရေးဦးစီးဌာန၊ ကော်ဖီ–ရာသီသီးနှံ ဌာနခွဲတွင် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် စပါးသီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေးဆောင်ရွက်ရာတွင် စပါးအထွက်နှုန်းကွာဟချက်များကို ဆန်းစစ်လေ့လာခြင်းစီမံချက် ဆွေးနွေးပွဲသို့တက်ရောက်၍ မြေပြင်တွင် ပန်းတိုင်အထွက်နှုန်းမရခြင်း အကြောင်းရင်းများကို ရှာဖွေဖော်ထုတ်ရန် ကွင်းဆင်းစစ်တမ်းများကောက်ယူရေး၊ လိုအပ်ချက်၊ စံပြကွက်များစိုက်ပျိုးရန် ဆွေးနွေးမှာကြားသည်။

ထို့နောက်ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် တင်ပြဆွေးနွေးကြရာ ဒုတိယဝန်ကြီးက လိုအပ်ချက်များ ဖြည့်စွက်ဆွေးနွေးမှာကြားခဲ့ကြောင်းသိရသည်။

**မြဝတီ**

## မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် သွင်းအားစုများပေးအပ်ပွဲကျင်းပ

**နေပြည်တော် ဇွန် ၁၉**

နေပြည်တော် ဥတ္တရသီရိမြို့နယ် ငလိုက်ရေလှောင်တမံ ရေဝေ၊ ရေလဲဧရိယာ စိမ်းလန်းစိုပြည်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်ရေးအတွက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် ငလိုက်ရေလှောင်တမံ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်နှင့်ကော်မတီဝင်များ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင်နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး သတ်မှတ်နေရာ၌ ကျွန်းပင်ကို စတင်စိုက်ပျိုးပေး၍ တက်ရောက်လာကြသူများက သတ်မှတ်နေရာများ၌ ကျွန်း၊ မဟော်ဂနီနှင့် တမာ အစရှိသည့် ပျိုးပင်ပေါင်း ၃၀၀ ကို အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဥတ္တရသီရိမြို့နယ်မောင်းရမ်းကျေးရွာရှိ စိုက်ပျိုး၊ စီးပွား အသိပညာပေးစင်တာ (KC)၌ကျင်းပသည့် တောင်သူများအား မိုးစပါးနှင့် မိုးဆီထွက်သီးနှံများအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် သွင်းအားစုများပေးအပ်ပွဲကို တက်ရောက်အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာနမှတာဝန်ရှိသူများက စိုက်ပျိုးရေးအသိပညာပေးဆွေးနွေးခြင်းနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်နေမှုများကိုရှင်းလင်းတင်ပြ၍ မျိုးစပါးများနှင့် သွင်းအားစုများကို တောင်သူများထံပေးအပ်ကြကာ တောင်သူများ၏ တင်ပြချက်များအပေါ် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဇလောင်းကျေးရွာရှိ ဦးအောင်ဇော်လင်း၏ ရတနာဆန်စက်နှင့် ဒေသန္တား (ပြာစိမ်း) အကောင် ၂၀ မွေးမြူထားရှိမှုကို သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။ **အောင်မျိုးဝင်း(ဥတ္တရ)**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄˚c | / | ၃၂˚c |
| ရန်ကုန် | ၂၅˚c | / | ၃၃˚c |
| မန္တလေး | ၂၇˚c | / | ၃၄˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုရမည့် Grade -12 ကျောင်းသား၊ ကျောင်းသူများ ဓာတုဗေဒဘာသာရပ်နှင့် ပထဝီဝင်ဘာသာရပ်တို့ကို ဆက်လက်ဖြေဆို



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး Grade-12 ကျောင်းသား၊ ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေမှုကို ကြည့်ရှုအားပေးစဉ်။



ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် Grade-12 ကျောင်းသား၊ ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေမှုကို ကြည့်ရှုအားပေးစဉ်။



စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော် Grade-12 ကျောင်းသား၊ ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေမှုကို ကြည့်ရှုအားပေးစဉ်။



မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် Grade-12 ကျောင်းသား၊ ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေမှုကို ကြည့်ရှုအားပေးစဉ်။



မန္တလေးတိုင်းဒေသကြီး၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုသည့် Grade-12 ကျောင်းသား၊ ကျောင်းသူများကို တွေ့ရစဉ်။

**နေပြည်တော် ဇွန် ၁၉**

နေပြည်တော်ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်တို့မှ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများသည် ဇွန်လ ၁၆ ရက်မှစတင်၍ သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ စာစစ်ဌာန ၁၉၅ ခု၌ ဝင်ရောက်ဖြေဆိုလျက်ရှိရာ ယနေ့ တက္ကသိုလ်ဝင်စာမေးပွဲ စတုတ္ထနေ့တွင် ဓာတုဗေဒဘာသာရပ်နှင့် ပထဝီဝင်ဘာသာရပ်တို့ကို ဝင်ရောက်ဖြေဆိုသူ ကျောင်းသား၊ ကျောင်းသူ ၆၂၇၈၉ ဦး (ဖြေဆိုရာခိုင်နှုန်း ၉၈ ဒသမ ၆၁ ရာခိုင်နှုန်း) ရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရှိရသည်။

ထိုသို့ ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ စာမေးပွဲဖြေဆိုနေမှုများကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့်ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးကြပြီး ကျောင်းသား၊ ကျောင်းသူများနှင့် လိုက်ပါပို့ဆောင်ပေးသည့် မိဘအုပ်ထိန်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံအားပေး စကားပြောကြားကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။





စာမေးပွဲဖြေဆိုမှုနှင့် ပတ်သက်၍ ကျောင်းသူတစ်ဦးက "သမီးဆိုရင် ဘယ်အခန်းထဲမှာဘယ်အခန်းကိုကိုယ်အောင်အောင် လုပ်မလဲဆိုတာကို အရင်လုပ်တယ်။ ပြီးတော့မှ ဂုဏ်ထူးပါနိုင်တဲ့အခန်းတွေကို အရင်လေ့လာတယ်။ ပြီးတော့မှ အမှတ်များနိုင်တဲ့အခန်းတွေကိုလည်းကြည့်ဖြစ်ပါတယ်။ အခုစာမေးပွဲပြီးရင်တော့ သမီးဝါသနာပါတဲ့ တက္ကသိုလ်ကိုတက်ချင်ပါတယ်၊ အမှတ်များအောင်လည်းကြိုးစားနေပါတယ်။ အနာဂတ်ရည်မှန်းချက်ကတော့ ဆရာဝန်ဖြစ်ချင်ပါတယ်။ သမီးပညာတတ်ကြီးဖြစ်ရင်တော့ သမီးရဲ့မိဘနှစ်ပါးကို တစ်ဖက်တစ်လမ်းကနေ ပြုစုကျွေးမွေးစောင့်ရှောက်ချင်ပါတယ်။ အဲဒီအတွက်လည်းကြိုးစားနေပါတယ်။ ပထမတစ်ခါဖြေတုန်းကတော့ နည်းနည်းလွတ်သွားတဲ့စာတွေလည်းရှိခဲ့ပါတယ်။ နောက်ပြီး နားမလည်တဲ့စာတွေလည်း ရှိပါတယ်။ အခုတစ်ခါကျတော့ နားလည်အောင်ပိုပြီးတော့လေ့လာဖြစ်တယ်။ ပိုပြီးတော့လည်း ကြိုးစားဖြစ်တယ်။ အခုတစ်ခါဖြေဆိုရတာ ပိုပြီးတော့အားရမိပါတယ်။ ပြန်လည်ဖြေဆိုခွင့်ပေးတဲ့ နိုင်ငံတော်အကြီးအကဲနဲ့တကွ ပညာရေးမှူးအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါတယ်" ဟုပြောသည်။

စာမေးပွဲများ ပြန်လည်ကျင်းပနေစဉ်ကာလအတွင်း ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာဖြေဆိုနိုင်ရေးအတွက် စာမေးပွဲများကျင်းပနေသည့် မြို့နယ်များအလိုက် တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များဖြင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့် အခြားလိုအပ်သည်များကို စနစ်တကျ စီမံဆောင်ရွက်ထားကြောင်း သတင်းရရှိသည်။

(၁၀၀)

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော ရတနာရန်အောင်မြင်ကျောင်းတိုက်ရှိသာသနိကအဆောက်အအုံ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုအားပေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် မဟာမုနိဘုရားကြီးရှိ ကျောင်းတော်ကြီး၏ ဘုံခုနစ်ဆင့်နေရာတွင် ငြမ်းများစနစ်တကျဆင်၍ ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစဉ်။

**နေပြည်တော် ဇွန် ၁၉**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့်တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်းရှိရာဇမဏိစူဠာကောင်းမှုတော်စေတီတော်မြတ်ကြီး၊ ဆွမ်းဦးပုညရှင်စေတီတော်နှင့် ရတနာစေတီဆင်များရှင်ဘုရားကြီးတို့၌ ငလျင်အတွင်း ထိခိုက်ပျက်စီးခဲ့သောသာသနိကအဆောက်အအုံများအား ဒေသခံပြည်သူများနှင့်အတူ အဖွဲ့အစည်းအသီးသီးမှပူးပေါင်း၍ အပြီးသတ်ဖယ်ရှားရှင်းလင်းပြီးနောက် ဘက်စုံပြန်လည်ပြုပြင်တည်ဆောက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်အားပေးဆောင်ရွက်နေကြသူများကို အင်အားဖြည့်အချိုရည်များ ပေးအပ်ကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် သကျမိတာသီလရှင်စာသင်တိုက်၊ ဇမ္ဗူမင်္ဂလာဆုတောင်းပြည့်ဘုရား၊ စိန်ရတနာကျောင်းတိုက်နှင့်ရတနာရန်အောင်မြင်ကျောင်းတိုက်များ၌ ငလျင်ပြီးနောက် သာသနိကအဆောက်အအုံများကို အဖွဲ့အစည်းအသီးသီးမှစက်ယန္တရားကြီးများအသုံးပြု၍ အရှိန်အဟုန်မြှင့်အပြီးသတ်ဖယ်ရှားရှင်းလင်းပြီး ပြန်လည်တည်ဆောက်နေမှု၊ မဟာစည်းခုံကြီးစေတီတော်ပရိဝုဏ်အတွင်း၌ ငလျင်ဒဏ်သင့်ပြည်သူများနေထိုင်နိုင်ရန်အတွက် Modular House ဆောက်လုပ်ပြီးစီးနေမှု၊ စစ်ကိုင်းမြို့အတွင်း ငလျင်ဒဏ်သင့်လူနေအဆောက်အအုံများ၊ လမ်းတစ်လျှောက် လမ်းဘေးဝဲ/ယာများရှိ အပြိုအပျက်များကို မြို့အင်ဂျင်နီယာနှင့်အညီ သန့်ရှင်းသာယာလှပစေရေး လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ စက်ယန္တရားကြီးများ၊ စည်ပင်သာယာရေးဝန်ထမ်းများနှင့်အတူ ပူးပေါင်း၍ အရှိန်အဟုန်မြှင့် အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုတို့ကို လိုက်လံကြည့်ရှုအားပေးပြီး လုပ်အားပေးဆောင်ရွက်နေကြသူများကို အားဖြည့်အချိုရည်များ ပေးအပ်ကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိဘုရားကြီးသို့ သွားရောက်၍ ဘုရားကြီးအား ရွှေသင်္ကန်းကပ်လှူပူဇော်ပြီး အပျက်အစီးများဖယ်ရှားရှင်းလင်းဆောင်ရွက်ပြီးစီးမှု၊ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်စဉ် အန္တရာယ်ကင်းရှင်းစေရေး ဆောင်ရွက်ထားရှိမှု၊ ကျောင်းတော်ကြီး၏ ဘုံခုနစ်ဆင့်နေရာတွင် ငြမ်းများစနစ်တကျဆင်၍ ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နေမှု၊ ဂန္ဓကုဋီတိုက်အား ပိုမိုခိုင်ခံ့စေရန်အတွက် ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု၊ ဘုရားကြီး၏နောက်ကျောတော်နေရာတွင် ပြိုကျပျက်စီးသွားသည့် တိုင်များအား ပြန်လည်တည်ဆောက်ရန်အတွက် တိုင်ကျင်းများတူးဖော်ထားရှိမှုနှင့်ချိတ်ဆွဲရတနာပြတိုက်အတွင်း မဟာမုနိဘုရားကြီး၏ထီးတော်နှင့်စိန်ဖူးတော်အား ပူဇော်ခံထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေး၍ ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သည်များ တာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် မဟာအောင်မြေမြို့နယ်၊ မဟာအောင်မြေအနောက်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ အလယ်ရပ်ကွက်နှင့် အနောက်ရပ်ကွက်တို့ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့်အန္တရာယ်ရှိ အဆောက်အအုံ အပျက်အစီးများအား စက်ယန္တရားကြီးများအသုံးပြု၍ အင်တိုက်အားတိုက် ရှင်းလင်းဖယ်ရှားနေမှုများအား ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေး အထူးဂရုပြုဆောင်ရွက်ရန်မှာကြားပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

## မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို တာဝန်ရှိသူများက ကြည့်ရှုဖူးမြော်စဉ်။

**နေပြည်တော် ဇွန် ၁၉**

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိ အဘယာရာမ ပရိယတ္တိစာသင်တိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၄၀ ပါးအား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးခြင်းနှင့် ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

## ခိုလမ်မြို့၊ တုန်ဟုန်းကျေးရွာ၌ ၂၀၂၅ ခုနှစ်၊ (ပထမ)အကြိမ် မိုးရာသီ လူထုစုပေါင်းသစ်ပင်စိုက်ပျိုးပွဲပြုလုပ်

**နေပြည်တော် ဇွန် ၁၉**

၂၀၂၅ ခုနှစ်၊ (ပထမ)အကြိမ် မိုးရာသီ လူထုစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန်လ ၁၈ ရက်နေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ ခိုလမ်မြို့ရှိ တုန်ဟုန်းကျေးရွာ၌ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြသည်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ရတနာတန်းဝင်ကျွန်းပျိုးပင်အား စိုက်ပျိုးစဉ်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၅ ခုနှစ်၊ (ပထမ)အကြိမ် မိုးရာသီ လူထုစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် စိုက်ပျိုးမည့် ရတနာတန်းဝင် ကျွန်းပျိုးပင်များအား ဌာနဆိုင်ရာဝန်ထမ်းများအား ပေးအပ်ကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကျွန်းပျိုးပင်များအား သတ်မှတ်နေရာများအလိုက် စိုက်ပျိုးကြသည်။ ၎င်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ကျွန်းပျိုးပင်များ စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါ ၂၀၂၅ ခုနှစ်၊ (ပထမ)အကြိမ် မိုးရာသီ လူထုစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင်ကျွန်းပျိုးပင် စုစုပေါင်း ၁၂၀၀ ပင်ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

**မှတ်သားဖွယ်ရာ မိုးရေချိန်များ**
၁၉-၆-၂၀၂၅

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ခန္တီး | ၈ | ဒသမ | ၆၆ | လက်မ | ကျိုက်လတ် | ၂ | ဒသမ | ၁၀ | လက်မ |
| ကျောက်ဖြူ | ၅ | ဒသမ | ၆၉ | လက်မ | ချောင်းဆုံ | ၁ | ဒသမ | ၉၇ | လက်မ |
| ကျိုက္ခမီ | ၂ | ဒသမ | ၆၄ | လက်မ | မအူပင် | ၁ | ဒသမ | ၇၃ | လက်မ |
| ဥက္ကံ | ၂ | ဒသမ | ၅၆ | လက်မ | ရေး | ၁ | ဒသမ | ၅၄ | လက်မ |
| စစ်တွေ | ၂ | ဒသမ | ၁၃ | လက်မ | ပင်လောင်း | ၁ | ဒသမ | ၅၄ | လက်မ |

# သဘာဝဘေးများနှင့် လျှပ်စစ်အန္တရာယ်

မောင်မောင်စွယ်စုံထွန်း

သဘာဝဘေးအန္တရာယ်ကျရောက်လာပါက နိုင်ငံတော်မှတာဝန်ရှိသူများ၊ သက်ဆိုင်ရာဌာနများက ယာယီကယ်ဆယ်ရေးစခန်းများဖွင့်လှစ်၍ နေထိုင်စားသောက်ရေး၊ ကျန်းမာရေး၊ ပြန်လည်နေရာချထားရေးကိစ္စတို့ကို ကြိုတင်စီစဉ်ဆောင်ရွက်ခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်း၊ မိုးလေဝသသတင်းများကို အခါမလပ် ရုပ်မြင်သံကြား၊ ရေဒီယိုနှင့်သတင်းစာများမှ ကြိုတင်အသိပေးကြေညာခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။ စာရေးသူအနေဖြင့် မကြာခင်ကဖြစ်ပွားခဲ့သောရာဂိမုန်တိုင်းကဲ့သို့သော ရေကြီးရေလျှံခြင်းမျိုး မကြာသေးမီကဖြစ်ပွားခဲ့သော မန္တလေးငလျင်ကြီးကဲ့သို့သောငလျင်ကြီးမျိုး စသည့်သဘာဝဘေးအန္တရာယ်မျိုးဖြစ်ပွားလာပါက ဖြစ်နိုင်ဖွယ်ရာရှိသော လျှပ်စစ်အန္တရာယ်များကို ဘေးသင့်ဒေသရှိပြည်သူများ သိရှိရှောင်ရှားကာကွယ်နိုင်ကြစေရန် ရေးသားတင်ပြလိုသည်။

**ရေကြီးရေလျှံနေ၍ဖြစ်စေ၊ ငလျင်ကြောင့်မနေရဲ၍ဖြစ်စေ မိမိတို့နေအိမ်ကို စွန့်ခွာပြီး ဘေးလွတ်ရာနေရာသို့ ခေတ္တပြောင်းရွှေ့လျှင်လည်း မိမိတို့နေအိမ်ရှိ လျှပ်စစ်မီးခလုတ်များနှင့် မိန်းခလုတ်များကို ပိတ်သွားရန်လိုအပ်သည်။ ရေပြန်ကျ၍ မိမိတို့နေအိမ်သို့ပြန်လာစဉ် အိမ်ထဲတွင်ရေမရှိတော့သော်လည်း လျှပ်စစ်ဓာတ်အားသုံး ပစ္စည်းများဖြစ်သည့် ပလပ်ပေါက်များ၊ မီးခလုတ်များ၊ မော်တာများ၊ မီးအားမြှင့်စက်များ၊ အင်ဗာတာများ ရေဝင်နေလျှင်၊ ရေစိုနေလျှင်၊ ရေငွေ့များရိုက်ထားလျှင်၊ ရွှံ့ညွန်များ၊ အမှိုက်များပေနေလျှင်၊ ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးမှုများရှိခဲ့လျှင် ကိုယ်တိုင်ကိုင်တွယ်ပြုပြင်ခြင်း၊ မီးခလုတ်နှင့်လျှပ်စစ်ခလုတ်များဖွင့်ခြင်းမပြုသေးဘဲ လျှပ်စစ်ကျွမ်းကျင်သူကို ခေါ်ယူပြသ၍ လိုအပ်သလိုဆောင်ရွက်ပြီး လျှပ်စစ်အန္တရာယ် ရှိ/မရှိ စစ်ဆေးကာ အန္တရာယ်ကင်းရှင်းမှသာ လျှပ်စစ်ခလုတ်များကိုဖွင့်ကြရန် သတိပေးလိုသည်။ လျှပ်စစ်ဓာတ်အားသုံးလိုဇောဖြင့် မစစ်ဆေးဘဲမဖွင့်မိကြစေရန် အထူးသတိပြုကြစေလိုသည်။**

ပထမဦးစွာရေကြီးရေလျှံချိန်တွင် ရေဝင်နစ်မြုပ်နေသည့် နေအိမ်အဆောက်အအုံများ၌ ဆက်သွယ်တပ်ဆင်အသုံးပြုနေသည့် လျှပ်စစ်ဓာတ်အားသုံးပစ္စည်းများ၊ ရေနစ်မြုပ်နေသည့် ထရန်စဖော်မာများ၊ ရေနစ်မြုပ်နေသည့်ဓာတ်တိုင်များ၊ ဓာတ်အားလိုင်းများသည် လျှပ်စစ်ဓာတ်အားရှိနေပါက ဓာတ်လိုက်မှုအန္တရာယ် ဖြစ်ပေါ်နိုင်ပေသည်။ သို့ဖြစ်၍လည်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ တာဝန်ရှိသူများက ငလျင်ကြောင့်တိုင်ပြိုလဲမှုရှိသည့်နေရာများ ရေလွှမ်းမိုးမှုဒဏ်ခံနေရသည့်နေရာဒေသများကို လျှပ်စစ်ဓာတ်အားခေတ္တဖြတ်တောက်(ဓာတ်အားပိတ်)ထားရသည်။ ပြည်သူတို့ အသက်အန္တရာယ်ဖြစ်မည်စိုး၍ ပိတ်ပေးထားရခြင်းသာဖြစ်သည်။

ထိုသို့ အချိန်နှင့်တစ်ပြေးညီ လျှပ်စစ်ဓာတ်အားပိတ်ထားနိုင်ရန်အတွက်လည်း ရပ်ကွက်အတွင်းရှိ တာဝန်ရှိပြည်သူများက မိမိတို့ရပ်ကွက်၌ ရေကြီးရေလျှံ၍ လမ်းများ၊ အိမ်များ၊ လျှပ်စစ်ပစ္စည်းများ ရေနစ်မြုပ်ပါက သက်ဆိုင်ရာ မြို့နယ်လျှပ်စစ်ရုံးများသို့ ဆက်သွယ်အကြောင်းကြားကြရန်လိုအပ်လှသည်။ ထို့အတူ မိုးဒဏ်၊ လေဒဏ်၊ ရေတိုးသည့်ဒဏ်များနှင့် ငလျင်ဘေးဒဏ်များကြောင့် ဓာတ်တိုင်များ ယိုင်လဲခြင်း၊ ဓာတ်အားလိုင်းကြိုးများပြတ်ကျခြင်း၊ ဓာတ်အားလိုင်းကြိုးများ လျော့ကျအိကျနေခြင်း၊ ပြတ်ကျနေသောဓာတ်ကြိုးများ သစ်ပင်သစ်ကိုင်းပေါ်တင်နေခြင်း၊ ရေထဲသို့ကျနေခြင်းစသည့်အကြောင်းများကြောင့် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုနှင့် ဓာတ်လိုက်မှုအန္တရာယ်များ ဖြစ်ပေါ်လာနိုင်သည်။ ရေပတ်လည်ဝိုင်းရံနေသော၊ ရေဝင်နစ်မြုပ်နေသော ဘုရား၊ တန်ဆောင်း၊ ကျောင်း စသည့်သာသနိကအဆောက်အအုံများ၊ ရုံးများ၊ ကျောင်းများ၊ စက်ရုံ၊ အလုပ်ရုံများ၊ လူနေအိမ်များရှိ လျှပ်စစ်ဓာတ်အားသုံးပစ္စည်းများကို ရေစိုနေလျှင် သို့မဟုတ် ရေနစ်မြုပ်နေလျှင်၊ ရေဝင်နေလျှင် ကျန်နေသောအခြားလျှပ်စစ်ဓာတ်အားသုံးပစ္စည်းများကို လုံးဝမသုံးပါနှင့်၊ လျှပ်စစ်မီးခလုတ်များကို မဖွင့်ပါနှင့်၊ မီးခလုတ်ကိုပိတ်ထားပါ၊ ဓာတ်အားမပိတ်ထားမီအချိန်တွင် လျှပ်စစ်ဓာတ်ကြိုးများ၊ အသုံးပြုနေသော လျှပ်စစ်ပစ္စည်းများသည် လျှပ်စစ်ဓာတ်အားရှိနေသည်ဟု မှတ်ယူကြရမည်။

ရေကြီးရေလျှံနေ၍ဖြစ်စေ၊ ငလျင်ကြောင့်မနေရဲ၍ဖြစ်စေ မိမိတို့နေအိမ်ကိုစွန့်ခွာပြီး ဘေးလွတ်ရာနေရာသို့ ခေတ္တပြောင်းရွှေ့လျှင်လည်း မိမိတို့နေအိမ်ရှိ လျှပ်စစ်မီးခလုတ်များနှင့် မိန်းခလုတ်များကို ပိတ်သွားရန်လိုအပ်သည်။ ရေပြန်ကျ၍ မိမိတို့နေအိမ်သို့ပြန်လာစဉ် အိမ်ထဲတွင်ရေမရှိတော့သော်လည်း လျှပ်စစ်ဓာတ်အားသုံးပစ္စည်းများဖြစ်သည့် ပလပ်ပေါက်များ၊ မီးခလုတ်များ၊ မော်တာများ၊ မီးအားမြှင့်စက်များ၊ အင်ဗာတာများ ရေဝင်နေလျှင်၊ ရေစိုနေလျှင်၊ ရေငွေ့များရိုက်ထားလျှင်၊ ရွှံ့ညွန်များ၊ အမှိုက်များပေနေလျှင်၊ ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးမှုများရှိခဲ့လျှင် ကိုယ်တိုင်ကိုင်တွယ်ပြုပြင်ခြင်း၊ မီးခလုတ်နှင့်လျှပ်စစ်ခလုတ်များ ဖွင့်ခြင်းမပြုသေးဘဲ လျှပ်စစ်ကျွမ်းကျင်သူကို ခေါ်ယူပြသ၍ လိုအပ်သလို ဆောင်ရွက်ပြီး လျှပ်စစ်အန္တရာယ် ရှိ/မရှိ စစ်ဆေးကာ အန္တရာယ်ကင်းရှင်းမှသာ လျှပ်စစ်ခလုတ်များကိုဖွင့်ကြရန် သတိပေးလိုသည်။ လျှပ်စစ်ဓာတ်အားသုံးလိုဇောဖြင့် မစစ်ဆေးဘဲမဖွင့်မိကြစေရန် အထူးသတိပြုကြစေလိုသည်။

ရေဘေးသင့်ဒေသများ၌ ရေပြန်ကျသွား၍ ရပ်ကွက်ရှိပြည်သူများအနေဖြင့် ညဘက်သွားလာကြရာ၌ လက်နှိပ်ဓာတ်မီးများကို မဖြစ်မနေယူဆောင်သွားသင့်သည်။ ယူဆောင်သွားသောလက်နှိပ်ဓာတ်မီးများဖြင့် ပြတ်ကျနေသောဓာတ်ကြိုးများ၊ အိကျနေသောဓာတ်ကြိုးများနှင့် မြွေများ၊ ကင်းများ၊ ရေနှင့်အတူပါလာတတ်သော အဆိပ်ရှိသည့်သတ္တဝါများကို မြင်အောင်ကြည့်၊ လွတ်အောင်ရှောင်၍ ရေကြီးပါကဖြစ်လာနိုင်သော လျှပ်စစ်အန္တရာယ်များ လွတ်ကင်းအောင် ဆင်ခြင်တုံတရားဖြင့် သတိထားကြစေလိုသည်။

သဘာဝဘေးအန္တရာယ်များကြောင့် နေအိမ်များ ထိခိုက်မှုများရှိပြီးနောက် မူလအတိုင်း လျှပ်စစ်ကို ပြန်လည်သုံးစွဲနိုင်ခဲ့လျှင်လည်း အောက်ပါအချက်များကို လိုက်နာဆောင်ရွက်သင့်ကြသည်-

( ၁ ) အိမ်တွင် လျှပ်စစ်ပစ္စည်းများ၊ မီးခလုတ်/မီးပလပ်နှင့် ဝိုင်ယာကြိုးများကို ကလေးများမကစားစေရန် သွန်သင်ပေးသင့်သည်။ ဖြစ်နိုင်ပါက ထိုအရာများကို ကလေးများ လက်လှမ်းမမီသည့်နေရာတွင် ထားသင့်သည်။

( ၂ ) နေအိမ်ရှိလျှပ်စစ်ပစ္စည်းများအား တစ်ပြိုင်တည်း ဝန်ပိုသုံးစွဲခြင်းမပြုသင့်ပါ။ ယနေ့အချိန်အခါတွင် လျှပ်စစ်ကိုအလှည့်ကျစနစ်ဖြင့် ဖြန့်ဖြူးပေးလျက်ရှိရာ နေအိမ်အများစုသည် ဓာတ်အားပြန်မပြတ်တောက်ခင် မလုပ်လိုက်ရမရှိစေရန် ဓာတ်အားရလျှင်ရချင်း လျှပ်စစ်ပစ္စည်းအားလုံးကို တစ်ပြိုင်တည်းအသုံးပြုကြလေ့ရှိသည်မှာ အလွန်အန္တရာယ်များလှသည်။

( ၃ ) လျှပ်စစ်ပစ္စည်းများအား သုံးနေစဉ် ဓာတ်အားပြတ်တောက်သွားပါက ခလုတ်ပိတ်ထားသင့်သည်။ ဖြစ်နိုင်လျှင် လျှပ်စစ်ပစ္စည်းများ၏ ပလပ်ခေါင်းများကို ဖြုတ်ထားသင့်သည်။ ပလပ်ဖြုတ်သည့်အခါတွင်လည်း ပလပ်ခေါင်းမှ ကိုင်၍ ဖြုတ်ပါ၊ ကြိုးမှကိုင်၍ ဆွဲမဖြုတ်သင့်ပါ။

( ၄ ) လျှပ်စစ်ပစ္စည်းများအား ဆော့ကတ်ပေါက်မှ ထမ်းဆောင်နိုင်သော ဝန်အားထက်ပို၍ မသုံးစွဲသင့်ပါ။

( ၅ ) လျှပ်စစ်ပစ္စည်းများ၊ မီးပလပ်၊ ခလုတ်၊ ဝိုင်ယာကြိုးများ ပေါက်ပြဲ၊ ပျက်စီး၊ ဆွေးမြည့်နေပါက ဆက်မသုံးတော့ဘဲ လဲလှယ်သင့်သည်။

( ၆ ) မီးလုံး၊ မီးချောင်းများ လဲလှယ်ရာတွင် သက်ဆိုင်ရာ မီးခလုတ်အား ပိတ်ပြီးမှ ဆောင်ရွက်သင့်သည် ။ အိမ်သုံးလျှပ်စစ်ပစ္စည်းများ လျှပ်စစ်ပြုပြင်လိုပါက လုံးဝပင်မခလုတ် (Main Switch)ကိုပိတ်ပြီးမှ ပြုလုပ်ဆောင်ရွက်သင့်သည်။

( ၇ ) ရေစိုနေသောလက်ဖြင့်ခလုတ်ဖွင့်/ပိတ်လုပ်ခြင်း၊ ပလပ်ဖြုတ်/တပ်ခြင်းတို့မပြုလုပ်သင့်ပါ။ ထို့အတူ ရေစိုနေသောနေရာများတွင်လျှပ်စစ်ပစ္စည်းများထားရှိအသုံးပြုခြင်းမပြုလုပ်သင့်ပါ။

( ၈ ) လိုအပ်သည်ဖြစ်စေ/မလိုအပ်သည်ဖြစ်စေ မီးချောင်း၊ ပန်ကာ၊ လေအေးပေးစက်များကို ဆက်တိုက်ဖွင့်ထားခြင်းကိုမပြုလုပ်သင့်ပါ၊ မီတာခပိုကုန်ကျသည့်အပြင် အပူလွန်ကဲစေနိုင်သဖြင့် မီးလောင်စေတတ်သည်။

( ၉ ) ဟန်းဖုန်းများ၊ ကွန်ပျူတာများ အားသွင်းရာတွင် လိုအပ်ချိန်ထက် ပိုမိုကြာမြင့်စွာ အားမသွင်းထားသင့်ပါ။

( ၁၀ ) လျှပ်စစ်ပစ္စည်းများနှင့် ဝိုင်ယာကြိုးများတွင် လျှပ်စစ်ဓာတ်အား ရှိ၊ မရှိ မသေချာပါက ဓာတ်အားရှိနေသည်ဟု မှတ်ယူပြီး ဂရုစိုက်သင့်သည်။

( ၁၁ ) အရည်အသွေးကောင်းမွန်သော လျှပ်စစ်ပစ္စည်းများကိုသာ စနစ်တကျ တပ်ဆင်သုံးစွဲသင့်သည်။

( ၁၂ ) နေအိမ်မှ မိသားစုလိုက် ပြင်ပထွက်သည့်အခါ ပင်မမီးခလုတ်အား ပိတ်သွားသင့်သည်။

( ၁၃ ) မီးကြိုးများကို ပူသည့်အရာများအနီးတွင် မထားသင့်ပါ၊ ယာယီမီးကြိုးသွယ်တန်းလျှင် ကြမ်းပြင်ပေါ်မချထားဘဲ အမြင့်မှ နေ၍သာ သွယ်တန်းသင့်သည်။

( ၁၄ ) မတော်တဆ လျှပ်စစ်ပစ္စည်းများ၊ မီးကြိုးများမီးလောင်ပါက ရေလောင်းခြင်း မပြုလုပ်ရပါ။ ပင်မမီးခလုတ်ကိုသာအမြန်ပိတ်သင့်သည်။

( ၁၅ ) တစ်ဦးဦးဓာတ်လိုက်ခံရပါက ၎င်းကို ချက်ချင်း သွားမထိသင့်ပါ၊ ပင်မမီးခလုတ်ကိုသာ အမြန်ပိတ်သင့်သည်။

ထို့ပြင် သဘာဝဘေးကျရောက်ပြီးနောက်ပိုင်း နေအိမ်တွင်းလျှပ်စစ်လိုင်းများကို ပြုပြင်ဆောင်ရွက်သည့်အခါတွင်လည်း နားလည်တတ်ကျွမ်းသူများဖြင့်သာ ဆောင်ရွက်သင့်သည်။ လျှပ်စစ်တပ်ဆင်ရေးဆောင်ရွက်သူများအနေဖြင့် သင်တန်းများသေချာစွာတက်ပြီးမှ ဆောင်ရွက်သင့်သလို လိုက်နာရမည့် လျှပ်စစ်သဘောတရားများကိုလည်း အပြည့်အဝ လိုက်နာဆောင်ရွက်ကြရန်လိုသည်။ သဘာဝဘေးကျရောက်ပြီးသည့်နောက် အသစ်ပြန်လည်တည်ဆောက်ရေးများ ဆောင်ရွက်သည့်အခါတွင်လည်း ဆောက်လုပ်ရေးလုပ်ငန်းခွင်များမှအစ နေအိမ်များအဆုံး လျှပ်စစ်ပစ္စည်းများအသုံးပြုသည့်အခါ Load အတိုင်းအတာအလျောက် Cable နှင့် Breaker များကို သင့်လျော်သည့်အရွယ်အစားဖြင့်သာ စနစ်တကျ တပ်ဆင်အသုံးပြုသင့်ကြပါကြောင်းနှင့် သဘာဝဘေးကျရောက်ပြီးချိန်များတွင် လျှပ်စစ်အန္တရာယ်ကို အထူးသတိပြုဆောင်ရွက်သင့်ပါကြောင်း တင်ပြရေးသားလိုက်ရပါသည်။ ။

MWD Education, Knowledge & Sports Channel

၂၀-၆-၂၀၂၅(သောကြာနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၇:၀၀ – ၀၈:၂၇ | Grade – 9 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၂။ | ၁၅:၃၀ – ၁၇:၅၇ | Grade – 9 | အင်္ဂလိပ်စာ၊ သင်္ချာ(၁) |
| ၃။ | ၁၇:၅၇ – ၁၈:၅၅ | Grade – 9 | သင်္ချာ(၂)၊ ပထဝီဝင် |
| ၄။ | ၁၈:၅၅ – ၂၀:၃၅ | Grade – 9 | သမိုင်း၊ သိပ္ပံ |

# ပျူခေတ်ဆိုင်ရာ အထောက်အထားအချက်အလက်ဆွေးနွေးပွဲ ဒုတိယနေ့ဆက်လက်ကျင်းပ



**နေပြည်တော် ဇွန် ၁၉**

မြန်မာနိုင်ငံ၏ တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းစဉ်ကိုရေးသားပြုစုရန်အတွက် ပျူခေတ်ဆိုင်ရာ အထောက်အထားအချက်အလက်ဆွေးနွေးပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် အမျိုးသားပြတိုက်(ရန်ကုန်) ဘက်စုံခန်းမ၌ ဆက်လက်ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဖဲ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာသမိုင်းအဖွဲ့ ပညာရှင်ကြီးများ၊ အကြံပေးပညာရှင်များ၊ ပညာရေးဝန်ကြီးဌာနနှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်တို့မှ ဘာသာရပ်ဆိုင်ရာ ပါမောက္ခများ၊ ပညာရှင်များ၊ ပျူခေတ်သုတေသနတူးဖော်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသူများ၊ လေ့လာသူပြင်ပပညာရှင်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးက ယခုတင်ပြမည့် အကြောင်းအရာများသည် ကွင်းဆင်းတူးဖော်မှု၊ အထောက်အထားလေ့လာမှု၊ ကမ္ပည်းကျောက်စာလေ့လာမှုများစသည်ဖြင့် ဘာသာရပ်ဆိုင်ရာပညာရှင်များက နယ်ပယ်အလိုက် သေချာစွာ သုတေသနပြုလေ့လာထားသောအကြောင်းအရာများဖြစ်သည့်အတွက် ယခုရေးသားပြုစုနေသည့် တစ်ဆက်တစ်စပ်တည်းသော သမိုင်းစဉ်အတွက် များစွာအထောက်အကူဖြစ်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာသူများက ပျူအက္ခရာနှင့် အသံထွက်၊ ပျူခေတ်ရေအသုံးချမှုနှင့် ရေစီမံခန့်ခွဲမှုဆိုင်ရာ အထောက်အထားများ၊ ပုဂံဒေသရှိ ပျူအထောက်အထားများနှင့်ပတ်သက်၍ သုတေသနပြုတွေ့ရှိချက်များ၊ ဗိဿနိုးပျူမြို့ဟောင်းအတွင်းရှိ သုတေသနပြုမှုဆိုင်ရာ နှောင်းတွေ့ အထောက်အထားများ၊ ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ ပျူမြို့ဟောင်းများရှိ တူးဖော်မှုကုန်းများမှ အုတ်နမူနာများ၏ မီးဖုတ်သည့်အပူချိန်ကို နှိုင်းယှဉ်သုတေသနပြုတွေ့ရှိချက်များ၊ သရေခေတ္တရာပျူမြို့ဟောင်း နန်းတော်ရာအတွင်းမှ အမိုးအုတ်ကြွပ်ပြားများနှင့် ပတ်သက်၍ သုတေသနပြု တွေ့ရှိချက်များ၊ သရေခေတ္တရာ မြို့ဟောင်းအတွင်း/အပြင်ရှိ တူးဖော်ပြီးသော ကုန်း ခုနစ်ကုန်းမှ တွေ့ရှိရသော ရွှေထည်နှင့် ငွေထည်ယဉ်ကျေးမှု အနုလက်ရာများ၊ ပျူအက္ခရာနှင့် အသံထွက်စသည့် အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးကြရာ ပညာရှင်ကြီးများနှင့် တက်ရောက်လာသူများက သိရှိလိုသည်များနှင့် ထပ်မံဖြည့်စွက်လိုသည်များကိုဆွေးနွေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက ပညာရှင်များ၏ ဆွေးနွေးချက်များအပေါ် သုံးသပ်ဆွေးနွေးခဲ့ပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ ဆွေးနွေးပွဲကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

မြဝတီ

## အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

**နေပြည်တော် ဇွန် ၁၉**

ယနေ့ည ၆ နာရီ ၂၀ မိနစ် ၀၅ စက္ကန့်အချိန်တွင် တမူးမြေငလျင်စခန်းမှ အရှေ့တောင်ဘက် ၄၄ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (မော်လိုက်မြို့၏ အရှေ့-အရှေ့မြောက်ဘက် ၁၅ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၃ ဒသမ ၆၇ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၆၅ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကိုဗဟိုပြု၍ အင်အားရစ်(ခ်)တာ စကေး ၃ ဒသမ ၁ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

(မိုး/ဇလ)

## ရှမ်းပြည်နယ်အတွင်းရှိ အချုပ်ထောင်၊ အကျဉ်းထောင်၊ အသက်မွေးမှုအတတ်သင်စခန်းနှင့် ရဲစခန်းအချုပ်ခန်းများကို မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၁၉**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးတင်အောင်နှင့် ဦးသန်းဝင်းတို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင် ဥပဒေပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်၊ ကော်မရှင်ဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အညီ ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ တောင်ကြီးအချုပ်ထောင်ကို ဇွန်လ ၁၈ ရက်တွင်လည်းကောင်း၊ ညောင်ရွှေအကျဉ်းထောင်၊ တောင်လေးလုံး စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်း၊ ကလောမြို့နယ်ရှိအောင်ပန်းနယ်မြေ ရဲစခန်းအချုပ်ခန်းနှင့်ကလောမြို့မရဲစခန်းအချုပ်ခန်းတို့ကို ဇွန်လ ၁၉ ရက်တွင်လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် တောင်ကြီးအချုပ်ထောင်၊ ညောင်ရွှေအကျဉ်းထောင်နှင့်တောင်လေးလုံး စိုက်ပျိုးမွေးမြူရေးနှင့်အသက်မွေးမှုအတတ်သင်စခန်းတို့ကို ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား၊ အကျဉ်းသူ၊ အချုပ်သား၊ အချုပ်သူများကို အိပ်ဆောင်များတွင်တွေ့ဆုံကာ အကျဉ်းသား၊ အချုပ်သားတစ်ဦး၏ အနိမ့်ဆုံးရရှိရမည့် အခွင့်အရေးများကို ကြည့်ရှုစစ်ဆေးခဲ့သည်။ ထို့ပြင် အကျဉ်းသား၊ အကျဉ်းသူ၊ အချုပ်သား၊ အချုပ်သူများအား အကျဉ်းထောင်ဝန်ထမ်းများကလည်းကောင်း၊ အကျဉ်းသားအချင်းချင်းကလည်းကောင်း ညှဉ်းပန်းနှိပ်စက်မှု ရှိ၊ မရှိ၊ ခွဲခြားဆက်ဆံမှု ရှိ၊ မရှိ၊ ယုံကြည်ကိုးကွယ်သည့် ဘာသာအလိုက် ဝတ်ပြုကိုးကွယ်နိုင်မှုရှိ၊ မရှိတို့ကိုမေးမြန်းခဲ့ပြီး သီးခြားလွတ်လပ်စွာ တွေ့ဆုံခွင့်တောင်းခံသူ အကျဉ်းသား၊ အကျဉ်းသူ၊ အချုပ်သား၊ အချုပ်သူများကိုလည်း တွေ့ဆုံမေးမြန်းမှတ်တမ်းတင်သည်။


ထို့နောက် အကျဉ်းသား၊ အကျဉ်းသူ၊ အချုပ်သား၊ အချုပ်သူများ၏ အိပ်ဆောင်များ၊ ဆေးခန်းများ၊ စာကြည့်တိုက်၊ ထောင်ဝင်စာတွေ့ဆုံသည့်နေရာ၊ စားဖိုကြီး၊ ရိက္ခာဂိုဒေါင်၊ ရေသန့်စက်များ၊ သုံးရေ၊ ချိုးရေကန်များနှင့်အတွင်း၊ အပြင် မိလ္လာများစသည်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး စဝ်စံထွန်းပြည်သူ့ဆေးရုံကြီးတွင် ဆေးဝါးကုသမှုခံယူနေသော အကျဉ်းသား၊ အကျဉ်းသူများကို သွားရောက်တွေ့ဆုံကာ ဆေးဝါးကုသပေးနေမှုအခြေအနေကို ကြည့်ရှု၍ အားပေးစကားပြောကြားခဲ့သည်။


အကျဉ်းထောင်၊ အချုပ်ထောင်၊ စိုက်ပျိုးမွေးမြူရေးနှင့်အသက်မွေးမှု အတတ်သင်စခန်းအသီးသီးရှိ အကျဉ်းသားများ ဖတ်ရှုလေ့လာနိုင်ရန်အတွက် သုတ၊ ရသ၊ ကျန်းမာရေးနှင့်ဘာသာရေးဆိုင်ရာ စာအုပ်စာပေများကိုလည်း လှူဒါန်းခဲ့သည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် အောင်ပန်းနယ်မြေရဲစခန်းအချုပ်ခန်းနှင့်ကလောမြို့မရဲစခန်းအချုပ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးစဉ် ရီမန်ကာလအခြေအနေ၊ အချုပ်ခန်းများအတွင်းနေထိုင်စဉ်နှင့်အမှုစစ်ဆေးစဉ်ကာလအတွင်း ညှဉ်းပန်းနှိပ်စက်ခံရမှု ရှိ မရှိ မိသားစုနှင့်တွေ့ဆုံနိုင်မှု၊ တရားရုံး ရုံးထုတ်ချိန်အတွင်း စားသောက်ရေးစီစဉ်ပေးမှု၊ အချုပ်ခန်းအတွင်း မိလ္လာသုံးစွဲမှု/နှင့်အချုပ်ခန်းများအတွင်းသန့်ရှင်းမှု ရှိ၊ မရှိ၊ အကျိုးဆောင်ရှေ့နေများနှင့်တွေ့ဆုံခွင့်ရရှိမှုအခြေအနေတို့ကို အချုပ်သား၊ အချုပ်သူများနှင့်တွေ့ဆုံမေးမြန်းပြီး အချုပ်ခန်းကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့်အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနသို့ ကော်မရှင်ဥပဒေနှင့်အညီ အကြံပြုပေးပို့သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ထံမှ သတင်းရရှိသည်။

မြဝတီ




**○ ကျောဖုံးမှအဆက်**

တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ပြုပြင်မွမ်းမံထိန်းသိမ်းမှု လုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှုကို ကွင်းဆင်းစစ်ဆေး



ညောင်ဦး ဇွန် ၁၉

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းက ညောင်ဦးခရိုင်ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ တန်ခိုးကြီးဘုရားများအားသွားရောက်ဖူးမြော်ကြည်ညိုပြီး ဘက်စုံပြုပြင်မွမ်းမံခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ အာနန္ဒာ၊ ထီးလိုမင်းလိုနှင့် ရွှေစည်းခုံစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး အလှူငွေများလှူဒါန်း၍ အာနန္ဒာဘုရားကြီး စောင်းတန်းသုံးသွယ်ရှိ ရွှေဇဝါယွန်းများ ရွှေမိုက်ထုတ်မှု၊ Easy Gold ဖြင့် ရွှေချလုပ်ငန်းဆောင်ရွက်မည့် အစီအမံများ၊ ထီးလိုမင်းလိုဘုရားရင်ပြင်သဲကျောက်ပြားခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ရွှေစည်းခုံစေတီတော်ကြီးတွင် ကဏ္ဍအလိုက်ဘက်စုံပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့နှင့် ဆက်လက်ဆောင်ရွက်မည့်အစီအမံများကိုကြည့်ရှုပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂေါပကအဖွဲ့များ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဆောင်ရွက်နေသည့် ပုဂံရှေးဟောင်းအမွေအနှစ်ဒေသအတွင်း ရေကြီးရေဝပ်မှုထပ်မံမဖြစ်ပေါ်စေရေးနှင့် ရေစီးရေလာကောင်းမွန်စေရန်အတွက် ရှေးဟောင်းရေကန်များနှင့် ရှေးခေတ်ရေအသုံးချမှုစနစ် ပြန်လည်ဖော်ထုတ်ပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှု၊ သရပါတံတားအောက်ရှိ ရေနုတ်အဆောက်အအုံတိုးချဲ့ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့်အစီအမံများကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ညောင်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်နေသည့် ညောင်ဦးမြို့မှ ပုဂံမြို့သွား အနော်ရထာလမ်းမကြီးတွင် Box Culvert နှစ်စင်း ဆောင်ရွက်နေမှု လုပ်ငန်းများကိုလည်းကောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်နေသည့် ရေလမ်းကြောင်းအမှတ်(၂)ပြုပြင်တူးဖော်ခြင်း၊ ရေကျော်များပြုပြင်တည်ဆောက်ခြင်းနှင့် လိုအပ်သောမြေထိန်းနံရံများ တည်ဆောက်ခြင်းလုပ်ငန်းများကိုလည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အအုံဦးစီးဌာန အဆောက်အအုံအထူးအဖွဲ့(၇)က တာဝန်ယူတည်ဆောက်နေသော ဘက်စုံသုံးမြို့နယ်ခန်းမအဆောက်အအုံအသစ်တည်ဆောက်နေမှုနှင့် လုပ်ငန်းပြီးစီးမှုအခြေအနေများကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

မြဝတီ




# တိုင်းဒေသကြီးနှင့်ပြည်နယ် ဂျူဒိုပြိုင်ပွဲကျင်းပ

ပဲခူး ဇွန် ၁၉

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ယမန်နေ့ နံနက်ပိုင်းက အစိုးရအဖွဲ့တာဝန်ရှိသူများနှင့်အတူ ပဲခူးမြို့ အားကစားဥယျာဉ် မိုးလုံလေလုံခန်းမ၌ ကျင်းပသည့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ဂျူဒိုပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီး ဝိတ်တန်းအလိုက် ရှုံးထွက်အတိုက်ပြိုင်ပွဲများ ယှဉ်ပြိုင်ကစားနေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် အမျိုးသား၊ အမျိုးသမီး ဝိတ်တန်းအလိုက် ရှုံးထွက်အတိုက်ပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးခဲ့သည်။

ပဲခူးတိုင်းဒေသကြီးမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ဂျူဒိုပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်ကိုယ်စားပြု အားကစားသမားများမှ ယနေ့တွင်လည်း ရှုံးထွက်အတိုက်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား (-၆၀)ကီလို၊ (-၆၆)ကီလို၊ (-၇၃)ကီလို၊ (+၇၃)ကီလိုနှင့် အမျိုးသမီး(-၅၂) ကီလို၊ (-၆၃)ကီလို၊ (+၆၃)ကီလို၊ (-၅၇)ကီလို စသည့် ဝိတ်တန်းများအလိုက် ဆက်လက်ယှဉ်ပြိုင်ကစားလျက်ရှိကြောင်းသိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)



# နိုင်ငံ့အကျိုးပြု အသေးစားလေအားလျှပ်စစ် သုတေသနလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်

နေပြည်တော် ဇွန် ၁၉

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျာသည် ရန်ကုန်မြို့ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာနရှိ ပြန်ပြည့်မြဲစွမ်းအင်နှင့် အီလက်ထရောနစ်နည်းပညာသုတေသနဗဟိုဌာန၌ ဇွန်လ ၁၆ ရက်တွင် အသေးစားလေအားလျှပ်စစ်သုတေသနလုပ်ငန်းများဆိုင်ရာညှိနှိုင်းဆွေးနွေးပွဲကို တက်ရောက်သည်။

ဦးစွာ ဒုတိယဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်ရှိ လေအားလျှပ်စစ်အရင်းအမြစ်များမှ MSME များအပါအဝင် နိုင်ငံ့အကျိုးပြုလုပ်ငန်းများနှင့် ပြည်သူများ၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တစ်တပ်တစ်အားအထောက်အကူပြုနိုင်မည့် လေအားလျှပ်စစ်သုတေသနလုပ်ငန်းများကို ဆောင်ရွက်ရန်၊ နိုင်ငံ့ရေမြေသဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီကာ ကျေးလက်နှင့်မြို့ပြဒေသမရွေး တပ်ဆင်အသုံးပြုနိုင်သော လျှပ်စစ်ထုတ်လုပ်စွမ်းရည်မြင့်မား၍ အကျိုးကျေးဇူးများပြားစေမည့်တီထွင်ဆန်းသစ်နည်းပညာများဖြင့် အသေးစားလေအားလျှပ်စစ်သုတေသနလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်ရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် အဆိုပါသုတေသနဗဟိုဌာနမှ ဒုတိယညွှန်ကြားရေးမှူးက ၂၀၁၀ ပြည့်နှစ်မှစ၍ဆောင်ရွက်ခဲ့သော အသေးစားလေအားလျှပ်စစ်သုတေသနလုပ်ငန်းများမှ ရလဒ်များ၊ ယခုနှစ်အတွင်း စွမ်းရည်မြင့်လေအားလျှပ်စစ် တာဘိုင်သုတေသနလုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ကားလမ်းမကြီးများဘေး၊ ပင်လယ်ကမ်းခြေနှင့် ကားပေါ်တွင် တပ်ဆင်၍ လျှပ်စစ်ဓာတ်အားစမ်းသပ်ထုတ်လုပ်ရရှိမှုများကို ရှင်းလင်းတင်ပြပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်က သုတေသနရလဒ်မှ နည်းပညာကို ပြင်ပ၌ လက်တွေ့တပ်ဆင်အသုံးပြုမည့် ပုဂ္ဂလိကလုပ်ငန်းရှင်ထံသို့ ယခုနှစ် မေလ ၂ ရက်တွင် နည်းပညာလွှဲပြောင်းခဲ့မှုများ၊ ယင်းလုပ်ငန်းရှင်က လက်ခံရရှိသည့်နည်းပညာကို အသုံးပြု၍ လက်ရှိဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် အသေးစားလေအားလျှပ်စစ်တာဘိုင်ပုံစံငယ်ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မြောက်ဒဂုံစက်မှုဇုန်ရှိ နည်းပညာလွှဲပြောင်းလက်ခံထားသော အဆိုပါလုပ်ငန်းရှင်၏စက်ရုံတွင် စမ်းသပ်တပ်ဆင်ထားသော အသေးစားလေအားလျှပ်စစ်တာဘိုင်ကို သွားရောက်ကြည့်ရှုစစ်ဆေးကာ ပြည်သူများနှင့် MSME လုပ်ငန်းရှင်များ အမှန်တကယ် အကျိုးရှိစွာသုံးစွဲနိုင်ရေး ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်သည်များကို တိုက်တွန်းမှာကြားကြောင်းသိရသည်။

မြဝတီ

# လျှောင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇွန် ၁၉

မြန်မာနိုင်ငံတွင် မတ်လ ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ ပြည်နယ်ခြောက်ခုတို့တွင် ယနေ့အထိ သေဆုံးသူ ၃၇၅၆ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၅၀ ဦးရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၃၄ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းစေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဇွန်လ ၁၈ ရက် ညနေ ၅ နာရီမှ ဇွန်လ ၁၉ ရက် ညနေ ၅ နာရီအတွင်း တရုတ်နိုင်ငံသားအလှူရှင်များနှင့် တရုတ်နိုင်ငံရောက်မြန်မာအလှူရှင်များက လှူဒါန်းသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပစ္စည်းများ (အလေးချိန် သုညဒသမ ၉၆၂ တန်)နှင့် စင်ကာပူနိုင်ငံ စင်ကာပူမြို့ရှိ Buddha Dhamma Mandala Society နှင့် Love and Care Charity Group တို့က လှူဒါန်းသည့် ဘီစကွတ်၊ ခေါက်ဆွဲခြောက်နှင့် လူသုံးကုန်ပစ္စည်းများ (အလေးချိန် သုညဒသမ ၁၈ တန်) အသီးသီးရောက်ရှိခဲ့သည်။

အဆိုပါ ထောက်ပံ့ရေးပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများ လက်ဝယ်အရောက် အမြန်ဆုံးခွဲဝေထောက်ပံ့လျက်ရှိကြောင်းသိရသည်။

မြဝတီ

# နှစ်နိုင်ငံအခြေစိုက်သံရုံးများဖွင့်လှစ်ရန် ဆောင်ရွက်နေမှုအပါအဝင် နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာလာစေရန် ပူးပေါင်းဆောင်ရွက်သွားရေးဆွေးနွေး



နေပြည်တော် ဇွန် ၁၉

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ အာရပ်စော်ဘွားများပြည်ထောင်စု သံအမတ်ကြီး H.E. Mr. Mutaz Abdullah Abduljaleel Mohamed Al Faheem အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံအခြေစိုက်သံရုံးများဖွင့်လှစ်ရန် ဆောင်ရွက်နေမှုအပါအဝင် နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာလာစေရန် ပူးပေါင်းဆောင်ရွက်သွားရေး၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ စွမ်းအင်ကဏ္ဍနှင့်အခြားသောအပြန်အလှန်အကျိုးစီးပွားဖြစ်ထွန်းစေမည့်နယ်ပယ်များ၌ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြကြောင်းသိရသည်။

မြဝတီ

# လယ်ဝေးမြို့နယ်အတွင်းရှိ ကျေးရွာ ၁၁ ရွာမှ စိုက်ပျိုးရေးသမဝါယမအသင်း ၁၁ သင်းအတွက် အထွက်တိုးမျိုးစပါးနှင့် သွင်းအားစုများပေးအပ်

နေပြည်တော် ဇွန် ၁၉

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ညောင်ကုန်းခေတ်မီစံပြကျေးရွာသို့ သွားရောက်၍ ညောင်ကုန်းစိုက်ပျိုးရေးနှင့်အထွေထွေ သမဝါယမအသင်းအပါအဝင် ကျေးရွာပေါင်း ၁၁ ရွာ၊ စိုက်ပျိုးရေးသမဝါယမအသင်းပေါင်း ၁၁ သင်းတို့မှ အသင်းသားတောင်သူ ၁၀၄ ဦးအတွက် ၂၀၂၅-၂၀၂၆ မိုးစပါးစီမံကိန်းတွင် ပန်းတိုင်အထွက်နှုန်းရရှိရေး အထွက်တိုးမျိုးစပါးနှင့် သွင်းအားစုပေးအပ်ပွဲသို့ တက်ရောက်သည်။



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက တောင်သူများအနေဖြင့် မိမိတို့ဒေသအလိုက် စိုက်ပျိုးကြသည့် မျိုးကောင်းမျိုးသန့်များနှင့်သွင်းအားစုများကို နိုင်ငံတော်ထောက်ပံ့ငွေ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ၊ သမဝါယမအသင်းရန်ပုံငွေ၊ သွင်းအားစုလုပ်ငန်းရှင်များနှင့် ပူးပေါင်းစီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သတ်မှတ်ပန်းတိုင်အထွက်နှုန်းမရရှိပါက အားနည်းချက်၊ အားသာချက်များကို ဖော်ထုတ်ပြီး နောက်တစ်ကြိမ် ပြန်လည်စိုက်ပျိုးချိန်တွင် အားနည်းချက်များကို ပြုပြင်စိုက်ပျိုးသွားရန်လိုအပ်ကြောင်း ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူများ၏ ကျေးလက်လမ်း၊ ကုန်ထုတ်လမ်းနှင့် တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက စိုက်ပျိုးရေးသမဝါယမအသင်း ၁၁ သင်းမှ အသင်းသားတောင်သူ ၁၀၄ ဦးအတွက် အထွက်တိုးမျိုးစပါးနှင့် သွင်းအားစုများပေးအပ်ခဲ့ကြပြီး မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ခဲ့သောသောက်သုံးရေဂါလန် ၂၄၀၀ ဆံ့ အမြင့်တင်ရေစင်အား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြန်လည်ပြုပြင်ပြီးစီးမှုအခြေအနေကို လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ယင်းနောက် တစ်နိုင်တစ်ပိုင် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းထူထောင်နေကြသည့် သင်တန်းသူများ၏ စက်ချုပ်လုပ်ငန်းများကြည့်ရှုအားပေးကာ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ

# အဆောက်အအုံများအား သဘာဝဘေးအန္တရာယ်ဒဏ်ခံနိုင်စေရန်၊ ရေရှည်တည်တံ့စေရန်နှင့် သတ်မှတ်အရည်အသွေးပြည့်မီပြီး အမြန်ဆုံးပြီးစီးစေရေးမှာကြား

နေပြည်တော် ဇွန် ၁၉

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးထိန်လင်းနှင့် ဦးဇင်မင်းထက်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညာဏ်ဇော်ဦးနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်းရှိ ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း ပျက်စီးမှုပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း၊ ဝဏ္ဏသိဒ္ဓိအားကစားရုံ(C)နှင့် ရေကူးကန်ရေပိုက်လိုင်းများနှင့် မီးလိုင်းများ၏ထိခိုက်ပျက်စီးခဲ့မှုများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်းရှိ ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၏ -2.8 Level၊ မြေညီထပ်၊ ပထမထပ်နှင့် အထူးတန်းပွဲကြည့်စင်များ၏ Column တိုင်နှင့် Ground Beam & Tie Beam ပျက်စီးခဲ့မှုများအား ပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ရန် ယာယီထောက်မမှုလုပ်ငန်း(temporary supporting work)များဆောင်ရွက်နေမှုများကိုလည်းကောင်း၊ Wall၊ Column၊ Beam များအား Plaster ခွာခြင်း၊ အုတ်နံရံဖြိုဖျက်ခြင်းနှင့် မျက်နှာကြက်များဖျက်သိမ်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကိုလည်းကောင်း၊ မှန်အကာနံရံများ၊ ပြတင်း၊ တံခါးများ၊ Light Partition များနှင့် Tempered Glass Curtain Wall များ ဖြုတ်သိမ်းခြင်းလုပ်ငန်း၊ ကြမ်းခင်း Topping နှင့် ကြွေပြားများခွာထုတ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး အဆောက်အအုံများအား သဘာဝဘေးအန္တရာယ်ဒဏ်ခံနိုင်စေရန်၊ ရေရှည်တည်တံ့စေရန်နှင့် သတ်မှတ်အရည်အသွေးပြည့်မီပြီး အမြန်ဆုံးပြီးစီးစေရေးအတွက် လိုအပ်သည်များ မှာကြားသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ငလျင်ဒဏ်များကြောင့် ဝဏ္ဏသိဒ္ဓိအားကစားရုံ(C)၌ ထပ်မံထိခိုက်ပျက်စီးခဲ့သည့် ရုံအတွင်းဘက် ပွဲကြည့်စင်ဘေးပတ်လည်နံရံ အက်ကွဲပျက်စီးနေမှုများနှင့် ရုံအပြင်ဘက် ယာဉ်ပတ်လမ်းများတွင်မြေကျွံပျက်စီးနေမှုများကိုလည်းကောင်း၊ ဝဏ္ဏသိဒ္ဓိရေကူးကန် ပွဲကြည့်စင်အပေါ်ဘက်နံရံများ၊ ရေကန်သို့ရေတင်ခြင်းနှင့် ရေစုပ်ယူသည့်ပိုက်လိုင်းများ၊ မီးလိုင်းများ၊ ကလိုရင်းကန်နှင့် ပိုက်လိုင်းများ ပျက်စီးနေမှုများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး ပျက်စီးသည့်နေရာများကို တိတိကျကျသိရှိနိုင်ပြီး အမြန်ဆုံးပြုပြင်နိုင်ရန်အတွက် မီးလိုင်း၊ ရေလိုင်းများရရှိစေရေး ဦးစားပေးစစ်ဆေးဆောင်ရွက်သွားရန်နှင့် ရေကူးကန်အား အမြန်ဆုံးပြန်လည်အသုံးပြုနိုင်ရန်အတွက် လိုအပ်သည်များကို စနစ်တကျတွက်ချက်၍ တင်ပြဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်းသိရသည်။ မြဝတီ

# မွန်ပြည်နယ်တွင် အသက် ၁၈ နှစ်ပြည့်လာမည့်သူများအတွက် ယခုပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၃၁ ရက်အထိ နိုင်ငံသားစိစစ်ရေးကတ်ပြား စုစုပေါင်း ၁၉၀၀၀ ကျော် ထုတ်ပေးရန်လျာထားဆောင်ရွက်လျက်ရှိ





နေပြည်တော် ဇွန် ၁၉

မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် မွန်ပြည်နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့်အတူ ယနေ့ နံနက် ၉ နာရီခွဲတွင် မော်လမြိုင်မြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ကျင်းပသည့် ပြည်နယ်အစိုးရအဖွဲ့ အဖွဲ့ဝင်များ၊ မွန်ပြည်နယ်အတွင်းရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဝင်များနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ပြီး မွန်ပြည်နယ်အနေဖြင့်လည်း ရာနှုန်းပြည့် ကောက်ယူဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ ယင်းစာရင်းများကို ပြည်နယ်၊ ခရိုင်၊ မြို့နယ်မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကော်မတီအဆင့်ဆင့်က စိစစ်အတည်ပြုကာ ဗဟိုကော်မတီမှတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြခွင့်ပြုချက်ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ မဲစာရင်းပြုစုနိုင်ရေး ပေးပို့ဆောင်ရွက်လျက်ရှိကြောင်း။

မဲပေးပိုင်ခွင့်ရှိသူနိုင်ငံသားတိုင်း ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်ရေးအတွက်လည်း မိမိတို့ဝန်ကြီးဌာနမှ ပန်းခင်းစီမံချက်များဖြင့်အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ မွန်ပြည်နယ်အနေဖြင့် ပန်းခင်းစီမံချက်အားလုံးတွင် လျာထားချက်ရာနှုန်းပြည့်ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်သော်လည်း ထပ်မံ၍ အသက်၁၈ နှစ်ပြည့်လာမည့်သူများအတွက် ယခုပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၃၁ ရက်အထိ နိုင်ငံသားစိစစ်ရေးကတ်ပြား စုစုပေါင်း ၁၉၀၀၀ ကျော် ထုတ်ပေးရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း။

ရွှေ့ပြောင်းနေထိုင်သူများအတွက် ဥပဒေနှင့်အညီ ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ရရှိကိုင်ဆောင်နိုင်ရေး၊ ဥပဒေနှင့်ကိုက်ညီသူများ မဲစာရင်းတွင်ပါဝင်စေရေး၊ မဲစာရင်းတစ်နေရာထက် ပိုမိုပါဝင်မှုမရှိစေရေးတို့အတွက် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အပြန်အလှန် ဆက်စပ်ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရန်လည်း လိုအပ်ကြောင်း၊ ယင်းလုပ်ငန်းစဉ်များသည် နိုင်ငံတော်၏ အန္တိမရည်မှန်းချက်ဖြစ်သည့် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များဖြစ်သည်နှင့်အညီ ကြီးကြပ်မှုကော်မတီအဆင့်ဆင့်က တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းကြိုးပမ်းဆောင်ရွက်ပေးကြရန်တိုက်တွန်းကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် တာဝန်ရှိသူများက လုပ်ငန်းများအောင်မြင်ရေးအတွက် ကဏ္ဍအလိုက်ဆောင်ရွက်နေမှုအခြေအနေများ၊ မဲစာရင်းမှန်ကန်ရေးနှင့် ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်ရေးဆောင်ရွက်နေမှုများနှင့် လုပ်ငန်းဆိုင်ရာလိုအပ်ချက်များကို ရှင်းလင်းဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေး၍ နိဂုံးချုပ်အမှာစကားပြောကြားကြောင်းသိရသည်။ မြဝတီ

# အိန္ဒိယနိုင်ငံ၏ အကူအညီအထောက်အပံ့ (Grant Aid) ဖြင့်ဆောင်ရွက်သော လမ်း၊ တံတား အဆင့်မြှင့်တင်ခြင်းဆိုင်ရာ ကိစ္စရပ်များဆွေးနွေး



နေပြည်တော် ဇွန် ၁၉

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Mr. Abhay Thakur အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရုံးအမှတ်(၁၁) ဆောက်လုပ်ရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ - အိန္ဒိယ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုအရ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ နယ်စပ်ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ကုန်စည်စီးဆင်းမှုပိုမိုမြန်ဆန်ချောမွေ့၍ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝပိုမိုတိုးတက်စေရန် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် အိန္ဒိယနိုင်ငံ၏အကူအညီအထောက်အပံ့ (Grant Aid) ဖြင့် ဆောင်ရွက်သော လမ်း၊ တံတား အဆင့်မြှင့်တင်ခြင်းဆိုင်ရာကိစ္စရပ်များနှင့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါပြီး နှစ်နိုင်ငံအကျိုးဖြစ်ထွန်းစေမည့် အိန္ဒိယ - မြန်မာ နှစ်နိုင်ငံအကြားဆက်သွယ်သည့် လမ်းလုပ်ငန်းစီမံကိန်းများအား ဖြစ်တန်စွမ်းလေ့လာမှု ပြုလုပ်လိုခြင်းကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ မြဝတီ

# မန္တလေးငလျင်ကြီးနှင့်ပတ်သက်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ လူသားချင်းစာနာမှု အကူအညီပေးအပ်ခဲ့မှုများ အမြင်ချင်းဖလှယ်ဆွေးနွေး



နေပြည်တော် ဇွန် ၁၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသံအမတ်ကြီး H.E. Dr. Md. Monwar Hossain အား ယနေ့ မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရှိ မေခလာခန်းမ၌လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သော မန္တလေးငလျင်ကြီးနှင့်ပတ်သက်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ လူသားချင်းစာနာမှု အကူအညီပေးအပ်ခဲ့မှုများ၊ ငလျင်ကြောင့် နိုင်ငံအတွင်း ပျက်စီးဆုံးရှုံးမှုအခြေအနေများ၊ နိုင်ငံတော်အစိုးရ၏ ငလျင်ဘေးနောက်ဆက်တွဲပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ နိုင်ငံအလိုက်ထူထောင်ထားရှိသည့် လူမှုကာကွယ်စောင့်ရှောက်ရေးစနစ်များနှင့် နှစ်ဦးနှစ်ဖက်အပြုသဘောဆောင်လျက် ပူးပေါင်းဆောင်ရွက်သွားနိုင်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲသို့ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဘာသာရပ်ဆိုင်ရာတာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ကြောင်းသိရသည်။ မြဝတီ

# မကွေးမြို့၌ ၂၀၂၅ ခုနှစ် အခြေခံပညာကျောင်းပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ခရစ်ကတ်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

မကွေး ဇွန် ၁၉

၂၀၂၅ ခုနှစ် အခြေခံပညာကျောင်းပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ခရစ်ကတ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မကွေးမြို့ တိုင်းဒေသကြီး ပြည်သူ့အားကစားကွင်း၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အားကစားဝါသနာရှင်များ၊ နည်းပြ၊ အုပ်ချုပ်သူများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ၊ ကျောင်းသား၊ ကျောင်းသူများတက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးသည်။

၂၀၂၅ ခုနှစ် အခြေခံပညာကျောင်းပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ခရစ်ကတ်ပြိုင်ပွဲကို ဇွန်လ ၁၉ ရက်မှ ၂၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်း ပါဝင်ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ကြောင်း သိရသည်။

မောင်ခိုင်မင်း (ပြန်ဆက်)

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# KhinU Township completes cultivation of more than 9,000 acres of monsoon peanut this year



KHINU June 19

Statistics of KhinU Township Agriculture Department stated that a total of 9,191 acres of monsoon peanut has been planted in KhinU Township of Sagaing Region this year.

In KhinU Township, a plan has been made to cultivate peanuts on up to 46,826 acres during this year's monsoon crop season. Planting began in May this year, and as of today, 9,191 acres have already been cultivated.

"This year, during the monsoon crop season, over 46,000 acres of peanuts are planned for cultivation in KhinU Township. As of today, more than 9,000 acres have already been planted. Efforts are ongoing to continue planting throughout this month, with the goal of meeting the targeted acreage. Peanut cultivation is currently in a favorable condition as an oil crop. Year by year, peanut farming has shown progress," said U Nay Win Naing, Head of the KhinU Township Department of Agriculture.

In KhinU Township, about one and a half baskets of seeds are required per acre for peanut cultivation. The cost per acre—including seeds, labour, fertilizers, and pesticides—exceeds Ks-200,000, and an acre yields over 50 baskets of peanuts.

This year, to ensure the success of peanut fields in KhinU Township, to prevent pest and disease outbreaks, and to keep the fields weed-free, staff from the Township Department of Agriculture are conducting field inspections and maintaining field monitoring records.

SMK

# Plan underway to grow over 14,000 acres of green gram in monsoon in ChaungU Township

CHAUNGU June 19

Data of ChaungU Township Agriculture Department indicated that local farmers will grow over 14,000 acres of monsoon green gram in ChaungU Township of Sagaing Region this year.

Local authorities have earmarked cultivation of 14,030 acres of monsoon green gram in the township in 2024-2025 cultivation season, starting from June to September.

U Tint Swe, Head of the township department disclosed: "We set a plan to cultivate over 14,000 acres of monsoon green gram in the township this monsoon. So, we will provide assistance for local farmers to meet the target cultivation. Moreover, we will urge local farmers to expand sown acreage of crops and use quality strains of crops and correct agricultural techniques for boosting per-acre yield of crops."

This year, officials of the Township Agriculture Department will raise farmer awareness of using quality crops of green gram seeds and correct agricultural techniques, preventing pests, and systematically broadcasting fertilizers.

Moreover, local authorities will cooperate with local farmers in providing agricultural inputs and post-harvest technology for harvesting of pulses and beans in the township.

SK

# Varieties of banana from Kyaunggon Township sent to Yangon market

KYAUNGGON June 19

Local merchants from Kyaunggon Township sent a large number of banana bunches to Yangon market said Daw Yi Yi Win, the owner of banana wholesale centre in Kaunggon Township of Ayeyawady Region.

Locally grown bananas from Kyaunggon Township are being delivered and sold in the Yangon market. In the previous, around 550,000 bunches of bananas were exported and sold. In this month, up to 750,000 bunches were sold.

It is reported that the majority of the bananas sold during that month were of the following varieties: Pheegyan, Yakhine, Theehmway, and Hsinswe.

"There was strong banana export activity to the Yangon market. Only locally grown bananas were delivered and sold. Transport was done not only via waterways but also by road. Domestic demand for bananas remains high. A large quantity of banana bunches was exported and sold over the past month. Currently, banana prices are slightly lower than



before," said Daw Yi Yi Win, a banana trade center operator from Kyaunggon Township.

The banana prices for those delivered and sold to the Yangon market from Kyaunggon Township were as follows: Pheegyan banana fetches Ks-155,000 per 100 bunches, Yakhine: Ks-95,000 per 100 bunches, Theehmway: Ks-225,000 per 100 bunches and Hsinswe: Ks-175,000 per 100 bunches.

SK

# Kalay District to cultivate over 3,000 acres of pigeon peas in monsoon

KALAY June 19

According to the statistics of Kalay District Agriculture Department, local authorities have earmarked cultivation of over 3,000 acres of pigeon peas this monsoon in Kalay District of Sagaing Region.

In 2025-2026 monsoon crop cultivation season, Kalay Township will grow 1,097 acres of pigeon peas, Kalewa Township 35 acres and Mingin Township 2,268 acres, totalling 3,400. Local farmers will start cultivation of the pea in June till September.

U Aung, Head of the District Agriculture Department, stated: "We plan to grow more than 3,000 acres of pigeon peas in the district this monsoon. Local farmers will grow it starting from June."

Officials of the relevant Township Agriculture Departments will help local farmers select quality strains of crops, use correct agricultural techniques, prevent pests and boost per-acre yield of crops.

Moreover, township departments distribute techniques of making natural folio fertilizers and pesticides made of raw materials to the pigeon pea growers.

SMK

# State Administration Council
# Press Release
# Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.

2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.

**3. The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**

4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.

5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**
**State Administration Council**

# Magway Region plans to establish oil crops special zone

MAGWAY June 19

The Department of Agriculture in Magway Region has announced plans to designate two special zones aimed at increasing the production of oil crops within the region.

According to the department, these two special zones will be established across five districts. Zone 1 will cover Magway, Chauk, and Aunglan Districts, while Zone 2 will include Minbu and Thayet Districts.

Within these designated special zones, over 2.4 million acres of land have been earmarked for oil crop cultivation. The primary crops to be grown are groundnut, sesame, and sunflower. During the early monsoon season, high-yield sesame varieties such as Sinyadana 3 and Sinyadana 4 will be cultivated on over 1.2 million acres this year.

To achieve a target yield of 20 baskets per acre, the Department of Agriculture is working to ensure the use of quality seeds, the development of fertile soil layers, and the provision of technical support.

Besides oil crops, the region also cultivates paddy, various types of pulses, industrial crops such as cotton, and other crops.

**SMK**

## Plan underway to plant more than 45,000 acres of green gram in Sagaing Township

SAGAING June 19

Sagaing Township of Sagaing Region will grow 45,000 acres of monsoon green gram this year, according to the Township Agriculture Department.

During the 2024–2025 monsoon cropping season, it has been planned to cultivate 45,194 acres of monsoon green gram in the Sagaing Township. Planting will begin in June of this year and continue through September.

"This year, over 45,000 acres of monsoon green gram are planned to be cultivated in Sagaing Township. We will work to ensure the full targeted acreage is achieved. There are also awareness programs in place to encourage expansion of cultivation and to promote the use of quality and pure seeds to achieve good yields," said U Myo Thant Aung, Head of the Sagaing Township Agriculture Department.

This year, the Township Agriculture Department will support green gram farmers in Sagaing Township by providing knowledge on using region-appropriate, high-quality seeds, proper cultivation methods, pest and disease prevention, systematic use of fertilizers, and techniques to ensure high productivity.

Additionally, during this monsoon season, for all types of pulse crops, the department will collaborate with farmers to promote the use of quality and pure seeds, improved inputs, and post-harvest technologies in order to enhance both yield and quality of the crops.

**SK**

# Mawlaik Township cultivates over 2,000 acres of vegetables

MAWLAIK June 19

A total of 2,629 acres of vegetables have been planted during this year's winter crops planting season in Mawlaik Township, Mawlaik District, Sagaing Region, according to statistics from the Department of Agriculture for Mawlaik District.

During the 2024-2025 winter crops planting season, 2,679 acres of vegetables are planned to be planted in Mawlaik Township, and since October 2024, 2,629 acres have been planted.

"They planted mustards, chilis, spices, potatoes, cabbages, and eggplants. We provide technology to farmers so that they can grow all vegetables using the GAP system. We are providing farmers with techniques to grow healthy crops with as little chemical residue as possible," said Daw Kywe Kywe Hlaing, head of the Department of Agriculture for Mawlaik District.

This year, the Township Department of Agriculture has provided technical training to vegetable growers in Mawlaik Township to cultivate using the GAP system, techniques to make the healthy vegetables produced from the fields, and to encourage the vegetable growers to expand the cultivation of vegetables.

**SMK**

# Putin and Xi discuss Middle East crisis



MOSCOW June 19

Russian President Vladimir Putin has told his Chinese counterpart Xi Jinping that Moscow is ready to help mediate between Iran and Israel, the Kremlin said after their phone call on Thursday, which focused on the worsening conflict in the Middle East.

The conversation, which lasted about an hour, was described as "friendly and constructive" by Putin's foreign policy aide Yury Ushakov.

Moscow and Beijing share "identical approaches" to the crisis, Ushakov told reporters, adding that both leaders "strongly condemn Israel's actions, which violate the UN Charter and other norms of international law."

Putin briefed Xi on his recent phone conversations with Iranian President Masoud Pezeshkian and Israeli Prime Minister Benjamin Netanyahu held in the aftermath of Israel's strike on Iran last week.

The Russian leader reaffirmed Moscow's "readiness to carry out possible mediation efforts, if necessary," Ushakov said, adding that Xi welcomed the initiative, calling it a step that could help defuse the conflict.

"Both Moscow and Beijing fundamentally believe that there is no military solution to the current situation or to issues related to Iran's nuclear program. This must be resolved exclusively through political and diplomatic means," the presidential aide stressed.

The two leaders agreed to instruct their respective ministries and agencies to stay in close contact and exchange information in the coming days, he added.

Israel launched a major attack on Iran last Friday, targeting nuclear facilities and military sites in airstrikes. Tehran responded with its own attacks on the Jewish state. The escalating conflict has since left at least 639 people dead in Iran and 24 in Israel, according to the Washington-based Human Rights Activists group and Israeli officials.

Russia condemned Israel's initial airstrikes and called for de-escalation. Putin also spoke with US President Donald Trump by phone over the weekend, with the two discussing the possibility of reviving negotiations on Iran's nuclear program.

Trump reportedly has not ruled out direct military intervention in the conflict. According to CBS, he has approved a potential plan to attack Iran, though no final decision has been made. **RT**

# Putin, Indonesian President adopt declaration of Russia-Indonesia strategic partnership

STRELNA June 19

Russian President Vladimir Putin and his Indonesian counterpart Prabowo Subianto adopted a declaration on strategic partnership between Russia and Indonesia, a Sputnik correspondent reported on Thursday.

Following the top-level talks, Russia and Indonesia signed a number of joint documents on cooperation in the fields of education, transport and media, Sputnik's correspondent reported.

Earlier in the day, Putin and Prabowo Subianto held talks in Saint Petersburg's Strelna exurb. The Russian leader said that Moscow and Jakarta have prospects for developing cooperation in various sectors. Putin also named Prabowo Subianto one of the main foreign guests at the St. Petersburg International Economic Forum (SPIEF).

The Russian city of St. Petersburg is hosting the 28th edition of SPIEF from June 18-21 under the theme of "Shared Values: The Foundation of Growth in a Multipolar World." Rossiya Segodnya international media group, Sputnik's parent company, is the forum's information partner.

**Sputnik**

# At least 178 Filipino workers in Israel seek to flee

MANILA June 19

The Philippines will repatriate at least 178 Filipinos working in Israel who asked the government's help to flee the rapidly spiraling conflict between Israel and Iran, the Philippines' Department of Migrant Workers (DMW) said Thursday.

In a press conference, Migrant Workers Secretary Hans Cacdac said the DMW has also been assisting 14 overseas Filipino workers in Iran, three in Jordan, one in Iraq, and one who crossed the country to Iraq from Dubai.

He added that the DMW helped 58 Filipino workers stranded at Dubai and Abu Dhabi airports.

According to the Philippines' Department of Foreign Affairs, there are about 1,180 Filipinos in Iran and 30,742 in Israel.

**Xinhua**

# SpaceX Starship rocket explodes during ground test


SACRAMENTO June 19

SpaceX's Starship 36 rocket exploded during a routine ground test, marking the latest in a string of failures that have plagued the company's ambitious space program throughout 2025.

"On Wednesday, June 18 at approximately 11 p.m. CT (0400 Thursday GMT), the Starship preparing for the tenth flight test experienced a major anomaly while on a test stand at Starbase," SpaceX said Wednesday in an X post, confirming that "all personnel are safe and accounted for" and "there are no hazards to residents in surrounding communities."

The Precinct 1 Constable Office in Cameron County, Texas, where SpaceX's Starbase facility is located, posted video footage on Facebook, noting that "no injuries have been reported at this time" and "an investigation is now underway to determine the cause of the incident."

The explosion occurred as engineers prepared the massive rocket for a static fire test.




Video footage captured the moment of destruction, showing a rupture near the rocket's nose seconds before a massive fireball erupted into the night sky, with debris scattered across the facility. The resulting fire burned for over 90 minutes before the crews could extinguish it, CBS News reported.

Local media reported that windows in nearby houses rattled, and the blast could be felt as far as South Padre Island and Port Isabel, located several kilometers away from the test site.

The explosion represented another major Starship failure in 2025, which probably could delay the tenth test flight initially scheduled for June 29.

Earlier this year, three Starship flights faced consecutive failures, revealing a troubling pattern for the company that aims to revolutionize space travel. Technical issues, particularly related to the Raptor engines powering the Starship, are at the center of these setbacks.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.


# EV Batteries Can Easily Outlast A Typical Gas Car’s Lifespan: Study

The high-voltage battery pack of an electric vehicle is often the main weapon of choice for people who have never driven an EV but like to discredit the technology. “It won’t last more than a couple of years” is a sentence that I’ve heard time and time again when talking to gas car enthusiasts about EVs.

Despite the overwhelming amount of data that proves otherwise, there are still people out there who think a modern EV will conk out if you even look at it the wrong way. Well, now there’s even more data regarding battery health in the long run, and it’s good news for both current EV owners and those who are looking to get their first battery-powered car.

According to Geotab, a United Kingdom company providing vehicle telematics, most EV batteries can last 20 years with minimal annual degradation. That’s six years more than the average car age in the United States.

Over this generous timespan, EV batteries suffer from about 1.8 percent degradation per year. This means that you’ll lose 1.8 percent of the original range every year–not ideal, but certainly not a dealbreaker. After 20 years, if nothing goes catastrophically wrong, you can still enjoy 64 percent of an EV’s original range. The data comes from analyzing over 10,000 EVs.With all this being said, it’s worth noting that high-voltage EV batteries do fail, but the failure rate is statistically insignificant. According to one study, EVs made in the last decade have had a battery failure rate of less than 0.5 percent.



Battery degradation isn’t linear, and it’s also location-dependent. The biggest hit comes in the first few years of a battery’s life, but it tapers out after that, before taking another hit toward its last legs. Hot climates also increase battery degradation, so keep your EV in the shade if possible, especially when charging it.

Modern EVs have efficient cooling and heating systems to keep the battery’s temperature in check, but it’s always better to keep things cool instead of hot. This also leads to the issue of DC fast charging, which marginally increases the degradation rate compared to Level 1 and Level 2 slow charging.

Keeping the state of charge between 20 percent and 80 percent on nickel-manganese-cobalt (NMC) and nickel-cobalt-manganese (NCM) batteries is also a sure way to prolong battery life. On lithium-iron-phosphate (LFP) batteries, this limitation generally doesn’t apply, but one study found that constantly topping off an LFP pack could potentially reduce its lifespan.

Even if you follow all these easy recommendations, there’s no escaping the fact that batteries degrade over time, whether they’re used or not. Just as a gas car’s hoses and pumps will degrade if it’s sitting for years on end, a battery will lose some of its capacity over time.

**IEV**

# Extended Range EVs Are Growing Faster Than You Think

Electrified vehicles come in many flavors. Depending on your needs, there’s likely an option that will suit you, whether it’s a hybrid, a plug-in hybrid, or a fully electric vehicle.

Now, another category is gaining traction: extended-range electric vehicles, or EREVs. They’re not entirely new—the Chevy Volt was what we'd call an EREV today—but a new breed of them is now surging in popularity, especially in China.



According to BloombergNEF’s Electric Vehicle Outlook 2025, EREVs are the fastest-growing drivetrain globally, fueled largely by explosive demand in China. Think of them as hybrids that run primarily on electric power. The wheels are driven solely by electric motors and the battery can be plugged in like a regular EV. But there’s also a gas engine onboard that works as a generator to charge the battery, and it does that by spinning at the most efficient speeds.

So you can recharge an EREV and you can also refuel it at a gas pump, just like a plug-in hybrid but with a package that’s designed to rely more on electricity than gas.

The report adds that the average EREV in China in 2024 had a 39-kilowatt-hour battery pack, an electric-only range of 170 kilometers (105 miles) and operated in electric mode more than 70 percentof the time. Bloomberg NEF projects EREV adoption to surpass plug-in hybrids in China by the end of the decade. That’s a huge milestone that could serve as a testbed for other regions in the world struggling with EV adoption, like the U.S.

Studies show that once consumers switch to full EVs, they rarely return to gas. But the broader EV sentiment has kind of dampened in the U.S. this year amid aggressive moves in Congress to dismantle Biden-era climate policies. Even Tesla CEO Elon Musk, despite once being the president’s "first buddy," couldn’t do much to course correct the country towards increased EV adoption. While EREVs are yet to proliferate in the U.S., several models are in the pipeline.

Stellantis delayed the fully electric Ram 1500 REV to prioritize the Ram 1500 Ramcharger, an EREV pickup. Nissan doesn’t offer any hybrids in its U.S. lineup, but has promised EREVs as a part of its comeback plans.

Scout Motors will offer EREV trucks and SUVs alongside pure EVs starting next year. And Ford CEO Jim Farley has said that battery-electric trucks have “unresolvable” economics due to their weight and price. The automaker now sees EREVs as a necessary bridge, especially given Americans’ appetite for big SUVs and trucks.

None of this is to say that EREVs will be a silver bullet to our climate problems. It remains unclear how mainstream buyers will respond to another unfamiliar drivetrain, even one that's designed to ease those very concerns.

Still, EREVs could be the missing link. They cover most miles on battery power and as the country’s charging network improves, owners will likely plug them in to reap the benefits of lower-cost electricity. And if drivers realize they barely rely on the gas generator, they may eventually ditch it altogether. If that happens, EREVs will have done their job by accelerating the transition away from gas-only cars.

**IEV**

# ရင်ခေါင်းဖွင့်စရာမလိုဘဲ နှလုံးအစားထိုးမှုလုပ်နိုင်တဲ့အထိတိုးတက်လာတဲ့ ဆေးဘက်နည်းပညာ

နှလုံးဆိုတာ လူတစ်ဦးအတွက် မရှိမဖြစ်အရေးပါတဲ့ ကိုယ်တွင်းအင်္ဂါတစ်ခုဖြစ်ပါတယ်။ သို့ပေမယ့်လည်း နှလုံးဆိုတာမျိုးက အကြောင်းရင်းတစ်ခုခုကြောင့် ပျက်စီးမှုနဲ့ကြုံတွေ့ရနိုင်တဲ့ ကိုယ်တွင်းအင်္ဂါတစ်ခုလည်းဖြစ်ပါတယ်။ ဟိုအရင်တုန်းက နှလုံးပျက်စီးမှုနဲ့ကြုံတွေ့ရရင် သေဆုံးခြင်းသာရှိပါတယ်။ နောက်ပိုင်းမှာတော့ နှလုံးကိုအစားထိုးလာနိုင်တဲ့ ဆေးပညာတိုးတက်မှုကြောင့် နှလုံးပျက်စီးမှုဟာ ပြဿနာကြီးတစ်ခုမဟုတ်တော့ပြန်ပါဘူး။ ဒါပေမဲ့ နှလုံးအစားထိုးဖို့အတွက် ရင်ခေါင်းဖွင့်တာမျိုး၊ ရင်အုံရိုးကိုချိုးရတာမျိုးတွေလုပ်ရပါတယ်။ ဒါက နှလုံးအစားထိုးခွဲစိတ်မှုရဲ့ ဘေးထွက်ဆိုးကျိုးတစ်ခုလို့ပြောရင်မမှားဘူးပေ့ါ။ အခုတော့ ဆေးဘက်နည်းပညာတိုးတက်လာပါပြီ။ နှလုံးကိုအစားထိုးခွဲစိတ်မှုလုပ်တဲ့အခါ ရင်ခေါင်းဖွင့်စရာမလိုတော့လောက်အောင် နည်းပညာကတိုးတက်လာတာပါ။



နှလုံးအစားထိုးခွဲစိတ်မှုလုပ်တဲ့အခါ အစားထိုးမှုကိုလက်ခံမယ့်လူနာမှာ ရင်ခေါင်းကိုဖွင့်ရပါတယ်။ နှလုံးအဟောင်းကိုထုတ်ထားပြီး သွေးသွင်းစက်နဲ့ အသင့်ပြင်ဆင်စောင့်ဆိုင်းနေရပါတယ်။ အလှူရှင်နှလုံးရောက်လာတဲ့အခါ အဲဒီနှလုံးကိုလက်ခံသူဆီထည့်ပြီး ကောင်းစွာအလုပ်လုပ်ခြင်းရှိ၊ မရှိစောင့်ကြည့်ရပါတယ်။ ပြီးတော့မှသာ ဖွင့်ထားတဲ့ရင်ခေါင်းကိုပြန်ပိတ်ပြီး ခွဲစိတ်မှုကိုအဆုံးသတ်ရတာပါ။ နှလုံးအစားထိုးခွဲစိတ်မှုတစ်ခုလုပ်မယ်ဆိုရင် ပျမ်းမျှအားဖြင့် အချိန်လေးနာရီကနေ ခြောက်နာရီကြာကြာမြင့်တတ်ပါတယ်။ ရင်ခေါင်းဖွင့်ခြင်းခံရတဲ့လူနာက အနာကျက်ဖို့အချိန်ယူရပါတယ်။ ဒါကြောင့်လည်း လူနာအနေနဲ့ ထူထူထောင်ထောင်ပြန်ဖြစ်ဖို့ အချိန်တော်တော်လေးစောင့်ရလေ့ရှိတတ်ပါတယ်။ အခုတော့ ဆေးဘက်နည်းပညာတိုးတက်မှုကြောင့် ဒီအခက်အခဲတွေကို လွယ်လင့်တကူကျော်ဖြတ်လာနိုင်ပါပြီ။

အခုတင်ပြပေးမယ့် တိုးတက်လာတဲ့ဆေးဘက်နည်းပညာဆိုတာ စက်ရုပ်နည်းပညာတိုးတက်မှုနဲ့ အတူလိုက်ပါတိုးတက်လာတဲ့နည်းပညာတစ်ခုဖြစ်ပါတယ်။ ဒီနည်းပညာကိုကောင်းစွာအသုံးချပြီး နှလုံးအစားထိုးခွဲစိတ်မှုကိုလုပ်လိုက်နိုင်သူများက အမေရိကန်မှ နှလုံးခွဲစိတ်ဆရာဝန်များဖြစ်ပါတယ်။ သူတို့ကအသက် ၄၅ နှစ်ရှိအမျိုးသားတစ်ဦးကို စက်ရုပ်နည်းပညာအသုံးပြုပြီး နှလုံးအစားထိုးခွဲစိတ်မှုလုပ်ပေးလိုက်တာပါ။ အဲဒီအမျိုးသားက ပုံမှန်အလုပ်လုပ်နိုင်ခြင်းမရှိတော့တဲ့နှလုံးနဲ့ အသက်ရှင်နေရသူဖြစ်ပါတယ်။ အခုလိုနှလုံးအစားထိုးခွဲစိတ်မှုမလုပ်ခင်အချိန်အထိ သူ့ရဲ့နှလုံးကပုံမှန်အလုပ်လုပ်နိုင်စေဖို့ စက်ပစ္စည်းများစွာရဲ့အကူအညီကိုရယူထားရသူဖြစ်ပါတယ်။

ဘေလာစိန့်လုဆေးရုံမှ ဒေါက်တာ ကန်းနက်လျောင်ဦးဆောင်တဲ့ နှလုံးခွဲစိတ်ဆရာဝန်များက ခွဲစိတ်ခန်းသုံးစက်ရုပ်ကိုအသုံးပြုပြီး နှလုံးအစားထိုးခွဲစိတ်မှုကိုလုပ်ဆောင်ခဲ့တာဖြစ်ပါတယ်။ အဲဒီခွဲစိတ်မှုမှာ သမားရိုးကျခွဲစိတ်မှုလိုမျိုး ရင်ခေါင်းဖွင့်ခြင်းကိုလုပ်ဆောင်ရခြင်းမရှိပါဘူး။ အဲဒီအစား သေးငယ်တဲ့ခွဲစိတ်ရာလေးတွေကနေတစ်ဆင့် စက်ရုပ်လက်တံလေးတွေက ပျက်စီးနေတဲ့နှလုံးဆီအရောက်သွားပြီး လိုအပ်တဲ့ဖယ်ရှားမှုများလုပ်ကာ ဝမ်းခေါင်းဘက်ကနေအဲဒီနှလုံးကိုပြန်ထုတ်ပေးပါတယ်။ ပြီးတဲ့အခါ အလှူရှင်ဆီကနေ ရရှိထားတဲ့နှလုံးကိုပြန်ထည့်ပြီး ခွဲစိတ်မှုကိုအဆုံးသတ်လိုက်တာဖြစ်ပါတယ်။

အခုလိုမျိုး စက်ရုပ်နည်းပညာသုံးပြီး နှလုံးအစားထိုးခွဲစိတ်မှုကိုလုပ်နိုင်တယ်ဆိုတာ စက်ရုပ်မှာရှိတဲ့ တိကျမှုနဲ့ ဆေးလောကရဲ့အရှုပ်ထွေးဆုံးသောလုပ်ငန်းစဉ်များအနက်တစ်ခုနဲ့အတူ ပေါင်းစပ်လိုက်နိုင်ခြင်းဖြစ်ပါတယ်။ ဒါ့အပြင် လူနာကရင်ခေါင်းဖွင့်စရာမလိုတဲ့အတွက် ခွဲစိတ်မှုကြောင့်ရတဲ့စိတ်ဒဏ်ရာ၊ သွေးဆုံးရှုံးမှုနဲ့ ရောဂါပိုးကူးစက်နိုင်ခြေရှိမှုတို့ကို မထင်ထားလောက်အောင် လျှော့ချပေးလိုက်နိုင်တာကိုလည်း တွေ့ရှိရပါတယ်။

စက်ရုပ်နည်းပညာကိုအသုံးပြုပြီး အသေးစားခွဲစိတ်မှုတွေလုပ်ဆောင်နေတာကြာခဲ့ပါပြီ။ အဲဒီခွဲစိတ်မှုတွေထဲမှာ ဆီးကျိတ်နဲ့ပတ်သက်တဲ့ခွဲစိတ်မှုမှစလို့ အဆို့ရှင်ပြုပြင်မှုနဲ့ပတ်သက်တဲ့ခွဲစိတ်မှုအထိပါဝင်ပါတယ်။ ဒါပေမဲ့ အခုလိုမျိုး စက်ရုပ်နည်းပညာအသုံးပြုပြီး နှလုံးတစ်ခုလုံးကိုအစားထိုးလဲလှယ်တဲ့ခွဲစိတ်မှုလုပ်တာက အမေရိကန်ပြည်ထောင်စုမှာပထမဆုံးဖြစ်ပါတယ်။ စက်ရုပ်နည်းပညာရဲ့တိုးတက်လာတဲ့ မီလီမီတာအဆင့်ထိတိကျမှုက ဒီလိုမျိုးအကြီးစားခွဲစိတ်မှုမှာတောင်မှ ကြီးမားတဲ့ခွဲစိတ်ရာတွေလုပ်စရာမလိုဘဲ ခွဲစိတ်မှုကိုအောင်မြင်အောင်လုပ်ဆောင်နိုင်ခဲ့တာပါ။ ဒီနည်းပညာရဲ့အောင်မြင်မှုကတော့ နှလုံးအစားထိုးခွဲစိတ်မှုခံယူတဲ့လူနာဟာ ဆေးရုံမှာတစ်လလောက်သာနေပြီး ဘယ်လိုမျိုးနောက်ဆက်တွဲပြဿနာမျိုးမှမရှိဘဲ ဆေးရုံကနေဆင်းခွင့်ရရှိသွားခြင်းပဲဖြစ်ပါတယ်။ ဒါ့အပြင် အခုလိုမျိုးအောင်မြင်မှုက နောင်တစ်ချိန်မှာ ဘယ်လိုမျိုးရှုပ်ထွေးလှပါတယ်ဆိုတဲ့ခွဲစိတ်မှုပဲလာလာ စက်ရုပ်နည်းပညာကိုအသုံးပြုခြင်းအားဖြင့် အလွယ်တကူဖြေရှင်းနိုင်စေမယ့်ကောင်းကျိုးအတွက် အကောင်းဆုံးအကြောင်းရင်းကြီးတစ်ခုဖြစ်လာပါတယ်။

Ref: IE

ကိုထက်

# တစ်နှစ်မှာနှစ်ကြိမ်ထိုးရုံနဲ့ ရာနှုန်းပြည့်နီးပါးထိရောက်တဲ့ ကမ္ဘာ့ပထမဆုံး HIV ကာကွယ်ဆေး

ကုရာနတ္ထိဆေးမရှိဆိုတဲ့စကားဟာ တစ်ခေတ်တစ်ခါတုန်းက သိပ်ကိုကြောက်ဖို့ကောင်းတဲ့စကားပေ့ါ။ ဘာကြောင့်လဲဆိုရင် HIV ဗိုင်းရပ်ကူးစက်ခံရပြီဆိုရင် နောက်ဆက်တွဲအနေနဲ့ဖြစ်ပေါ်လာတဲ့ AIDS ရောဂါဆိုးကြီးကိုကုသဖို့အတွက် တကယ်ပဲဆေးမရှိတာပါ။ ပြီးရင် ဘာကြောင့်ကူးစက်လို့ကူးစက်မှန်းမသိပေမယ့် HIV/AIDS ဆိုတာနဲ့ကို လူတချို့ရဲ့နှာခေါင်းရှုံ့ခြင်းကိုလည်းခံရလေ့ရှိပါတယ်။ အခုတော့ ဒါတွေကအတိတ်တွေဖြစ်သွားပါပြီ။




အရင်တုန်းက ကုရာနတ္ထိဆေးမရှိလို့ဆိုထားရာမှာ အခုထိလည်း AIDS ကိုကုသဖို့ဆေးမရှိသေးပါဘူး။ ဒါပေမဲ့ HIV ဗိုင်းရပ်ကူးစက်မှုကို အထိရောက်ဆုံးကာကွယ်ပေးနိုင်မယ့် ကာကွယ်ဆေးတစ်မျိုးထွက်ပေါ်လာပါပြီ။ အဲဒီကာကွယ်ဆေးရဲ့အာနိသင်ကလည်း တကယ်ကိုထိရောက်မှုရှိတဲ့အတွက် အမေရိကန် အစားအစာနှင့်ဆေးဝါးကွပ်ကဲမှုအဖွဲ့က အဲဒီဆေးကိုအများပြည်သူအသုံးပြုနိုင်တယ်ဆိုတဲ့ အတည်ပြုထောက်ခံချက်ကို ဇွန်လ ၁၈ ရက်မှာထုတ်ပေးလိုက်ပြီပဲဖြစ်ပါတယ်။

ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီတစ်ခုဖြစ်တဲ့ Gilead Sciences ကုမ္ပဏီက သူတို့ထုတ်လုပ်ထားတဲ့ Yeztugo ဆေးကို PrEP (pre-exposure prophylaxis) အဖြစ် အရွယ်ရောက်ပြီးသူတွေ၊ ခန္ဓာကိုယ်အလေးချိန် ၃၅ ကီလိုဂရမ်အထက်ရှိတဲ့ ဆယ်ကျော်သက်တွေဆီမှာ အသုံးပြုနိုင်တယ်ဆိုတဲ့ခွင့်ပြုချက်ကို အစားအစာနှင့်ဆေးဝါးကွပ်ကဲမှုအဖွဲ့က အတည်ပြုပေးလိုက်ပြီလို့ ထုတ်ပြန်လာပါတယ်။

ဒီကာကွယ်ဆေးက အမေရိကန်နိုင်ငံရဲ့ အစားအစာနှင့်ဆေးဝါးကွပ်ကဲမှုအဖွဲ့က အများပြည်သူအသုံးပြုဖို့ အတည်ပြုပေးလိုက်တဲ့ ကမ္ဘာ့ပထမဆုံးသော HIV ဗိုင်းရပ်ကာကွယ်ဆေးဖြစ်ပါတယ်။ သူကထိုးဆေးအနေနဲ့လာတာပါ။ တစ်နှစ်ကိုနှစ်ကြိမ်ထိုးရပါမယ်။ ခြောက်လကိုတစ်ကြိမ်ပေ့ါ။ ထိုးရမယ့်နေရာက ဝမ်းဗိုက်ရဲ့အရေပြားအောက်ကိုဖြစ်ပါတယ်၊ ဆေးထိုးပြီးနောက် ခြောက်လအတွင်းမှာဆေးကိုစုထားတဲ့နေရာအဖြစ် ထွက်ပေါ်လာစေတာဖြစ်ပါတယ်။ ဒါဟာ PrEP ဆေးအနေနဲ့ အတည်ပြုခဲ့ဖူးတဲ့တခြားဆေးတွေထက် အချိန်အကြာဆုံးတည်ရှိမှုဖြစ်ပါတယ်။

အခုလိုမျိုး အစားအစာနှင့်ဆေးဝါးကွပ်ကဲမှုအဖွဲ့ရဲ့ အတည်ပြုချက်ရရှိနိုင်စေဖို့အတွက် Gilead Sciences ကုမ္ပဏီက အဆင့် ၃ အကြီးစားလက်တွေ့စမ်းသပ်မှုကိုလုပ်ဆောင်ခဲ့ရပါတယ်။ ပထမစမ်းသပ်မှုမှာ အာဖရိကဒေသမှာရှိတဲ့ အမျိုးသမီးငယ်နဲ့မိန်းကလေး ၅၃၀၀ ကျော်ကို စမ်းသပ်ကာကွယ်ဆေးထိုးပေးခဲ့ရာ သူတို့ထဲကတစ်ဦးတစ်ယောက်ကမှ HIV ဗိုင်းရပ်ကူးစက်မှုမခံခဲ့ရပါဘူး။ ဒုတိယစမ်းသပ်မှုကိုတော့ အမေရိကန်နဲ့ HIV ဗိုင်းရပ်ကူးစက်နိုင်ခြေအများဆုံးနိုင်ငံများမှာရှိတဲ့ လိင်တူချစ်သူအမျိုးသားများနဲ့ လိင်ပြောင်းထားသူများစုစုပေါင်း ၂၁၇၉ ဦးကို စမ်းသပ်ကာကွယ်ဆေးတွေထိုးပေးခဲ့ပါတယ်။ အဲဒီမှာတော့ နှစ်ဦးကသာ HIV ဗိုင်းရပ်ကူးစက်ခံရတဲ့အတွက် ကာကွယ်ဆေးရဲ့ထိရောက်အောင်မြင်မှုက ၉၉ ဒသမ ၉ ရာခိုင်နှုန်းအထိ ရှိတာကိုတွေ့ရပါတယ်။ ပြောရမယ်ဆိုရင် HIV ဗိုင်းရပ်ကူးစက်မှုကို ထိရောက်စွာကာကွယ်နိုင်ဖို့နှစ်ပေါင်းများစွာကြိုးစားမှုအတွက် သမိုင်းဝင်အောင်မြင်မှုနေ့ပင်ဖြစ်ပါတယ်။

Ref: IE

ကိုထက်

# အမှိုက်ခြောက် အမှိုက်စို အန္တရာယ်ရှိသောအမှိုက်နှင့် ပလတ်စတစ်အမှိုက်များ စနစ်တကျခွဲခြားစွန့်ပစ်နည်း အသိပညာပေးသရုပ်ပြ



ပြည် ဇွန် ၁၉

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဇွန်လ ၁၈ ရက်က အမှိုက်ခြောက်၊ အမှိုက်စို၊ အန္တရာယ်ရှိသောအမှိုက်နှင့် ပလတ်စတစ်အမှိုက်များ စနစ်တကျခွဲခြားစွန့်ပစ်နည်း အသိပညာပေးသရုပ်ပြပွဲ ကျင်းပသည်။

ရှေးဦးစွာ ပြည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှိ အရာထမ်းနှင့်အမှုထမ်းဝန်ထမ်းများက ခွဲခြားစွန့်ပစ်ရမည့် အမှိုက်လေးမျိုးကို သတ်မှတ်အမှိုက်ပုံးများအတွင်း စနစ်တကျလက်တွေ့သရုပ်ပြစွန့်ပစ်ကြသည်။

ပြည်မြို့နယ်ရှိ ဌာနဆိုင်ရာရုံးများ၊ စာသင်ကျောင်းများနှင့် စျေးများအပါအဝင် လူမှုပတ်ဝန်းကျင်တို့၌ ပြည်သူများပူးပေါင်းပါဝင်မှုဖြင့် အမှိုက်ခွဲခြားစွန့်ပစ်တတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရေးအတွက် အသိပညာပေးသရုပ်ပြပွဲကို ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။ ထိုသို့ စနစ်ကျသော အမှိုက်ခွဲခြားစွန့်ပစ်ခြင်းသည် မြို့ရွာသန့်ရှင်းသာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးကိုအထောက်အကူဖြစ်စေနိုင်ပြီး သဘာဝပတ်ဝန်းကျင်၌ ပလတ်စတစ်ညစ်ညမ်းမှုလျှော့ချပေးနိုင်ခြင်း၊ အမှိုက်ပမာဏကိုလျှော့ချနိုင်ခြင်း၊ ပလတ်စတစ်အစားထိုးပစ္စည်းများ ပြောင်းလဲအသုံးပြုခြင်းနှင့် ပြန်လည်တီထွင်အသုံးပြုနိုင်ရန် အခွင့်အလမ်းအများအပြားရရှိနိုင်ခြင်းတို့အပြင် လူသားတို့နေထိုင်ရာ ကမ္ဘာ့မြေထု၊ လေထု၊ ရေထုအတွင်း မှီတင်းနေထိုင်ကြသည့် သက်ရှိသတ္တဝါများအတွက် အစာကွင်းဆက်ကောင်းမွန်စေခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**

# ငဖဲမြို့နယ် အခြေခံပညာအလယ်တန်းကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပ

ငဖဲ ဇွန် ၁၉

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် အားကစားနှင့်ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် လူငယ်လူရွယ်များ ဗလငါးတန်နှင့်ပြည့်စုံစေရေး လူငယ်စကားဝိုင်းကို ဇွန်လ ၁၈ ရက်က ငဖဲမြို့နယ် လေးအိမ်စုကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ လေးအိမ်စုကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ယမင်းဇော်က အဖွင့်အမှာစကားပြောကြားပြီး ငဖဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ယုယုသိန်းက လူငယ်စကားဝိုင်းကျင်းပရသည့် ရည်ရွယ်ချက်နှင့် ကျောင်းသား၊ ကျောင်းသူများ အသိပညာ ဗဟုသုတတိုးပွားစေရန် အတွက် ကျောင်းစာသာမက သုတ၊ ရသ စာအုပ်စာပေများကိုလည်း လေ့လာဖတ်ရှုကြရန်နှင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူးများအကြောင်း ပြောကြားကာ ငဖဲမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနမှ အားကစားမှူး ဒေါ်နန်းသီတာထွေးက လူငယ်နှင့် အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသိကောင်းစရာများကို ပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းကိုကျင်းပရာ ငဖဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ယုယုသိန်းနှင့် မြို့နယ်အားကစားမှူး ဒေါ်နန်းသီတာထွေးတို့က ဦးဆောင်ဆွေးနွေးသူအဖြစ်ဆောင်ရွက်ပြီး Grade- 7 မှ မောင်ကောင်းဆက်ဟိန်းက လူငယ်နှင့် မူးယစ်ဆေးဝါး၊ Grade- 8 မှ မောင်ဆက်ပိုင်ဦးက လူငယ်နှင့်အားကစား၊ မစုသက်မွန်က လူငယ်နှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ မအေးမြစန္ဒာဖြိုးက လူငယ်နှင့်ကျန်းမာရေး ခေါင်းစဉ်များဖြင့် အသီးသီးဆွေးနွေးကြပြီး တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကိုမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးသည်။

ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းစာကြည့်တိုက်အတွက် ပုံပြင်စာအုပ်များ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးကလက်ခံရယူပြီး မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဝန်ထမ်းတစ်ဦးက Physical Fitness Dance ဖြင့် သရုပ်ပြဖျော်ဖြေကြောင်း သိရသည်။

**မယု(ငဖဲ)**

# ပူတာအိုခရိုင်၌ နှုတ်မှုစွမ်းရည်တိုးတက်လာစေရန် ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ပုံပြောပြိုင်ပွဲ ကျင်းပ




ပူတာအို ဇွန် ၁၉

ကချင်ပြည်နယ် ပူတာအိုခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ စာဖတ်သည့် အလေ့အကျင့်ရရှိလာစေရန်၊ နှုတ်မှုစွမ်းရည်တိုးတက်လာစေရန်နှင့် အများရှေ့တွင် ပြောရဲဆိုရဲသည့် အလေ့အကျင့်ရှိလာစေရန် ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ပုံပြောပြိုင်ပွဲကို ဇွန်လ ၁၉ ရက်တွင် ပူတာအိုမြို့ရှိ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပသည်။

ရှေးဦးစွာ ပုံပြောပြိုင်ပွဲတွင် အခြေခံပညာအလယ်တန်းကျောင်း(မြို့မ)မှ အခြေခံပညာအလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများက မြေခွေးနှင့်စပျစ်သီးပုံပြင်ဖြင့်လည်းကောင်း၊ ကဗျာရွတ်ဆိုပြိုင်ပွဲတွင် အခြေခံပညာအလယ်တန်းကျောင်း(မြို့မ)မှ အခြေခံပညာအလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများက စာကြည့်တိုက်ကဗျာဖြင့်လည်းကောင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရကျောင်းသား၊ ကျောင်းသူများကို တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးနံရံကပ်စာစောင်၊ ကလေးအလုပ်သမားပပျောက်ရေးနံရံကပ်စာစောင်နှင့် နေ့စဉ်လမ်းလျှောက်ခြင်း၏အကျိုးကျေးဇူးများ နံရံကပ်စာစောင်များကို ကြည့်ရှုလေ့လာကြောင်း သိရသည်။

**ဖုန်ကန်(ပူတာအို)**

# ယခုနှစ် ငါးလတာကာလအတွင်း နိုင်ငံတစ်ဝန်း မီးလောင်မှု အကြိမ်ရေ ၆၁၀ ဖြစ်ပွားခဲ့ပြီး ပြီးခဲ့သည့်နှစ် ကာလတူထက် အကြိမ်ရေ လျော့နည်းလာ

ရန်ကုန် ဇွန် ၁၉

ယခုနှစ် ဇန်နဝါရီလမှ မေလအထိ ငါးလတာကာလအတွင်း နိုင်ငံတစ်ဝန်း မီးလောင်မှု အကြိမ်ရေ ၆၁၀ ဖြစ်ပွားခဲ့ပြီး ပြီးခဲ့သည့်နှစ် ကာလတူထက် အကြိမ်ရေ လျော့နည်းလာကြောင်း မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်မှ သိရသည်။

၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ မေလအထိ ငါးလတာကာလအတွင်း မီးလောင်မှုအကြိမ်ရေ ၇၅၁ ကြိမ် ဖြစ်ပွားခဲ့သည့်အတွက် ယခုနှစ်တွင် မီးလောင်မှုအကြိမ်ရေ ၁၄၁ ကြိမ် လျော့နည်းကြောင်း သိရသည်။

"၂၀၂၅ ခုနှစ်အတွင်း နိုင်ငံတစ်ဝန်းဖြစ်ပွားခဲ့တဲ့ မီးလောင်မှုအရေအတွက်က ဇန်နဝါရီလမှာ ၁၀၉ ကြိမ်၊ ဖေဖော်ဝါရီလမှာ ၁၂၅ ကြိမ်၊ မတ်လမှာ ၂၀၂ ကြိမ်၊ ဧပြီလမှာ ၁၁၅ ကြိမ်နဲ့ မေလမှာ ၅၉ ကြိမ် စုစုပေါင်း ငါးလတာကာလအတွင်းမှာ မီးလောင်မှုအကြိမ်ရေ ၆၁၀ ဖြစ်ပွားခဲ့ပါတယ်။ ဆုံးရှုံးမှုတန်ဖိုးက ငွေကျပ် သန်း ၅၇၀၀ ကျော်ရှိပါတယ်။ မီးလောင်မှုကြောင့် သေဆုံးသူ ၄၉ ဦးနဲ့ ထိခိုက်ဒဏ်ရာရရှိသူ ၆၇ ဦးရှိပါတယ်" ဟု မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ် ညွှန်ကြားရေးမှူး ဦးသိန်းထွန်းဦးကပြောသည်။

ယခုနှစ် ငါးလတာကာလအတွင်း မီးလောင်မှုအများဆုံးမှာ ရန်ကုန်တိုင်းဒေသကြီးဖြစ်ပြီး မီးလောင်မှုအကြိမ်ရေ ၁၂၆ ကြိမ် ဖြစ်ပွားခဲ့ကာ ဒုတိယအများဆုံးမှာ မန္တလေးတိုင်းဒေသကြီးဖြစ်ပြီး မီးလောင်မှုအကြိမ်ရေ ၉၆ ကြိမ် ဖြစ်ပွားခဲ့ကြောင်း၊ ထို့ပြင် ယခုနှစ်အတွင်း မီးလောင်မှုဖြစ်စဉ်များအနက် ပေါ့ဆမှုကြောင့်ဖြစ်ပွားသော မီးလောင်မှုမှာ အများဆုံးဖြစ်ပြီး ၁၈၅ ကြိမ် ဖြစ်ပွားခဲ့ကာ လျှပ်စစ်မီးကြောင့်ဖြစ်ပွားသော မီးလောင်မှုမှာ ဒုတိယအများဆုံးဖြစ်ပြီး ၁၆၃ ကြိမ် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ၌ နှစ်စဉ် မတ်လ၊ ဧပြီလနှင့် မေလတို့တွင် မီးလောင်မှုအများဆုံးဖြစ်ပွားလေ့ရှိပြီး မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်အနေဖြင့် နိုင်ငံတစ်ဝန်း၌ မီးသတ်တပ်ဖွဲ့များမှ တာဝန်ရှိသူများနှင့် ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းကာ ရပ်ကွက်၊ ကျေးရွာများအလိုက် မီးဘေးလုံခြုံမှုရှိစေရန်၊ မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားစေရန်နှင့် မီးလောင်မှုဖြစ်ပွားလာပါက ဆုံးရှုံးမှုနည်းပါးစေရန် အသိပညာပေးစည်းရုံးလှုံ့ဆော်ခြင်းများနှင့် စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဆောင်းဦး**

# မိုးရာသီနှင့် ရာသီတုပ်ကွေးရောဂါအကြောင်းသိကောင်းစရာ

ရာသီတုပ်ကွေးရောဂါက အသက်ရှူလမ်းကြောင်းကနေတစ်ဆင့် ကူးစက်တတ်တာကြောင့် လူထူထပ်တဲ့နေရာတွေကို သွားလာနေရသူတွေအနေနဲ့ ကိုယ်ခံအားနည်းနေချိန်နဲ့ ကြုံကြိုက်ပါက တုပ်ကွေးဖြစ်စေတဲ့ဗိုင်းရပ်စ်တွေကူးစက်ပြီး ရောဂါလက္ခဏာတွေ ခံစားရတတ်ပါတယ်။ ရာသီတုပ်ကွေးဖြစ်ပါက ခံစားရတဲ့ရောဂါလက္ခဏာတွေကို သက်သာစေဖို့ ဖြတ်ကျော်နိုင်တဲ့နည်းလမ်းကောင်းတွေကို မျှဝေပေးလိုပါတယ်။

တုပ်ကွေးက အလွန်သေးငယ်တဲ့ဗိုင်းရပ်စ်ကြောင့်ဖြစ်ပြီး အသက်ရှူလမ်းကြောင်းကနေတစ်ဆင့် လူတစ်ဦးနဲ့တစ်ဦး ကူးစက်စေပါတယ်။ နှစ်စဉ်ပြောင်းလဲသွားတဲ့မျိုးကွဲကြောင့် နှစ်စဉ် ကာကွယ်ဆေးထိုးဖို့လိုအပ်ပါတယ်။

တုပ်ကွေးရောဂါက ရောဂါပိုးရှိတဲ့လူနာ ချောင်းဆိုးခြင်း၊ နှာချေခြင်းကြောင့် လေထဲမှာ ရောဂါပိုးတွေပျံ့နှံ့ပြီး အသက်ရှူလမ်းကြောင်းကနေတစ်ဆင့် ကူးစက်တတ်ပါတယ်။ ၁-၂ ရက်အကြာမှာ လူအများစုက နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ ဖျားခြင်း၊ နွမ်းနယ်ခြင်း၊ ကိုယ်လက်မအီမသာဖြစ်ခြင်း၊ ကိုက်ခဲခြင်း၊ ခေါင်းကိုက်ပြီး လည်ချောင်းနာခြင်း စတဲ့ရောဂါလက္ခဏာတွေခံစားရတတ်ပြီး ၂-၇ ရက်အတွင်း ပျောက်ကင်းသွားတတ်ပါတယ်။ ရောဂါလက္ခဏာပြင်းထန်ပါက အဆုတ်ရောင်ခြင်း၊ အဆုတ်ပျက်စီးခြင်းနဲ့ အသက်ဆုံးရှုံးခြင်းတို့ ဖြစ်တတ်ပါတယ်။

တုပ်ကွေးမဖြစ်အောင် Omega-3 မှီဝဲသင့်ပါတယ်။ နေ့စဉ် ငါးစားသုံးမှုမရှိရင် Omega-3 ကို နေ့စဉ် ဖြည့်စွက်စားသုံးပေးပါက ခန္ဓာကိုယ်ခုခံစွမ်းအားကို မြင့်မားစေလို့ ရာသီတုပ်ကွေးမဖြစ်အောင် ကာကွယ်ပေးနိုင်ပါတယ်။ Omega-3 က ရာသီတုပ်ကွေးဖြစ်စေတဲ့ ပိုးမွှားတွေကိုစားပေးတဲ့ ကလာပ်စည်းတွေရဲ့လုပ်ဆောင်နိုင်စွမ်းအားကိုမြှင့်တင်ပေးတယ်လို့ ဗြိတိန်အာဟာရနှင့်ဆေးပညာသိပ္ပံတက္ကသိုလ်က လေ့လာတွေ့ရှိထားပါတယ်။ တခြားလေ့လာမှုတွေအရ Omega-3 က အသက်ရှူလမ်းကြောင်းကနေတစ်ဆင့် ဝင်ရောက်လာမယ့် ရာသီတုပ်ကွေးဖြစ်စေတဲ့ပိုးမွှားတွေ အဆုတ်ထဲမရောက်အောင် ကာကွယ်ပေးပါတယ်။

ဇင့်ဓာတ်ကို ဖျားနာနေချိန်မှာ သောက်သုံးသင့်ပါတယ်။ Yale တက္ကသိုလ် ရောဂါကာကွယ်ရေးစင်တာကပြုလုပ်တဲ့ လေ့လာမှုအရ ရာသီတုပ်ကွေးရောဂါကြောင့် ဖျားနာတာခံစားနေရတယ်ဆိုရင် ဇင့် ၃၀ မီလီဂရမ်သောက်သုံးတာက အဖျားတာရှည်မဖြစ်အောင် တားမြစ်နိုင်ပါတယ်။ နှာခေါင်းနဲ့ လည်ချောင်းထဲမှာ ဗိုင်းရပ်စ်ပိုးတွေ ပွားများမှုမဖြစ်အောင် တားဆီးပေးလို့ ရာသီတုပ်ကွေးရောဂါသက်သာပျောက်ကင်းမှုမြန်ဆန်စေပါတယ်။ ခန္ဓာကိုယ်ထဲမှာ ဇင့်ဓာတ်ချို့တဲ့ပါက ပိုးမွှားတွေကို တိုက်ထုတ်ပေးတဲ့ သွေးဖြူဥထုတ်လုပ်မှုလျော့နည်းစေလို့ ရောဂါပိုးကူးစက်နိုင်ခြေများပါတယ်။ လိုအပ်တာထက်ပိုပြီး သောက်သုံးမိပါက ခန္ဓာကိုယ်ခုခံအားစနစ်ကို ကျဆင်းစေတဲ့အပြင် ခန္ဓာကိုယ်အတွက်လိုအပ်တဲ့ သတ္တုဓာတ်စုပ်ယူမှုကို တားမြစ်ပါတယ်။

ဗီတာမင်-C နေ့စဉ်သောက်သင့်ပါတယ်။ ဗီတာမင်-C ကြွယ်ဝတဲ့အစားအစာတွေ စားသုံးပေးပါက ခန္ဓာကိုယ်ခုခံစွမ်းအားမြင့်မားပြီး ပိုးမွှားတွေဝင်ရောက်ကူးစက်မှုမရှိအောင် တားမြစ်ပေးပါတယ်။ ငရုတ်ပွ၊ အချဉ်ဓာတ်ရှိတဲ့သစ်သီး စတာတွေကနေ ဗီတာမင်-C ကိုရရှိနိုင်ပါတယ်။ လေ့လာမှုပေါင်း ၃၀ ကျော်အရ ဗီတာမင်-C က အအေးမိတုပ်ကွေးမဖြစ်အောင် ကာကွယ်နိုင်တယ်ဆိုတဲ့ ထူးခြားချက်မျိုးတော့ မတွေ့ရှိရပါဘူး။ ဗီတာမင်-C သောက်သုံးမှုများပြားပါက ကျောက်ကပ်ကျောက်တည်တာ၊ ဝမ်းဗိုက်မအီမသာဖြစ်တာ၊ ကလေးငယ်တွေမှာ ခန္ဓာကိုယ်တွင်းသွေးယိုစိမ့်တာတွေ ဖြစ်စေနိုင်ပါတယ်။ ဗီတာမင်-C ကြွယ်ဝတာက သံပရာသီး၊ လိမ္မော်သီး၊ ဆီးသီး၊ ကျွဲကောသီး၊ ဆီးဖြူသီး၊ ငှက်ပျောသီး စတာတွေဖြစ်ပါတယ်။

ဗီတာမင်-D သောက်သုံးသင့်ပါတယ်။ ဟားဗက်တက္ကသိုလ်ရဲ့လေ့လာမှုအရ ဗီတာမင်-D က ခုခံစွမ်းအားကိုမြှင့်မားစေပြီး ရာသီတုပ်ကွေးပြဿနာတွေမဖြစ်အောင် ကာကွယ်ပေးနိုင်ပါတယ်။ ခန္ဓာကိုယ်မှာ ဗီတာမင်-D ချို့တဲ့ပါက ဗီတာမင်-D ပြည့်ဝနေသူတွေထက် အဆုတ်နဲ့အသက်ရှူလမ်းကြောင်းမှာ ပိုးဝင်နိုင်ခြေပိုများပါတယ်။ ခန္ဓာကိုယ်မှာ ဗီတာမင်-D ပမာဏလုံလောက်နေပါက ဗိုင်းရပ်စ်ပိုးတွေကိုသေစေတဲ့ ပရိုတင်းတွေထုတ်လုပ်မှုကို များပြားစေပါတယ်။

ပန်းနာ၊ ရင်ကျပ်ရှိသူတွေမှာ ဗီတာမင်-D ချို့တဲ့ပါက လုံလောက်သူတွေထက် ခြောက်ကြိမ်ခန့် ဖျားနာနိုင်ခြေပိုများပါတယ်။ နံနက်ခင်းနေရောင်ခြည်နဲ့ထိတွေ့တာ၊ ဗီတာမင်-D ဖြည့်စွက်ထားတဲ့အစားအစာတွေ စားသုံးတာ၊ ငါးစားသုံးတာတွေကနေ ဗီတာမင်-D ကို ရယူနိုင်ပါတယ်။ ဖြည့်စွက်သောက်သုံးမယ်ဆိုရင် တစ်ရက်ကို ဗီတာမင်-D ၁၀၀၀ အိုင်ယူ သောက်သုံးသင့်ပါတယ်။

ရာသီတုပ်ကွေးဖြစ်နေချိန်မှာ ဂျင်ဆင်းသောက်တာကြောင့် ရာသီတုပ်ကွေးဖြစ်ပြီး ပျောက်ကင်းချိန်မှာကျန်ခဲ့တဲ့ ချောင်းဆိုးတာကို သက်သာစေတယ်လို့ အမေရိကန်ကင်ဆာနှင့် ပိုးမွှားကူးစက်မှုစင်တာရဲ့လေ့လာမှုအရ သိရပါတယ်။ ဂျင်ဆင်းသောက်သုံးတာက ရာသီတုပ်ကွေးရဲ့ရောဂါလက္ခဏာတွေကို သက်သာစေပါတယ်။ ဂျင်ဆင်းမှာပါဝင်တဲ့ ဒြပ်ပေါင်းတွေက ပိုးမွှားတွေကိုတိုက်ထုတ်ပေးမယ့် သွေးဖြူဥတွေနဲ့ ခုခံအားကောင်းမွန်စေတဲ့ ပရိုတင်းတစ်မျိုးရဲ့ ထုတ်လုပ်မှုကို အားပေးတာကြောင့်ဖြစ်ပါတယ်။

တုပ်ကွေးဖြစ်တဲ့အခါ ပါရာစီတမောသောက်သုံးနိုင်ပါတယ်။ ရာသီတုပ်ကွေးဖြစ်တဲ့အခါ တချို့တွေမှာ ကိုယ်အပူချိန် ၁၀၂˚F နဲ့အထက် တက်တာမျိုးတွေ ဖြစ်နိုင်ပါတယ်။ ခေါင်းကိုက်တာ၊ ကိုယ်လက်ညောင်းကိုက်တာတွေ ခံစားရနိုင်ပါတယ်။ ရေဓာတ်ခန်းခြောက်မှုမရှိအောင်ထိန်းသိမ်းပြီး ရောဂါဆိုးရွားတဲ့အခြေအနေမရောက်အောင် ကာကွယ်နိုင်ပါတယ်။ နာကျင်ကိုက်ခဲမှုတွေသက်သာစေဖို့ ပါရာစီတမောသောက်သုံးနိုင်ပါတယ်။

အကိုက်အခဲပျောက်ဆေး သောက်နိုင်ပါတယ်။ ဆရာဝန်ညွှန်ကြားချက်မလိုဘဲ ဆေးဆိုင်တွေမှာ အလွယ်တကူဝယ်ယူရရှိနိုင်တဲ့ အက်စပရင် (Aspirin)၊ ပါရာစီတမော (Paracetamol)၊ အိုင်ဗျူပရိုဖင် (Ibuprofen) စတာတွေက တုပ်ကွေးကြောင့် နာကျင်ကိုက်ခဲနေတာတွေကို သက်သာစေပါတယ်။ အက်စပရင်နဲ့ အိုင်ဗျူပရိုဖင်တို့က ရောင်ရမ်းမှုတွေကို လျော့နည်းစေပြီး အက်စပရင်နဲ့ ပါရာစီတမောက ဖျားနာတာကို သက်သာစေပါတယ်။ ဒါပေမဲ့ ရေရှည်စွဲပြီးသောက်သုံးဖို့မသင့်ပါဘူး။

အအေးမိပြီး တုပ်ကွေးဖြစ်နေရင် ရေဓာတ်မခန်းခြောက်အောင် ရေများများသောက်ပေးသင့်ပါတယ်။ သစ်သီးဖျော်ရည်၊ ဆော်ဒါ၊ သံပရာနဲ့ထည့်ထားတဲ့ရေ စတာတွေ သောက်သုံးသင့်တယ်။ ကဖင်းဓာတ်ပါတဲ့ အရည်တွေက ဆီးရွှင်စေတာကြောင့် ရေဓာတ်ခန်းခြောက်မှုဖြစ်စေလို့ မသောက်သုံးသင့်ပါဘူး။

စွပ်ပြုတ်သောက်နိုင်ပါတယ်။ ရာသီတုပ်ကွေးဖြစ်ပါက စွပ်ပြုတ်သောက်သုံးတာက အသင့်တော်ဆုံးပါပဲ။ ကြက်သားစွပ်ပြုတ်သောက်သုံးတာက အဆုတ်နဲ့ အသက်ရှူလမ်းကြောင်းအထက်ပိုင်း ပိုးမွှားကူးစက်မှုကြောင့်ခံစားရတဲ့ ရောဂါလက္ခဏာတွေကို သက်သာစေတယ်လို့ ဆေးပညာဂျာနယ်တစ်စောင်မှာ ရေးသားဖော်ပြထားပါတယ်။

ငုံဆေးပြားငုံသင့်ပါတယ်။ လိုအပ်ရင် Amoxicillin 500 Mg နဲ့ စထရပ်ဆဲလ် (Strepsil) ကို တစ်နေ့နှစ်ကြိမ် ၅-၇ ရက်သောက်သင့်ပါတယ်။ ဇင့်ဓာတ်ပါတဲ့ငုံဆေးပြားတွေက ရာသီတုပ်ကွေးဖြစ်ရင် ခံစားရတဲ့ လတ်တလောရောဂါလက္ခဏာတွေကို သက်သာစေပါတယ်။

အိပ်စက်အနားယူသင့်ပါတယ်။ ရာသီတုပ်ကွေးဖြစ်နေပါက အလုပ်သွားတာ၊ ကျောင်းသွားတာမျိုးတွေ မလုပ်သင့်ပါဘူး။ အိမ်မှာပဲ အိပ်စက်အနားယူတာက ရောဂါလက္ခဏာတွေကို သက်သာစေပြီး အမြန်ဆုံးနေပြန်ကောင်းစေပါတယ်။

လေထုစွတ်စိုမှုရှိသင့်ပါတယ်။ အခန်းတွင်း လေထုစွတ်စိုမှုရှိတာက နှာခေါင်းပိတ်တာ၊ လည်ချောင်းနာတာတွေကို သက်သာစေပါတယ်။ အခန်းတွင်းမှာ ပစ္စည်းတွေ၊ ပိုးမွှားတွေကင်းရှင်းပြီး သန့်ရှင်းသပ်ရပ်မှုရှိအောင်ပြုလုပ်သင့်ပါတယ်။ ရေငွေ့ရှူခြင်းက ချောင်းဆိုးခြင်း၊ နှာစေး၊ နှာခြောက်ခြင်းကို သက်သာစေပါတယ်။ စီထရင်းနဲ့ ချောင်းဆိုးပျောက်ဆေးရည် သောက်နိုင်ပါတယ်။ ။

> **"တုပ်ကွေးရောဂါက ရောဂါပိုးရှိတဲ့လူနာ ချောင်းဆိုးခြင်း၊ နှာချေခြင်းကြောင့် လေထဲမှာ ရောဂါပိုးတွေပျံ့နှံ့ပြီး အသက်ရှူလမ်းကြောင်းကနေတစ်ဆင့် ကူးစက်တတ်ပါတယ်။ ၁-၂ ရက်အကြာမှာ လူအများစုက နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ ဖျားခြင်း၊ နွမ်းနယ်ခြင်း၊ ကိုယ်လက်မအီမသာဖြစ်ခြင်း၊ ကိုက်ခဲခြင်း၊ ခေါင်းကိုက်ပြီး လည်ချောင်းနာခြင်း စတဲ့ရောဂါလက္ခဏာတွေခံစားရတတ်ပြီး ၂-၇ ရက်အတွင်း ပျောက်ကင်းသွားတတ်ပါတယ်။ ရောဂါလက္ခဏာပြင်းထန်ပါက အဆုတ်ရောင်ခြင်း၊ အဆုတ်ပျက်စီးခြင်းနဲ့ အသက်ဆုံးရှုံးခြင်းတို့ ဖြစ်တတ်ပါတယ် . . ."**

**ဒေါက်တာလွင်သန့်**

# ကျိုက်ထိုမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက်လုပ်ငန်းဆောင်ရွက်

ကျိုက်ထို ဇွန် ၁၉

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ အခြေခံပညာကျောင်းများ၌ တက်ရောက်ပညာသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန်မြင့်မားပြီး အသိပညာ ဗဟုသုတတိုးပွားစေရေးအတွက် စာဖတ်ရှိန်မြှင့်တင်ရေးနယ်လှည့်စာကြည့်တိုက်လုပ်ငန်းကို ဇွန်လ ၁၉ ရက်တွင် ကျိုက်ထိုမြို့ တောင်ပိုင်းရပ်ကွက်ရှိ အခြေခံပညာမူလတန်းကျောင်း (ကော်ခြံ) ၌ ဆောင်ရွက်သည်။


ရှေးဦးစွာ အခြေခံပညာမူလတန်းကျောင်း (ကော်ခြံ)ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်မျိုးက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများ အားလပ်ချိန်တွင် အချိန်ကို အကျိုးရှိစွာအသုံးပြုရေး၊ ကျောင်းစာကိုကြိုးစားကြသကဲ့သို့ ဗဟုသုတတိုးပွားရေးအတွက် ပြင်ပစာပေများကိုပါ လေ့လာဖတ်ရှုကြရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်းတို့ကို အသိပညာပေးဟောပြောဆွေးနွေးသည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကို စိတ်ကြိုက်ရွေးချယ်ဖတ်ရှုကာ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ကြသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများ ဖတ်ရှုလေ့လာနိုင်ရန် ကလေးကဗျာများ၊ ရုပ်ပြပုံပြင်များ၊ စာစောင်များ စသည့် ကလေးများအသိပညာတိုးပွားရေး စာအုပ်စာပေများနှင့် စာဖတ်ရှိန်မြှင့်တင်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ်သတိပြုကာကွယ်ရေး အသိပညာပေးနံရံကပ်စာစောင်များကို ခင်းကျင်းပြသထားရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**ချမ်းမြေ့**

# သထုံမြို့ ပရိယတ္တိသာသနဟိတအသင်းကြီးမှ ကြီးမှူး၍ (၉၈) ကြိမ်မြောက် သုဝဏ္ဏဘူမိပရိယတ္တိစာမေးပွဲကျင်းပ



**သထုံ ဇွန် ၁၉**

မွန်ပြည်နယ် သထုံမြို့ ပရိယတ္တိသာသနဟိတအသင်းကြီးမှကြီးမှူး၍ (၉၈) ကြိမ်မြောက် သုဝဏ္ဏဘူမိပရိယတ္တိစာမေးပွဲကို ဇွန်လ ၁၈ ရက်က သထုံမြို့ နန်းခဲရပ်ကွက် မြသပိတ်တောင်ခြေ သဒ္ဓမ္မဇောတိကာရာမကျောင်းတိုက်၌ ကျင်းပရာ စာမေးပွဲ၏ပထမနေ့အဖြစ် အနယ်နယ်အရပ်ရပ်မှ သံဃာတော်နှင့်သီလရှင်များ အေးချမ်းစွာလာရောက်ဖြေဆိုကြကြောင်း သိရသည်။

စာမေးပွဲဖြေဆိုရာတွင် ပထမအဆင့်မှ သတ္တမအဆင့်အထိ သံဃာတော် ၁၆၃ ပါးနှင့် သီလရှင် ၂၈ ပါး စုစုပေါင်း ၁၉၁ ပါးတို့က အဆင့်အလိုက် ဝင်ရောက်ဖြေဆိုတော်မူကြပြီး စာဖြေသူများ အေးချမ်းစွာဖြေဆိုနိုင်ရေးအတွက် မြို့နယ်သံဃနာယကအဖွဲ့မှ ကြီးကြပ်ရေးဆရာတော်များနှင့် ကြီးကြပ်ရေးအဖွဲ့ဝင်လူပုဂ္ဂိုလ်များ၊ တာဝန်ရှိသူများက ကြီးကြပ်စောင့်ရှောက်ပေးကြကာ အလှူရှင်များက အချိုရည်များ၊ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်း စသည်ဖြင့် ကုသိုလ်ပြုကြသည်။

သထုံမြို့ ပရိယတ္တိသာသနဟိတအသင်းကြီးမှ ကျင်းပသည့် သုဝဏ္ဏဘူမိပရိယတ္တိစာမေးပွဲကြီးတွင် ပိဋကတ်သုံးပုံအစုံစုံကို အဆင့်ခုနစ်ဆင့်ခွဲ၍ တစ်ဆင့်လျှင် ခုနစ်ကျမ်းဖြင့် ခုနစ်ရက်ဖြေဆိုရကာ ကျမ်းပေါင်း ၄၉ ကျမ်းကို ခုနစ်နှစ်ဝင်ရောက်ဖြေဆိုရပြီး ပထမ၊ ဒုတိယနှင့် တတိယအဆင့်တို့ကို ဖြေဆိုအောင်မြင်ပါက သာသနဇောတိပါလဓမ္မာစရိယ(ဒုတိယစာချ) ဘွဲ့ကိုလည်းကောင်း၊ စတုတ္ထနှင့်ပဉ္စမအဆင့်တို့ကို ဆက်လက်အောင်မြင်ပါက သာသနဟိတဂဏဝါစကအာစရိယ (ပထမစာချ)ဘွဲ့နှင့် အဘိဝံသဘွဲ့ထူးတို့ကိုလည်းကောင်း၊ ဆဋ္ဌမနှင့်သတ္တမအဆင့်တို့ကို အောင်မြင်ပါက ပိဋကတ္တယပါရဂူဘွဲ့ကိုလည်းကောင်း ဆက်ကပ်လှူဒါန်းသည့် ပရိယတ္တိစာမေးပွဲကြီးဖြစ်သည်။

အဆိုပါစာမေးပွဲကို ယခုနှစ်တွင် (၉၈) ကြိမ်မြောက်အဖြစ် ဇွန်လ ၁၈ ရက်မှ ၂၄ ရက်အထိ ခုနစ်ရက်ကြာ ကျင်းပလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# လူငယ်ရေးရာနှင့် သဘာဝဘေးအန္တရာယ်လျှော့ပါးရေးဆိုင်ရာများ အသိပညာပေးဟောပြော



**လှိုင်းဘွဲ့ ဇွန် ၁၉**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်ရေးရာနှင့် သဘာဝဘေးအန္တရာယ်လျှော့ပါးရေးဆိုင်ရာများ အသိပညာပေးဟောပြောပွဲကို ဇွန်လ ၁၈ ရက်က ကမော့ကချူးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (ခွဲ) ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစောသော်တာလင်းသန့်က လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးစေရေးနှင့် အသိပညာဗဟုသုတ ပြည့်စုံစေရေးအတွက် စာအုပ်၊ စာပေများကို လေ့လာဖတ်ရှုမှတ်သားကြရမည့်အကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကိုယ်ကာယကျန်းမာဖွံ့ဖြိုးစေရေးအတွက် ကျောင်းမုန့်ဖိုးများကို ဘေးအန္တရာယ်ကင်းရှင်းသည့် မြန်မာ့ရိုးရာ မုန့်ပဲသရေစာများကိုသာ ဝယ်ယူစားသောက်စေလိုကြောင်း၊ ပြည်ပမှတင်သွင်းသည့် မုန့်မျိုးစုံတို့၏ဆိုးကျိုးအန္တရာယ်များအကြောင်း၊ မူးယစ်ဆေးဝါးနှင့် လူမှောင်ခို၊ လူကုန်ကူးမှုအန္တရာယ်များအကြောင်းတို့ကို အသိပညာပေးဟောပြောသည်။

ထို့နောက် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးရီက သဘာဝဘေးအန္တရာယ်များဖြစ်ကြသည့် ရေဘေး၊ လေပြင်းမုန်တိုင်းဘေး၊ လျှင်ဘေး၊ မီးဘေး၊ မိုးကြိုးအန္တရာယ်များဖြစ်ပွားပါက ဆောင်ရန်၊ ရှောင်ရန်နည်းလမ်းများကို အသိပညာပေးဟောပြောပြီး သဘာဝဘေးအန္တရာယ်များနှင့် သက်ဆိုင်သည့်အကြောင်းအရာများကို ပြန်လည်မေးမြန်းရာ ပါဝင်ဖြေကြားပေးကြသည့် ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် မူးယစ်ဆေးဝါးများ၏ဆိုးကျိုးအန္တရာယ်နှင့် လူကုန်ကူးမှုအန္တရာယ်အကြောင်း အသိပညာပေးနံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**စောဒီ(ပြန်/ဆက်)**

# အိုလံပစ်နေ့အထိမ်းအမှတ် Myanmar Fight မျိုးဆက်သစ် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဇွန် ၁၉**

အိုလံပစ်နေ့အထိမ်းအမှတ် Myanmar Fight မျိုးဆက်သစ်မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကို ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ရာ လက်ဝှေ့ဝါသနာရှင် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

ယင်းမျိုးဆက်သစ်မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကို အားကစားနှင့်ကာယပညာဦးစီးဌာန မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်နှင့် Myanmar Martial Arts Group(MMAG)တို့ ပူးပေါင်းစီစဉ်ကာ စတုတ္ထအကြိမ်အဖြစ် ဇွန်လ ၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ သိမ်ဖြူလက်ဝှေ့ရုံ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲများတွင် ပနာအဲ(ရိုးရာကျား) နှင့် မိုက်ခဲလေး (Ray)၊ မင်းမြတ်ကို(တော်ဝင်ရော)နှင့် ခွန်မင်းမင်း(M,F,C)၊အောင်ခန့်မင်း(555mix Sport)နှင့်မင်းထက်ကျော်(အဖြူရောင်သွေးသစ်)၊ အောင်ကြီး(ရန်ကြီးအောင်) နှင့် အောင်သိုက်(ရိုးရာ/နေပြည်တော်)၊ ထက်မြက်(Holy Power)နှင့် ဘုန်းမြတ်သာ (Titaniur)၊ ချစ်ရအောင်(Ray)နှင့် သက်မောင်(အင်းစိန်)၊ နော်ဆန်း(သုံးခွ) နှင့် ကျားမာန်ဟိန်း(Smar Fight)၊ ရဲမိုက်တီး(M,k,I) နှင့် ထက်ရန်နိုင်(ဟံသာဝတီ) တို့က သုံးချီယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ထို့ပြင် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် ဝင်ရောက်ယှဉ်ပြိုင်ရန် လက်ရည်စစ်ကစ်ဘောက်ဆင်ပြိုင်ပွဲ အမျိုးသမီးနှစ်ပွဲ ပါဝင်မည်ဖြစ်သည်။ ယင်းမျိုးဆက်သစ်လက်ဝှေ့ပြိုင်ပွဲများကို လစဉ်ကျင်းပလျက်ရှိပြီး မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်မှ အဓိကကူညီကာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပံ့ပိုးပေးထားကြောင်း သိရသည်။

**ဝန်းရံခဲ**

# အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်ဟောပြောပွဲနှင့် ပြပွဲ ပြိုင်ပွဲများကျင်းပ

**ကျွန်းစု ဇွန် ၁၉**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဟောပြောပွဲနှင့် ပြပွဲ၊ ပြိုင်ပွဲများကို ဇွန်လ ၁၉ ရက်တွင် မြို့နယ်လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးသန္တာဖြိုးက မူးယစ်ဆေးဝါး၏အဓိပ္ပာယ်၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းမှ ဖြစ်ပေါ်နိုင်သောဆိုးကျိုးများနှင့် မူးယစ်ဆေးဝါးကင်းရှင်းရေး အရေးပါမှုတို့ကို အသိပညာပေးပြောကြားပြီး မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီနွဲ့က ကလေးအလုပ်သမား၏အဓိပ္ပာယ်နှင့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို အသိပညာပေးပြောကြားသည်။



ထို့နောက် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ကျင်းပရာ ကျောင်းသား၊ ကျောင်းသူများက ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများအား မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးသန္တာဖြိုးနှင့် တာဝန်ရှိသူများက ဆုများအသီးသီး ချီးမြှင့်ပေးအပ်ကြသည်။

ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နံရံကပ်စာစောင်များနှင့် သုတ၊ ရသစာအုပ်စာစောင်များကို ခင်းကျင်းပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**ထက်မြင့်(ကျွန်းစု)**

ဧရာဝတီမျိုးစေ့

# ဧရာဝတီမျိုးစေ့ကုမ္ပဏီမှ
# အဲန်ကေ ၆၂၅ ပြောင်းမျိုး အပင်ပေါက်လုပ်ဆောင်မှုများနှင့်ပတ်သက်၍
# အသိပေးကြေညာခြင်း

ဧရာဝတီမျိုးစေ့

ဧရာဝတီမျိုးစေ့ကုမ္ပဏီမှ စပ်မျိုးပြောင်း NK 625 သည် နှစ်စဉ်နှစ်တိုင်း အပင်ပေါက်ရာခိုင်နှုန်းပျမ်းမျှ ၉၅ % သို့မဟုတ် ၉၅ % ထက်မြင့်မားမှုရှိပြီး တောင်သူများယုံကြည်စိတ်ချစွာစိုက်ပျိုးနေသော ပြောင်းမျိုးဖြစ်ပါသည်။ အထွက်ကောင်းခြင်း၊ အပင်ယိုင်လဲမှုခံနိုင်ရည်မြင့်ခြင်းကြောင့်လည်း တောင်သူများမှ နှစ်စဉ်စိုက်ပျိုးနေသောမျိုးဖြစ်ပြီး ဧရာဝတီမျိုးစေ့ကုမ္ပဏီသည် တောင်သူများလက်ဝယ်သို့ ရာသီအချိန်မီဖြန့်ဖြူးနိုင်ရန် အမြဲတမ်းကြိုးပမ်းနေပါသည်။ သို့ရာတွင် လွန်ခဲ့သောနှစ် ပြောင်းမျိုးစေ့များတင်သွင်းရာ၌ အချို့သောကြန့်ကြာမှုများကြောင့် အနည်းငယ်သော NK 625 5kg(Thailand) မျိုးစေ့များတွင် အပင်ပေါက်သက်ရောက်မှုများရှိခဲ့ပြီး သတ်မှတ်ထားသောအပင်ပေါက်ရာခိုင်နှုန်းစံချိန်အောက်ရှိခဲ့ကြောင်း သိရှိခဲ့ရသဖြင့် အောက်ပါဆောင်ရွက်မှုများကိုပြုလုပ်ခဲ့ပါသည်။

- မျိုးစေ့အထုပ်ပေါင်း ၂၅၀ ကျော်မှ မျိုးစေ့များကို ဓာတ်ခွဲခန်းနှင့် ကွင်းစမ်းသပ်မှုများပြုလုပ်ခဲ့ပါသည်။
- အများစုမှာ နိုင်ငံတော်မှသတ်မှတ်ထားသော အပင်ပေါက်ရာခိုင်နှုန်းဖြစ်သည့် ၈၅ % အထက်ရှိကြောင်း တွေ့ရှိရပါသည်။
- အပင်ပေါက်ရာခိုင်နှုန်းစံချိန်မပြည့်မီသော အောက်ပါမျိုးစေ့အထုပ်(သို့) Lots ၉ ခုအား ချက်ချင်းပြန်လည်သိမ်းယူခဲ့ပြီး အပင်ပေါက်ကောင်းသောမျိုးအိတ်များဖြင့် လဲလှယ်ပေးခဲ့ပါသည်။
  NK 625 – 18864541, 18864542, 18864545, 18864547, 18890440, 18855778, 18855781, 18855782, 18916923
- တောင်သူများဆုံးရှုံးမှုအနည်းဆုံးဖြစ်စေရန်အတွက် ကိုယ်စားလှယ်များမှတစ်ဆင့် ငွေအပြည့်ပြန်အမ်းခြင်းနှင့် မျိုးစေ့အိတ်များ အစားထိုးလဲလှယ်ခြင်းများကိုပြုလုပ်ခဲ့ပါသည်။
- လွန်ခဲ့သော(၂)လအတွင်း ကျွန်တော်တို့၏ ကွင်းဆင်းအဖွဲ့များသည် နိုင်ငံတစ်ဝန်းရှိ တောင်သူ ၃၀၀၀ ကျော်၊ မျိုးစေ့ဖြန့်ဖြူးသူ(၃၀)ကျော်နှင့် ကိုယ်တိုင်တွေ့ဆုံကာဖြစ်ပေါ်လျက်ရှိသောကိစ္စအတွက် စိတ်ကျေနပ်မှုရရှိစေရန်ဆောင်ရွက်ခဲ့ပါသည်။
- ကျွန်တော်များအနေဖြင့် ယခုကိစ္စရပ်နှင့်ပတ်သက်ပြီး ဖြန့်ဖြူးထားသောမျိုးစေ့များအတွက် အပြည့်အဝဖြေရှင်းနေပါကြောင်းကိုလည်း အသိပေးပါသည်။

မိမိတွင်ရှိသော NK 625 5kg မျိုးစေ့ထုပ်များကို ပြန်လည်ပေးအပ်လိုပါက ဝယ်ယူခဲ့သောဆိုင်မှတစ်ဆင့်(သို့မဟုတ်)ကုမ္ပဏီထံသို့ တိုက်ရိုက်ဆက်သွယ်နိုင်ပါသည်။ ၅ ကီလိုတစ်အိတ်လျှင် = ၁၆၅,၀၀၀ ကျပ် အပြည့်အဝပြန်လည်ပေးအပ်သွားပါမည်။ မိမိစိုက်ပျိုးထားရှိသည့်မျိုးစေ့များ၏ အပင်ပေါက်နှုန်းနှင့်စပ်လျဉ်း၍ အကြံဉာဏ်ရယူဆွေးနွေးလိုပါကလည်း ကိုယ်စားလှယ်ဆိုင်မှတစ်ဆင့်ဖြစ်စေ၊ ကုမ္ပဏီထံသို့ဖြစ်စေ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တောင်သူများအနေဖြင့် မိမိတို့ဝယ်ယူခဲ့သော ပြောင်းမျိုးစေ့ဈေးနှုန်းနှင့် ကုမ္ပဏီမှပြန်လည်ဝယ်ယူသော ၁၆၅,၀၀၀ ကျပ်ကြား ကွာဟမှုတစ်စုံတစ်ရာရှိပါက မိမိဝယ်ယူခဲ့သောဆိုင်များတွင် ညှိနှိုင်းဆောင်ရွက်ပေးကြပါရန် ပန်ကြားအပ်ပါသည်။

**ဆက်သွယ်ရန်**
- **နီးစပ်ရာကိုယ်စားလှယ်ဆိုင်**
- **ရှမ်း(တောင်)၀၉-၇၅၀၂၁၁၆၈၇**
- **ရှမ်း(မြောက်)၀၉-၇၅၀၂၁၁၆၈၈**
- **info@ayeyarwaddyseeds.com**


ယခုကိစ္စရပ်ဖြစ်စဉ်တစ်လျှောက်လုံးတွင် နားလည်မှု၊ ယုံကြည်မှုဖြင့် ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြသော ကိုယ်စားလှယ်များနှင့် တောင်သူများအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

မြန်မာ့သြဘာလုပ်ငန်းစု၏ တစ်စိတ်တစ်ပိုင်းဖြစ်သော ဧရာဝတီမျိုးစေ့ကုမ္ပဏီအနေဖြင့် ပွင့်လင်းမြင်သာမှုနှင့်အတူ ကောင်းမွန်သောအရည်အသွေးများဖြင့် မြန်မာ့စိုက်ပျိုးရေးအသိုက်အဝန်း ရေရှည်အောင်မြင်မှုအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

**ယုံကြည်ရသောမျိုးစေ့၊ ထက်မြက်သောစွမ်းဆောင်ရည်**




သိပ္ပံနှင့် လူမှုရေး၊ ပညာရေး၊ နိုင်ငံတကာဗဟုသုတ ကဏ္ဍစုံလင်စွာဖြင့်
စာဖတ်ပရိသတ်များ၏လိုအင်များကို အမြဲဖြည့်ဆည်းပေးလျက်ရှိသော




**တေဇ** ရုပ်စုံ
- မိမိရင်သွေးငယ်များအတွက် ပုံပြင်ဗဟုသုတကဏ္ဍ၊ ဝတ္ထုတိုကဏ္ဍ၊ နိုင်ငံတကာသိမှတ်ဖွယ်ရာအဖြာဖြာကဏ္ဍ၊ တေဇသုတအဖြာဖြာတို့ကို စုံလင်စွာဖော်ပြထားသည့်စာစောင်
- အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ဖော်ပြထားသည့် ကာတွန်းကဏ္ဍ၊ ကလေးများ အသိဉာဏ်ပညာမြင့်မားစေရေးအတွက် ဉာဏ်စမ်းကဏ္ဍများပါရှိသည့်စာစောင်
- ရင်သွေးငယ်လေးများ မြန်မာစကားပုံများကို လေ့လာသိရှိစေရန်အတွက် မြန်မာမှုဥပစာစကားများကို ပုံနှင့်တကွ ဖော်ပြထားသည့်စာစောင်
- ရင်သွေးငယ်လေးများ မြန်မာစာအရေးအသား မြင့်မားတိုးတက်လာစေမည့် စာစီစာကုံးပြိုင်ပွဲပါရှိသည့်စာစောင်
- ကာတွန်းသရုပ်ဖော်ပန်းချီနှင့်အတူ တေဇကလေးတို့အတွက် ဇွန်လထုတ် တေဇရုပ်စုံစာစောင်ထွက်ရှိလို့လာပါပြီ။

ဆက်သွယ်ရန် - ဖုန်း ၀၉ ၄၀၃၂၅၈၄၅၁ (စာတည်းဌာန)
၀၉ ၃၂၄၉၈၇၂၄ (ဖြန့်ချိရေး)

မြဝတီစာပေတိုက်က ထုတ်ဝေသည်။

**မိုးသောက်ပန်း** ဂျာနယ်

ကလေးငယ်များအတွက်
ပညာလဲပေး၊ ဗဟုသုတလဲရ
ဟာသလဲပါ၊ ဉာဏ်ရည်လဲတိုးမဲ့

- မျက်နှာဖုံးတွင် ကာတွန်းနှင်းဦး၏ လက်ရာကောင်းနှင့်အတူ ကာတွန်းကိုကောင်း၊ ကာတွန်းကြိုးကြာနှင့် ကာတွန်းကြယ်ကြယ်တို့၏ ကလေးငယ်များ ကြိုက်နှစ်သက်စေမည့် ကာတွန်းလက်ရာကောင်းများ။
- ကဗျာဆရာ ခင်ဖုန်းကြည်(မိုင်းပွန်)၊ ဟန်တင်(သုံးဆယ်)၊ ကန့်ဘလူကံတင်အောင်၊ မင်းနီခိုင်(မောင်တော)၊ မန်းတင့်မော်နှင့် ရေနံ့သာမောင်ကျော်ညွန့်တို့၏ ကဗျာကောင်းများ။
- သားသား၊ မီးမီးတို့ ဉာဏ်ရည်တက်စေမည့် ဉာဏ်စမ်းကဏ္ဍနှင့် ကလေးငယ်များအတွက် သုတ၊ ရသရစေမဲ့ စာကောင်းပေမွန်တို့ကို ကဏ္ဍစုံ၊ ရသစုံ တင်ဆက်ဖော်ပြပေးလိုက်ပါတယ်။

ကဗျာ၊ ကာတွန်း၊ ဉာဏ်စမ်း ဝေဝေဆာဆာဖြင့်
(၁၇-၆-၂၀၂၅)ရက်ထုတ်၊ မိုးသောက်ပန်းဂျာနယ်
အတွဲ(၂၉)၊ အမှတ်(၂၂)ထွက်ပြီ။

စာတည်းဌာန ဖုန်း - ၀၉၄၅၂၂၆၀၅၃၆
ဖြန့်ချိရေး ဖုန်း - ၀၉၃၂၄၉၈၇၂၄

◆ အပတ်စဉ် အင်္ဂါနေ့တိုင်း ထွက်နေပါပြီ ◆




**စာပေမြင့်မှ လူမျိုးတင့်မည်**

**မြဝတီ** နေ့စဉ် ရောင်စုံ သတင်းစာ

**လူမှုရေး/စီးပွားရေးကြော်ငြာများ**
(30 % Discount Off)

မြန်မာပြည်အနှံ့ဖြန့်ချိလျက်ရှိသော မြဝတီရောင်စုံနေ့စဉ်သတင်းစာဖတ်ပရိသတ်များအား ကျေးဇူးတုံ့ပြန်သောအားဖြင့် လူမှုရေးဝန်ဆောင်မှုလုပ်ငန်းများကို မူလကောက်ခံလျက်ရှိသော ကြော်ငြာခနှုန်းထား (၁လက်မ×၁ကော်လံ)(၆၀၀၀/-)နှုန်းအစား(30% Discount)လျှော့၍ ထည့်သွင်းဖော်ပြပေးလျက်ရှိသဖြင့် အောက်ပါလိပ်စာများသို့ ဆက်သွယ်နိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်-
- မြဝတီသတင်းစာတိုက်(နေပြည်တော်)၊ ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ ဖုန်း-၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊ ၀၃၂-၃၀၂၆၂၊ ၀၃၂-၃၀၂၆၄
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ရန်ကုန်)၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ဖုန်း-၀၁၈-၄၀၀၆၉၇၊ ၀၃၁-၇၄၀၂၀၊ ၀၁၈-၃၉၇၃၃၁၊ ၀၃၁-၇၄၀၂၂
- မြဝတီသတင်းစာတိုက်ရုံးခွဲ(မန္တလေး)၊ ၈၄လမ်း၊ ၂၉×၃၀လမ်းကြား၊ ၀၉-၆၈၈၈၈၁၅၅၈
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ကျိုင်းတုံ)၊ လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့၊ ဖုန်း-၀၃၄-၇၃၆၀၁၊ ၀၉-၂၅၀၅၅၆၆၃၈
- Online ဖြင့်လည်း E-mail: mwddailynewspapergroup@gmail.com သို့ ဆက်သွယ်ကြော်ငြာထည့်သွင်းနိုင်ပါသည်။

**ပျောက်ဆုံးကြောင်း**

ကချင်ပြည်နယ်၊ လွယ်ကျယ်မြို့နေ ဦးရှော်လန့်(ဘ)ဦးတဲ့လျန် ၁/လဂန(နိုင်)၀၀၄၄၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 513767)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၄၈၉၉၉၈၈

# ဆေးတက္ကသိုလ်(တောင်ကြီး)ပါမောက္ခချုပ်တံခွန်စိုက်ဖလား ဘောလုံးပြိုင်ပွဲကျင်းပ



တောင်ကြီး ဇွန် ၁၉

ဆေးတက္ကသိုလ်(တောင်ကြီး) ပါမောက္ခချုပ် တံခွန်စိုက်ဖလား ဘောလုံးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင်တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယကနှင့်အဖွဲ့ဝင်များ၊ ပြည်နယ်ဝန်ကြီးများ၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဆေးတက္ကသိုလ်(တောင်ကြီး)ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အခမ်းအနားတွင် ဆေးတက္ကသိုလ် (တောင်ကြီး) ပါမောက္ခချုပ်ဒေါက်တာလှဝင်းမြင့်က ပြိုင်ပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဆေးတက္ကသိုလ်(တောင်ကြီး)ပါမောက္ခချုပ်တံခွန်စိုက်ဖလားဘောလုံးပြိုင်ပွဲအဖွင့်ပွဲစဉ်အဖြစ် Medical Year 1 FC နှင့် Medical Year3 (5/2025) အသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။

အဆိုပါဘောလုံးပြိုင်ပွဲကို ဇွန်လ ၁၈ ရက်မှ ၂၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်းနှင့်ပြိုင်ပွဲတွင် အသင်းခြောက်သင်း ပါဝင်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

**မောင်မောင်သန်း(တောင်ကြီး)**

**➩ ကျောဖုံးမှအဆက်**

တန်းဆင်းခဲ့ရပြီး အင်္ဂလန်ချန်ပီယံရှစ်ပြိုင်ပွဲမှ ဘန်လေအသင်း၊ လိဒ်ယူနိုက်တက်အသင်းနှင့် ဆန်းဒါးလန်းအသင်းတို့က ပရီးမီးယားလိဂ်ပြိုင်ပွဲသို့ တန်းတက်လာခဲ့ကြသည်။

လာမည့် ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် လက်ရှိချန်ပီယံလီဗာပူးအသင်း၊ ဘုန်းမောက်၊ အာဆင်နယ်၊ အက်စ်တွန်ဗီလာ၊ ဘရန့်ဖို့ဒ်၊ ဘရိုက်တန်၊ ဘန်လေ၊ ချယ်လ်ဆီး၊ ခရစ္စတယ်ပဲလေ့စ်၊ အဲဗာတန်၊ ဖူလ်ဟမ်၊ လိဒ်ယူနိုက်တက်၊ မန်စီးတီး၊ မန်ယူ၊ နယူးကာဆယ်၊ နော်တင်ဟမ်၊ ဆန်းဒါးလန်း၊ စပါး၊ ဝက်စ်ဟမ်းနှင့် ဝုဗ်အသင်းစုစုပေါင်းအသင်းပေါင်း ၂၀ ဖြင့်ကျင်းပမည်ဖြစ်ပြီး လက်ရှိချန်ပီယံ လီဗာပူးအသင်းအနေဖြင့် ပွဲစဉ်(၁) အဖွင့်ပွဲစဉ်တွင် ဘုန်းမောက်အသင်းနှင့် ကစားရမည်ဖြစ်သည်။

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁)အဖွင့်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ လီဗာပူးအသင်းနှင့် ဘုန်းမောက်အသင်းတို့က ဩဂုတ်လ ၁၆ ရက်တွင် စတင်ကစားမည်ဖြစ်ပြီး အဆိုပါပွဲစဉ်အပြီး ဩဂုတ်လ ၁၆ ရက်တွင် အက်စ်တွန်ဗီလာအသင်းနှင့် နယူးကာဆယ်အသင်း၊ ဘရိုက်တန်အသင်းနှင့် ဖူလ်ဟမ်အသင်း၊ နော်တင်ဟမ်အသင်းနှင့် ဘရန့်ဖို့ဒ်အသင်း၊ ဆန်းဒါးလန်းအသင်းနှင့် ဝက်စ်ဟမ်းအသင်း၊ စပါးအသင်းနှင့် ဘန်လေအသင်း၊ ဝုဗ်အသင်းနှင့် မန်စီးတီးအသင်းတို့ကစားရမည်ဖြစ်သည်။

ဩဂုတ်လ ၁၇ ရက်တွင် ချယ်လ်ဆီးနှင့် ခရစ္စတယ်ပဲလေ့စ်အသင်း၊ မန်ယူနှင့်အာဆင်နယ်အသင်း၊ ဩဂုတ်လ ၁၉ ရက်တွင် လိဒ်ယူနိုက်တက်အသင်းနှင့်အဲဗာတန်အသင်းတို့ ကစားရမည်ဖြစ်သည်။

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲကို (၃၄)ကြိမ်မြောက်အဖြစ် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

***Ref;Fotmob***

# တားမြစ်ဆေးသုံးစွဲမှုဖြင့် မူဒရစ် လေးနှစ်ပွဲပယ်ပြစ်ဒဏ် ချမှတ်ခံရရန်နီးစပ်နေ

လန်ဒန် ဇွန် ၁၉

ချယ်လ်ဆီးအသင်းတောင်ပံကစားသမား မူဒရစ်သည် တားမြစ်ဆေးသုံးစွဲမှုဖြင့် ကာလရှည်ပွဲပယ်ပြစ်ဒဏ်ဖြစ်သည့် လေးနှစ်ပွဲပယ်ပြစ်ဒဏ်ချမှတ်ခံရရန်နီးစပ်နေကြောင်း သိရသည်။

မူဒရစ်သည် ပြီးခဲ့သည့်ဘောလုံးရာသီက တားမြစ်ဆေးသုံးစွဲသည့်စွဲချက်ဖြင့် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်က စွဲချက်တင်ထားပြီး စစ်ဆေးမှုများလုပ်ဆောင်နေသည့်အတွက် ဘောလုံးကစားခွင့်ပိတ်ပင်ခံထားရခြင်းဖြစ်သည်။

မူဒရစ်၏ တားမြစ်ဆေးသုံးစွဲသည့်စွဲချက်ကို အင်္ဂလန်နိုင်ငံဘောလုံးအဖွဲ့ချုပ်က မကြာမီအပြီး စစ်ဆေးသွားမည်ဖြစ်ပြီး စစ်ဆေးတွေ့ရှိကြောင်း ထင်ရှားမည်ဆိုပါက လေးနှစ်ပွဲပယ်ပြစ်ဒဏ်ချမှတ်ခံရမည်ဖြစ်သည်။

မူဒရစ်ကဲ့သို့ပင် ပြီးခဲ့သည့်ဘောလုံးရာသီက ဂျူဗင်တပ်စ်အသင်းကွင်းလယ်ကစားသမား ပေါ့ဘာသည် တားမြစ်ဆေးသုံးစွဲသည့်အမှုဖြင့် လေးနှစ်ပွဲပယ်ပြစ်ဒဏ်ချမှတ်ခံခဲ့ရသော်လည်း အယူခံဝင်ရောက်ရာတွင် အောင်မြင်မှုရရှိခဲ့သည့်အတွက် ၁၈ လ ပွဲပယ်ပြစ်ဒဏ်ပြောင်းလဲချမှတ်ခံရပြီး ယခုအခါတွင်လည်း မူဒရစ်အနေဖြင့် ပေါ့ဘာကဲ့သို့ ပြစ်ဒဏ်ချမှတ်ခံရဖွယ်ရှိကြောင်း သိရသည်။

***Ref;Fabrizio Romano***

# ရီးယဲလ်မက်ဒရစ်အသင်းက လူငယ်တိုက်စစ်ကစားသမား ဘရာဟမ်ဒီယက်ဇ်ကို ကာလရှည်သက်တမ်းတိုးစာချုပ်ချုပ်ဆိုမည်

မက်ဒရစ် ဇွန် ၁၉

ရီးယဲလ်မက်ဒရစ်အသင်းက လူငယ်တိုက်စစ်ကစားသမား ဘရာဟမ်ဒီယက်ဇ်ကို ကာလရှည်သက်တမ်းတိုးစာချုပ်ချုပ်ဆိုမည်ကြောင်း သိရသည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် အသင်းကို ထိပ်တန်းလူငယ်ကစားသမားအများစုနှင့်စုဖွဲ့ပြီး ကြယ်စင်စုအသင်းတစ်သင်းအဖြစ် တည်ဆောက်လျက်ရှိပြီး ထိပ်တန်းလူငယ်ကစားသမားအများစုကို ခေါ်ယူထားကာ အသင်းမှ ထိပ်တန်းလူငယ်ကစားသမားများကိုလည်း ကာလရှည်စာချုပ်ချုပ်ဆိုပြီး ထိန်းထားသကဲ့သို့ ယခုအခါတွင်လည်း ဘရာဟမ်ဒီယက်ဇ်ကို ကာလရှည်သက်တမ်းတိုးစာချုပ်ချုပ်ဆိုပြီး အသင်းတွင် ထိန်းထားရန် ပြင်ဆင်နေခြင်းဖြစ်သည်။

ဘရာဟမ်ဒီယက်ဇ်သည် မန်စီးတီးအသင်း အကယ်ဒမီထွက် ကစားသမားတစ်ဦးဖြစ်သော်လည်း အသင်းတွင် ပွဲအနည်းငယ်သာပါဝင်ကစားခွင့်ရရှိခဲ့ပြီး ၂၀၁၉ ခုနှစ်က ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

ဘရာဟမ်ဒီယက်ဇ်သည် ရီးယဲလ်မက်ဒရစ်အသင်းတွင် ကစားသမားအစပိုင်းက ပွဲကစားခွင့်အနည်းငယ်သာရရှိခဲ့ပြီး ၂၀၂၀ ပြည့်နှစ်က အငှားစာချုပ်ဖြင့် အေစီမီလန်အသင်းထံပြောင်းရွှေ့ကစားခဲ့ကာ အေစီမီလန်အသင်းတွင် အငှားစာချုပ်ဖြင့် သုံးရာသီကစားခဲ့ရာ ခြေစွမ်းပြကစားနိုင်ခဲ့သည့်အတွက် ၂၀၂၃ ခုနှစ်က ရီးယဲလ်မက်ဒရစ်အသင်းက ပြန်လည်ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဘရာဟမ်ဒီယက်ဇ်သည် အသင်းနှင့်ပြန်လည်ပူးပေါင်းပြီးနောက် အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့သည့်အတွက် ကာလရှည်သက်တမ်းတိုးစာချုပ်ချုပ်ဆိုမည်ဖြစ်ကြောင်း သိရသည်။ ***Ref;Fabrizio Romano***




# စပါးအသင်းက ရာသီကြိုခြေစမ်းပွဲမတိုင်မီ အသင်းခေါင်းဆောင် ဆွန်ယောင်မင်ကို အသင်းမှထွက်ခွာရန်ခွင့်ပြုမည်မဟုတ်ဘဲ ခြေစမ်းပွဲပြီးမှသာရောင်းချရန် ဆုံးဖြတ်ထား

လန်ဒန် ဇွန် ၁၉

စပါးအသင်းက အသင်းမှထွက်ခွာဖွယ်ရှိနေသည့် အသင်းခေါင်းဆောင် ဆွန်ယောင်မင်ကို ရာသီကြိုခြေစမ်းပွဲစဉ်မတိုင်မီ အသင်းမှထွက်ခွာရန်ခွင့်ပြုမည် မဟုတ်ဘဲ ရာသီကြိုခြေစမ်းပွဲပြီးမှသာ အသင်းမှ ရောင်းချရန်ဆုံးဖြတ်ထားကြောင်း သိရသည်။

အသက် ၃၃ နှစ်အရွယ် ဆွန်ယောင်မင်သည် ၂၀၁၅ ခုနှစ်က လေဗာကူဆင်အသင်းမှ စပါးအသင်းသို့ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး နောက်ပိုင်းဘောလုံးရာသီများတွင် အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ကာ အဓိကကစားသမားအဖြစ် ပါဝင်နေသူဖြစ်သည်။

ဆွန်ယောင်မင်သည် စပါးအသင်းတိုက်စစ်ပိုင်းတွင် ပြီးခဲ့သည့်ဘောလုံးရာသီများ၌ အသင်းဖော်ဟောင်း လက်ရှိဘိုင်ယန်မြူးနစ်အသင်း တိုက်စစ်ကစားသမား ဟယ်ရီကိန်းနှင့် အကောင်းဆုံးတွဲဖက်ပြီး ခြေစွမ်းပြနိုင်ခဲ့သကဲ့သို့ စပါးအသင်းမှ ဟယ်ရီကိန်းထွက်ခွာသွားချိန်တွင်လည်း အသင်းခေါင်းဆောင်တစ်ဦးအဖြစ် အသင်းတိုက်စစ်ပိုင်းကို အကောင်းဆုံးဦးဆောင်နိုင်ခဲ့သူဖြစ်သည်။

စပါးအသင်းနှင့် ဟယ်ရီကိန်းတို့ စာချုပ်သက်တမ်းမှာ တစ်နှစ်သာကျန်ရှိတော့ပြီး ဆွန်ယောင်မင်က အနည်းဆုံး နှစ်နှစ်သက်တမ်းတိုးစာချုပ်ချုပ်ဆိုလိုသော်လည်း စပါးအသင်းက တစ်နှစ်သက်တမ်းတိုးစာချုပ်ချုပ်ဆိုလိုနေခြင်းဖြစ်သည့်အတွက် ဆွန်ယောင်မင်က လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာဖွယ်ရှိနေခြင်းဖြစ်သည်။

သို့သော် စပါးအသင်းသည် အသင်းဝင်ငွေအများအပြားရရှိရန် လာမည့်ရာသီကြိုခြေစမ်းပွဲခရီးစဉ်ကို အာရှဒေသသို့ထွက်ခွာမည်ဖြစ်ပြီး ဆွန်ယောင်မင်၏ ပုံရိပ်ကိုအသုံးချကာ အာရှဒေသမှနိုင်ငံများနှင့် ဆွန်ယောင်မင်၏ တောင်ကိုရီးယားနိုင်ငံသို့လည်း သွားရောက်မည်ဖြစ်သည့်အတွက် ရာသီကြိုခြေစမ်းပွဲပြီးမှသာ ဆွန်ယောင်မင်ကိုထွက်ခွာခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

***Ref;Goal.com***

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၁၉

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဇွန်လ ၁၇ ရက်**တွင် အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ(၃)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့်လုပ်ငန်းသုံးပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၄၁၁၈၆၄၇၀)ကိုလည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာ(၁၆) လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁၀၂)မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅၆၀၈၁၀၈၅)ကိုလည်းကောင်း၊ **ဇွန်လ ၁၈ ရက်**တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ Singapore Airlines လေယာဉ်ခရီးစဉ်အမှတ် SQ-762/ SF - 5799 ဖြင့် စင်္ကာပူနိုင်ငံမှ မြန်မာနိုင်ငံသို့လိုက်ပါလာသည့်မြန်မာနိုင်ငံသားခရီးသည် တစ်ဦး၏ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၀၀၀၀၀)ကိုလည်းကောင်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့မောင်းနှင်လာသည့်မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၉၆၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Condor Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကို လည်းကောင်း၊ အမှတ်(၂) လမ်းမကြီး၊ လေးထောင့်ကန် Max ဆီဆိုင်အနီး၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့်မော်တော်ယာဉ်(၁)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၆)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၃၃၈၅၀၀)နှင့်အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Dong Feng Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀)ကို လည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၀၁၆၆၀၅၅)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**ဇွန်လ ၁၈ ရက်**တွင် နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲ မှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပျဉ်းမနားခရိုင် ဇမ္ဗူသီရိ မြို့နယ်အတွင်း၌ တရားမဝင် ကျွန်းသစ် (၀ ဒသမ ၅၀၂)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၂၂၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲ မှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြိတ်မြို့ ရှမ်းချောင်းလမ်းမကြီး AST ဆီဆိုင်အနီး၌ မြိတ်မြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့်မော်တော်ယာဉ်(၁)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၃)မျိုး၊ လူသုံးကုန်ပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၃၈၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Zhong Tong Bus (၁)စီး(ခန့်မှန်းတန်ဖိုးငွေကျပ်၁၁၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၅၃၈၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ညောင်လေးပင်ခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ်(၁ ဒသမ ၂၀၅)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၆၀၄၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျွဲတပ်ဆုံစစ်ဆေးရေးဂိတ်၌ မန္တလေးမြို့မှတောင်ကြီးမြို့သို့သွားရောက်မည့် မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁၆)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၃၈၉၃၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀၀)ကိုလည်းကောင်း၊ ကျောက်ဆည်မြို့ မြို့ရှောင်လမ်း၊ ဝင်းထက်ဆီဆိုင်အနီး၌ အေးသာယာမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၈)မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၅၂၃၆၂၅၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၆၆၂၅၅၅၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါသည်။

**ဇွန်လ ၁၈ ရက်**တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ် (၁၂)စီးနှင့် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် (၅၉)စီး ဖမ်းဆီးရမိခဲ့ပြီးသက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇွန်လ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၈) မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၃၆၇၄၂၀၅)**ကို ဖမ်းဆီးရမိခဲ့ပါသည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့်အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့်ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေပါသဖြင့် တရားမဝင်ကုန်သွယ်မှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသတင်းရရှိသည်။ **မြဝတီ**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဇွန် ၁၉

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၈ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Zue Zue Min Htet" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်၊ ပြည်မြို့၊ ရွာဘဲရပ်ကွက်နေ ဇူးဇူးမင်းထက်အား နံနက် ၁၀ နာရီ ၅ မိနစ်တွင်လည်းကောင်း၊ "Phyo Nyi" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်နေ ဖြိုးညီညီ(ခ) ဖက်တီးနှင့် လက်ကိုင်ဖုန်းအတွင်း လှုံ့ဆော်ဝါဒဖြန့်သည့် ဗီဒီယိုဖိုင်များသိမ်းဆည်းထားသူ စောလှနိုင်တို့နှစ်ဦးအား မွန်းလွဲ ၁၂ နာရီ ၂၀ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

### ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၀-၆-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၆၀ | ၃၀၇၀ | ၃၀၄၀ | ၂၉၇၅ | ၃၀၈၀ | ၃၀၉၅ | ၃၁၁၀ | ၃၀၃၀ | ၄၅၀၅ | ၃၃၂၅ | ၃၀၄၅ | ၃၀၅၀ | ၃၁၂၀ | ၃၀၈၅ | ၃၁၀၅ | ၃၃၆၀ |
| 95 Ron | ၃၀၃၀ | ၃၁၄၅ | ၃၁၁၀ | ၃၀၄၅ | ၃၁၅၀ | ၃၁၆၅ | ၃၁၈၅ | ၃၁၀၅ | ၄၅၆၀ | ၃၃၉၅ | ၃၁၂၀ | ၃၁၂၀ | ၃၁၉၀ | ၃၁၅၅ | ၃၁၈၀ | ၃၄၃၅ |
| HSD (500 ppm) | ၂၅၀၀ | ၂၆၁၅ | ၂၅၈၀ | ၂၅၁၅ | ၂၆၂၀ | ၂၆၃၅ | ၂၆၅၅ | ၂၅၇၀ | - | ၂၈၆၅ | ၂၅၉၀ | ၂၅၉၀ | ၂၆၆၀ | ၂၆၂၅ | ၂၆၅၀ | ၂၉၀၅ |
| HSD (50 ppm) | ၃၁၀၀ | ၃၂၁၅ | ၃၁၈၀ | ၃၁၁၅ | ၃၂၂၀ | ၃၂၃၅ | ၃၂၅၅ | ၃၁၇၀ | ၄၈၃၀ | ၃၄၆၅ | ၃၁၉၀ | ၃၁၉၀ | ၃၂၆၀ | ၃၂၂၅ | ၃၂၄၅ | ၃၅၀၅ |
| HSD (10 ppm) | ၃၁၀၀ | ၃၂၁၅ | ၃၁၈၀ | ၃၁၁၅ | ၃၂၂၀ | ၃၂၃၅ | ၃၂၅၅ | ၃၁၇၀ | - | ၃၄၆၅ | ၃၁၉၀ | ၃၁၉၀ | ၃၂၆၀ | ၃၂၂၅ | ၃၂၄၅ | ၃၅၀၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၉၀ | ၂၈၈၀ |
| 95 Ron | ၂၈၆၀ | ၂၉၅၂ |
| HSD (500 ppm) | ၂၃၄၇ | ၂၄၂၄ |
| HSD (50 ppm) | ၂၉၂၉ | ၃၀၀၇ |
| HSD (10 ppm) | ၂၉၂၉ | ၃၀၀၇ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါပစ္စည်း/လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်း/လုပ်ငန်းအမည် |
|---|---|---|
| ၁ | ၁၅၁/မမ/CE | Angle(75mm x 75mm x 9mm x 6m)(10,008)Meter ဝယ်ယူရန် |
| ၂ | ၁၅၂/မမ/CE | Angle ဆိုဒ်စုံ(၄)မျိုး(4,686)Meter ဝယ်ယူရန် |
| ၃ | ၁၅၃/မမ/CE | **ရန်ကုန်-မန္တလေးရထားလမ်းအဆင့်မြှင့်တင်ရေးစီမံကိန်း၊** မလွကုန်းယာဒ်ဝင်းအတွင်းDEMU တွဲဆိုင်းများထားရှိမည့်နေရာတွင် အုတ်ခြံစည်းရိုးကာရံခြင်းလုပ်ငန်း(၂၇၀၀ပေ) |
| ၄ | ၁၅၄/မမ/CE | **ရန်ကုန်မြို့ပတ်ရထားလမ်းအဆင့်မြှင့်တင်ရေးစီမံကိန်း၊** မလွကုန်းဘူတာနှင့် ပုဇွန်တောင်ဘူတာကြားတွင်(Steel Structure, Walkway, Steel structure Roofing, RC Short Column & Foundation)လူကူးခုံးကျော်တံတား(FOB)အသစ်တည်ဆောက်ခြင်းလုပ်ငန်း |
| ၅ | ၁၅၅/မမ/CE | အင်းစိန်မြို့ပတ်ဒီဇယ်စက်ခေါင်းစက်ရုံ(DRC) တွင် 6' RC Box Culvert တံတားတည်ဆောက်ခြင်းလုပ်ငန်း |
| ၆ | ၁၅၆/မမ/CE | ကြည့်မြင်တိုင်ဘူတာနှင့် ဟံသာဝတီဘူတာကြားတွင်(Steel Structure Main Girder & Post, Walk Way & Handrail, Steel Stair & RC Step, RC Short Column & RC Foundation)သံတံတား လူကူးခုံးကျော်တံတား(FOB)တည်ဆောက်ခြင်းလုပ်ငန်း |
| ၇ | ၁၅၇/မမ/CE | တိုင်း(၃)မန္တလေး၊ တိုင်းအမှတ်(၃)မန္တလေးနယ်မြေစမုံ-သပြေတောင်းကြား၊ တံတားအမှတ်(၆၉၁) တံတားအသစ်တည်ဆောက်ခြင်းလုပ်ငန်း(3 x 30M + 1 x 21M)Span **(နှစ်ဆက်လုပ်ငန်း)** |

တင်ဒါပိတ်မည့်နေ့/အချိန် - အမှတ်စဉ်(၁)(၆)အထိ (၄-၇-၂၀၂၅)နေ့လယ်(၂:၃၀)နာရီ
အမှတ်စဉ်(၇) (၂၁-၇-၂၀၂၅)နေ့လယ်(၂:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၂၀-၆-၂၀၂၅)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

**ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း 294352, 291994**

### ပျောက်ဆုံးကြောင်း
ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်နေ ဦးသန့်ဇင်(ဘ)ဦးဝင်းဌေး ၁၂/ဥကမ(နိုင်)၁၅၈၅၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 825064)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၃၀၇၅၀၇၁

### မတည်ငွေရင်းလျှော့ချမည်ဖြစ်ကြောင်းကြေညာခြင်း
TMT Future Co.,Ltd.(Reg No. 126507429)၏ မတည်ငွေရင်းလျှော့ချရန်အတွက် အစုရှယ်ယာရှင်များ၏ အထွေထွေအစည်းအဝေးတစ်ရပ်အား ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ဒါရိုက်တာအဖွဲ့**
**TMT Future Co.,Ltd.**

### ပျောက်ဆုံးကြောင်း
ဒေါ်ဆုန်ခွန်(ဘ)ဦးကီယိုနှင်း ၄/ထတလ(နိုင်)၀၀၂၀၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၆၀၇၀၅၇၂၄

### ပျောက်ဆုံးကြောင်း
ပြည့်ဖြိုးမောင်(ဘ)ဦးကြည်လွင် ၁၂/လကန(နိုင်)၂၃၉၁၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၈၈၈၁၇၄၂

### ပျောက်ဆုံးကြောင်း
ဇင်မာဝင်း(ဘ)ဦးမောင်ခင်ဝင်း ၁၁/ကဖန(နိုင်)၀၉၁၀၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၂၀၂၆၁၄

### ပျောက်ဆုံးကြောင်း
အေးသန္တာလင်း(ဘ)ဦးရဲလင်းအောင် ၉/တသန(နိုင်)၂၇၅၂၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 938648)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၅၈၉၉၁၅၃၁

### ပျောက်ဆုံးကြောင်း
စောနိုင်(ဘ)ဦးစိန်မောင်တင့် ၈/နမန(နိုင်)၁၁၁၈၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 125501)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၀၄၂၀၈၅

### ပျောက်ဆုံးကြောင်း
ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့၊ တံခွန်တိုင်ကျေးရွာနေ စောအဲဗိုနီ(ဘ)စောသေသာထူး ၁၄/မမန(နိုင်)၃၀၇၄၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၈၆၆၆၄၄၆

### ပျောက်ဆုံးကြောင်း
မြတ်ကိုကို(ဘ)ဦးသူရစိုး ၁၂/ရပသ(နိုင်)၀၅၂၅၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
စိုင်းကျော်မျိုးထက်(ဘ)ဦးတောက်ထွန်း ၁၃/တကန(နိုင်)၁၉၆၄၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၆၀၀၁၆၉၇၅

### ပျောက်ဆုံးကြောင်း
အောင်မြင့်ဦး(ဘ)ဦးစိုးမြင့် ၁၂/သလန(နိုင်)၁၁၄၇၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၁၅၂၀၇၂၇

### ပျောက်ဆုံးကြောင်း
သောဘနညဏီ(ဘ)ဦးကြည်လွင် ၁၂/အစန(သီ)၀၀၄၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၅၉၉၃၁၀၈

### ပျောက်ဆုံးကြောင်း
မျိုးညွန့်စိုး(ဘ)ဦးစိုးအောင် ၃/ဘဂလ(နိုင်)၀၀၃၀၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၅၂၀၈၅၀၆

### ပျောက်ဆုံးကြောင်း
ဝင်းအောင်(ဘ)ဦးတင်အောင် ၁၂/ဗတထ(နိုင်)၀၀၅၂၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၃၉၉၀၀၆၆

### ပျောက်ဆုံးကြောင်း
ကြည်ကြည်အောင်(ဘ)ဦးစောအောင် ၁၄/ပသန(နိုင်)၀၁၃၂၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ မေတ္တာကုန်းအုပ်စု၊ တောင်စိန်(၇)နေ ခိုင်ခိုင်ဦး(ဘ)စောဂျွန်ကဲဒီ ၁၄/အဂပ(နိုင်)၁၅၇၅၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၈၆၆၆၄၄၆

### ပျောက်ဆုံးကြောင်း
ဝေယံဖြိုး(ဘ)ဦးတင်ဦး ၁၀/မလမ(နိုင်)၂၉၇၆၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ကျော်ဖြိုးလွင်(ဘ)ဦးဌေးလွင်၁၂/ကမတ(နိုင်)၀၅၇၉၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၂၂၀၅၆၉

### ပျောက်ဆုံးကြောင်း
ဘွဲ့ကြိုးဘိခ်(ဘ)ဦးရောဘတ် ၅/ကလထ(နိုင်)၂၉၃၄၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၀၀၃၁၀၆၈၃

### ပျောက်ဆုံးကြောင်း
ရွှေလှိုင်(ဘ)ဦးသိန်းလွင် ၉/ရမသ(နိုင်)၂၀၆၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၆၃၀၃၆၇၈၄

### ပျောက်ဆုံးကြောင်း
မျိုးမင်းသိန်း(ဘ)ဦးသိန်းဇံ ၁၂/လကန(နိုင်)၁၇၀၈၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၉၇၀၉၁၆၀

### ပျောက်ဆုံးကြောင်း
နော်ဖောဖောထူး(ဘ)စောဘွယ်မူး ၇/ထတပ(နိုင်)၁၃၄၁၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၈၆၉၈၃၀၅၈

### ပျောက်ဆုံးကြောင်း
ဇေယျာမင်း(ဘ)ဦးအုန်းငွေ ၇/ပမန(နိုင်)၁၅၉၇၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၃၃၉၉၄၆၈

### ဖခင်အမည်မှန်
ရေစကြိုမြို့နယ်၊ ဆင်ချောင်း အ.ထ.က G-11 မှ မနှင်းသန့်မွန်၊ G-3 မှ မယဉ်ရှုပါချော၊ KG မှ မောင်သူ့ထက်စံ၊ ပခုက္ကူမြို့(စက်/စိုက်/မွေး)ကျောင်းမှ မနေခြည်လင်းလက်၊ မရွှေရည်ဝင်းလက်တို့၏ဖခင်အမည်မှန်မှာ ၈/ရစက(နိုင်)၁၂၉၇၇၁ အရ ဦးဆန်းဝင်းခိုင်ဖြစ်ပါကြောင်း။ **ဦးဆန်းဝင်းခိုင်**

### ပျောက်ဆုံးကြောင်း
ပြင်ဦးလွင်မြို့နယ်နေ မရွှေရည်ဝင်း(ဘ)ဦးအန်းယိုင် ၉/ပဥလ(နိုင်)၀၅၉၅၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 555535)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

### ပျောက်ဆုံးကြောင်း
စုဝေကျော်(ဘ)ဦးမောင်ဦး ၉/မခန(နိုင်)၂၃၂၆၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 787602)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
မြနှင်းဝေ(ဘ)ဦးခင်မောင်ဆန်း ၈/တတက(နိုင်)၂၂၀၇၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
အောင်ကျော်ကျော်(ဘ)ဦးမောင်ဟုတ်(ခ)အေးချမ်းလင်း ၁၂/ဗဟန(နိုင်)၀၉၀၈၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
အောင်မျိုးလင်း(ဘ)ဦးမြင့်ငွေ ၇/ဒဥန(နိုင်)၁၀၈၆၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 925019)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၈၈၂၇၇၉၈၁

### ပျောက်ဆုံးကြောင်း
မေမြတ်နိုးဝေ(ဘ)ဦးဌေးလင်း ၅/ဒပယ(နိုင်)၁၃၁၆၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၆၀၉၅၂၀၄၉

### ပျောက်ဆုံးကြောင်း
ကျော်မြင့်(ဘ)ဦးဇော်သိန်း ၁၂/လကန(နိုင်)၁၉၇၈၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၀၃၀၉၂၇

### ပျောက်ဆုံးကြောင်း
ဥာဏဘာသ(ဘ)ဦးဝင်းမြင့် ၉/ခမစ(သ)၀၀၄၄၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၇၇၉၀၃၂၄

### ပျောက်ဆုံးကြောင်း
အိမ့်စုမြတ်စံ(ဘ)ဦးစံညွန့် ၆/ပလန(နိုင်)၀၉၇၇၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၅၇၃၉၉၀၆၃

### ပျောက်ဆုံးကြောင်း
နုနုဝင်း(ဘ)ဦးကျော်သောင်း ၁၁/သတန(နိုင်)၀၀၂၉၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၉၂၂၃၈၇၄

### ပျောက်ဆုံးကြောင်း
ပြည့်စုံအောင်(ဘ)ဦးမြင့်ဇော်ဌေး ၈/တတက(နိုင်)၂၇၃၈၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 933413)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၈၄၂၁၅၁၆၄

### ပျောက်ဆုံးကြောင်း
ဇော်ဝေဖြိုး(ဘ)ဦးတင်မောင်အေး ၈/ပခက(နိုင်)၃၃၈၁၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### တစ်ဦးတည်းဖြစ်ပါကြောင်း
ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ ဇရပ်ကွင်းကျေးရွာ၊ အ.လ.က(ဇရပ်ကွင်း)ကျောင်း၌ Grade-8 မှ ကျောင်းဝင်အမှတ်-၀၀၄၈ မတာတာလင်း၏ဖခင် ဦးကျော်လှိုင်(ခ)ဦးကျော်လင်း ၁၂/လကန(နိုင်)၁၄၈၃၃၉ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးကျော်လှိုင်(ခ)ဦးကျော်လင်း**

### ပျောက်ဆုံးကြောင်း
ဒေးဒရဲမြို့နယ်နေ ဦးဇော်ဝင်းထွန်း(ဘ)ဦးအုံးကြိုင် ၁၄/ဒဒရ(နိုင်)၁၂၉၆၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

### ပျောက်ဆုံးကြောင်း
အေးအေးမြင့်(ဘ)ဦးလှအေး ၁၃/တကန(နိုင်)၃၀၂၈၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ပြည်သိမ်း(ဘ)ဦးကျော်ငြိမ်း ၁၂/ဥကတ(နိုင်)၀၀၂၃၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၀၇၉၀၀၄

### ပျောက်ဆုံးကြောင်း
နှင်းမိုးဆန်း(ဘ)ဦးဦးသောင်းချေ ၁၁/မပတ(နိုင်)၁၁၆၀၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
စောမျိုးချစ်(ဘ)ဦးစောတင် ၃/ဘအန(နိုင်)၁၄၆၄၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(767498)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
တံပေါက်ရှမ်(ဘ)ဦးထုံဝမ်တ ၁၃/လရန(နိုင်)၀၉၃၅၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၈၃၈၃၀၃၁

### ပျောက်ဆုံးကြောင်း
မပရီဆန်(ဘ)ဦးခွန်အောင် ၁၂/အလန(နိုင်)၀၄၅၇၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၀၆၁၃၇၉

### ပျောက်ဆုံးကြောင်း
ကာရန်(ဘ)ဦးသန်းဇော် ၇/သနပ(နိုင်)၁၈၃၂၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၆၃၇၆၄၀၉၆

### ပျောက်ဆုံးကြောင်း
တင်မာလာအေး(ဘ)ဦးစိန်မြင့် ၁၄/ဘကလ(နိုင်)၁၅၆၅၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၆၀၅၄၆၈၅၀

### ပျောက်ဆုံးကြောင်း
ချိုချို(ဘ)ဦးကံမြင့် ၇/ညလပ(နိုင်)၀၆၂၀၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၁၁၁၄၂၃၆

### ပျောက်ဆုံးကြောင်း
သန်းသန်းရီ(ဘ)ဦးထွန်းကြိုင် ၈/မဘန(နိုင်)၁၂၀၆၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 673042)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ မဟာဗောဓိလမ်း၊ အမှတ်(၂၂)နေ ဇေယျာအောင်(ဘ)ဦးတင်အောင်(ခ)အဗ္ဗဒူလ်ကပါ ၁၂/စခန(နိုင်)၀၆၅၈၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၀၄၄၀၆၈

### တစ်ဦးတည်းဖြစ်ပါကြောင်း
တောင်ငူမြို့နယ်၊ အရှေ့ဆင်ကျေးရွာအုပ်စု၊ နောင်ချိုကျေးရွာနေ မအေးမိုး ၇/တငန(နိုင်)၀၆၉၇၉၇ ၏ဖခင်အမည် ဦးတင်ညိမ်းနှင့် ဦးတင်ငြိမ်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးတင်ညိမ်း(ခ)ဦးတင်ငြိမ်း**

### ပျောက်ဆုံးကြောင်း
သန်းသန်းဌေး(ဘ)ဦးစံထွန်း ၁၂/သဃက(နိုင်)၁၃၄၉၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ဖြိုးသန့်ကျော်(ဘ)ဦးစိန်မြင့် ၉/ငဇန(နိုင်)၁၂၄၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
သက်ထက်ဇွန်(ဘ)ဦးသန်းဌေး ၁၂/ဥကတ(နိုင်)၁၇၁၀၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ကျော်ဝင်းလှိုင်(ဘ)ဦးတင်လှိုင် ၁၂/အစန(နိုင်)၂၀၄၇၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
သက်ပိုင်အောင်(ဘ)ဦးစိုးအောင် ၇/ပတန(နိုင်)၁၃၃၆၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၈၃၀၆၄၂၂

### ပျောက်ဆုံးကြောင်း
ခင်မောင်လှိုင်(ဘ)ဦးမောင်သိန်း ၁၂/ရကန(နိုင်)၀၅၉၂၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၈၉၆၄၁၁၂

### ပျောက်ဆုံးကြောင်း
ချစ်စိုး(ဘ)ဦးစိုးကြည် ၁၂/တကန(နိုင်)၁၇၁၆၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၃၄၁၇၉၄၆

### ပျောက်ဆုံးကြောင်း
စကျော်သူလွင်(ဘ)ဦးဝင်းလွင် ၁၄/ဝခမ(နိုင်)၁၉၉၃၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၇၃၀၇၄၂၇

### ပျောက်ဆုံးကြောင်း
ယုစန္ဒာ(ဘ)ဦးတင့်လွင် ၉/တသန(နိုင်)၂၁၇၉၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 450070)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၈၂၆၃၈၀၆၂

### ပျောက်ဆုံးကြောင်း
စန်းမင်းထွန်း(ဘ)ဦးဘိုးတင့် ၈/မဘန(နိုင်)၀၉၅၆၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 673831)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၅၁၀၆၁၈၂၀


### ပျောက်ဆုံးကြောင်း
ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သာခုအရှေ့ရပ်ကွက်၊ ဗိုလ်စောဦးလမ်း၊ အမှတ်(၂၉)နေ ဒေါ်အုံးမြ(ဘ)ဦးဘရွှေ ၁၂/ပဘတ(နိုင်)၀၁၅၃၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၈၉၁၉၂၀၄

## သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ


MWD
မီဒီယာစင်တာ
ရရှိနိုင်သောဝန်ဆောင်မှုများ
ဗီဒီယို/ရုပ်သံ ရိုက်ကူးထုတ်လုပ်သူများအတွက်...
အရည်အသွေးမြင့် 4K ကင်မရာများတပ်ဆင်ထားသည့် ခေတ်မီ Studio အခန်းများ
အသံဖမ်း Studio များကို ရိုက်ကူးထုတ်လွှင့်သူများအတွက် ငှားရမ်းနိုင်ပါသည်။
ဖျော်ဖြေပွဲများဆောင်ရွက်လိုသူများအတွက်...
LED Screen ပါသည့်ပြဇာတ်ရုံနှင့် 11.1 Sounds System ဖြင့် 4K,3D ရုပ်ရှင်ရုံတို့အား
ဖျော်ဖြေရေးပွဲများအတွက် ငှားရမ်းအသုံးပြုနိုင်ပါသည်။
Meeting Room
Ball Room
Theatre
No.15,Moe Kaung Road, 15th Ward, Bauk Htaw, Yankin Township.
09-680101166,01-4705990,01-4705991,01-4705992
https;//www.facebook.com/Public Media Centre


Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။
ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်း ငွေထုတ်ခြင်း/ ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း
Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊
Internet Bill ပေးဆောင်ခြင်း ၊ E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊
လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)
အငြိမ်းစား လစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။
Myanmar
MOBILE MONEY
Buy
BILL
PAY
ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄


Smart p ®
GENTLEMEN FASHION
Ph : 033-60337~8 , 09-5022324
Fax : 033-60339
E-mail : mehlgarment.pol@gmail.com
Facebook : Smart Smart
Viber : +95-9777585772
Address : Pyin Oo Lwin


Lpm
LANN PYI MARINE
COMPANY LIMITED
AVAILABLE SERVICES
Inland Container Depot
Warehouse Service
Customs Freight Station Service
Trucking Service
Logistic Service
Multi-modal Transportation Services
No. 55/61, Strand Road, Botahtaung Township, Yangon, Myanmar.
Tel. 01 8372879, 8373013 Fax. 095 1 8373011
Email. lannpyi.hq@lpm-myanmar.com, lannpyi.icd@lpm-myanmar.com

❖ **တစ်ဦးချင်း၊ တစ်ယောက်ချင်း၊ တစ်ဖွဲ့ချင်းက အဂတိကိုပယ်ခွာပြီး မိမိကိုယ်တိုင်နှင့် မိမိပတ်ဝန်းကျင်၊ ထိုမှတစ်ဆင့် နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်သာယာအောင် ဝိုင်းဝန်းဆောင်ရွက်သွားကြရန်ဖြစ် . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့တွင် ပြုလုပ်သော အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

# ၂၀၂၅-၂၀၂၆ ပရီးမီးယားလိဂ်ပြိုင်ပွဲကို ဩဂုတ်လ ၁၆ ရက်မှ ၂၀၂၆ ခုနှစ် မေလ ၂၄ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

လန်ဒန် ဇွန် ၁၉

၂၀၂၅-၂၀၂၆ ဘောလုံးရာသီပရီးမီးယားလိဂ်ပြိုင်ပွဲကို ဩဂုတ်လ ၁၆ ရက်မှ ၂၀၂၆ ခုနှစ် မေလ ၂၄ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပွဲစဉ်ဇယားများ ထုတ်ပြန်ကြေညာအပြီး ပွဲစဉ်(၁) အဖွင့်ပွဲစဉ်တွင် လီဗာပူးအသင်းနှင့်ဘုန်းမောက်အသင်းတို့ တွေ့ဆုံနေကြောင်းသိရသည်။

ယခုဘောလုံးရာသီတွင် ပရီးမီးယားလိဂ်ပြိုင်ပွဲမှ လက်စတာအသင်း၊ အစ်ဗ့စ်ချ်အသင်းနှင့် ဆောက်သမ်တန်အသင်းတို့

စာမျက်နှာ ၂၈ ကော်လံ ၁ ⇨



# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

စာ - ၂၉ သို့

## လေဖိအားနည်းရပ်ဝန်း အခြေအနေ

နေပြည်တော် ဇွန် ၁၉

ယနေ့နံနက် ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်တွင် ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်း (Well Marked Low Pressure Area)သည် အနောက်မြောက်ဘက်သို့ရွေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်နှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဂျက်ခမ်းပြည်နယ်သို့ရောက်ရှိကာ လေဖိအားနည်းရပ်ဝန်းအဖြစ် အားလျော့သွားခဲ့ပြီးဖြစ်သည်။ (မိုး/ဇလ)

## အထူးမိုးလေဝသသတင်း


# ဇွန်လ ၂၅ ရက်အတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇွန် ၁၉

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်တွင်ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့်လည်းကောင်း၊ အရှေ့ဘက်မှရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အနောက်ဘက်မှရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း ယနေ့ညမှ ဇွန်လ ၂၅ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊

စာမျက်နှာ ၁၄ ကော်လံ ၄ ❍

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁၉-၆-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂၀-၆-၂၀၂၅ ရက်နေ့မှ ၂၁-၆-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




# အိုလံပစ်နေ့အထိမ်းအမှတ် Myanmar Fight မျိုးဆက်သစ် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကျင်းပမည်

စာ - ၂၆ သို့

SIN MINN
ဆင်မင်းဘိလပ်မြေစက်ရုံအုပ်စု
SINMINN CEMENT FACTORY GROUP
အရည်အသွေးမှာထိပ်ဆင်မင်းတံဆိပ်ဘိလပ်မြေ
ISO 9001 : 2015
CERTIFICATE NO.TH011875
ဆက်သွယ်ရန် - ဖုန်း ၀၉ ၆၆၅၅၀၅၄၄၃၊ ၀၉ ၆၆၇၅၄၄၄၀၉၊ ၀၉ ၆၆၁၃၆၆၁၄၀
E-Mail : scfg.kyaukse@gmail.com

